ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်၊ စနေနေ့ (27-6-2015) (၈၂၄၄)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေါက်တာသန်းဦးအား ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်



နေပြည်တော် ဇွန် ၂၆

**ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီအကြံပေး နာယက(၁) ဒေါက်တာသန်းဦးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်သည်။**(ယာပုံ)

ရှေးဦးစွာ နိုင်ငံတော်သမ္မတက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ဒေါက်တာဦးသန်းဦးသည် ဘဝတစ်လျှောက်လုံး အမျိုးသားပညာရေးကဏ္ဍမြှင့်မားရေးအတွက် ကိုယ်ရောစိတ်ပါ မြှုပ်နှံကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို ဆရာကြီး၏ ထူးခြားသည့်စွမ်းဆောင်မှု မှတ်တမ်းများက သက်သေပြနေပါကြောင်း၊ ဆရာကြီးသည် မြန်မာနိုင်ငံစာတတ်မြောက်ရေးဗဟိုကော်မတီ၏ အတွင်းရေးမှူးအဖြစ် ၁၉၆၄ ခုနှစ်တွင် စတင်ထမ်းဆောင်ခဲ့ပြီး "အ" သုံးလုံး စီမံချက်အပါအဝင် မြန်မာနိုင်ငံစာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုများတွင် အဓိကနေရာက ပါဝင်ခဲ့သူဖြစ်ပါကြောင်း။

မိမိတို့အစိုးရလက်ထက်တွင် ဆရာကြီးသည် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီအကြံပေးအဖွဲ့ နာယက(၁)၊ မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်လျက်ရှိပါကြောင်း။

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆

# မိတ္ထီလာ(မြောက်)ကန်ကြီး ပြန်လည်ပြုပြင်တူးဖော်နေပြီ

ကိုတင်လှိုင်(မိတ္ထီလာ)
ဓာတ်ပုံ - ဆည်မြောင်း



**မိတ္ထီလာ ဇွန် ၂၆**

မိတ္ထီလာကန်သည် မြန်မာနိုင်ငံတွင် အလွန်ထင်ရှားသော ကန်တော်ကြီးဖြစ်သည်။ မြန်မာလူမျိုးတို့ ကလေးအရွယ်မှစ၍ "လူကလေးရဲ့ ချော့စရာ မိတ္ထီလာကန်တော်အောက်က ဖားကောက်ခဲ့ပါ။ ဖားပါရင် တစ်ကောင်ပေးပါ။ မျက်လုံးရယ် ကြောင်တောင်တောင်နဲ့ ဖားကောင်ကသေး" ဟူသော သားချော့တေးကို ကြားဖူးကြသလို မိတ္ထီလာကန်ကိုလည်း သိကြသည်။ မိတ္ထီလာကန်သည် အလျား ခုနစ်မိုင်၊ အနံတစ်မိုင်ခွဲရှိ၍ တောင်ကန်၊ မြောက်ကန်ဟုခေါ်သော ကန်ရေပြင် တစ်ဆက်တည်းရှိသည့် ကန်နှစ်ကန်ကို ဖွဲ့စည်းပေါင်းစပ်ထားသည်။ သာစည်-မြင်းခြံသွား ရထားလမ်း၏ တောင်ဘက်ကို တောင်ကန်ဟုလည်းကောင်း၊ မြောက်ဘက်ကို မြောက်ကန်ဟု လည်းကောင်း ခေါ်ရိုးရှိသည်။ မိတ္ထီလာကန်အား သျှစ်သျှားကန်၊ မထိလာကန်၊ မေတ္တာကန်၊ ရေများကန်၊ ရှည်လျားကန်၊ မင်္ဂလာကန်ဟူ၍ တူးဖော်ပြုပြင်ခဲ့သော ရှေးမင်းအဆက်ဆက်က ခေါ်တွင်သမုတ်ခဲ့ကြသည်။

မိတ္ထီလာကန်၏ အဓိက ရေဝင်ချောင်းများဖြစ်သော မုန်တိုင်ချောင်း၊

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖

SMART စမတ် ရိုလာ ခြင်ဇကာ
ခြင်ဇကာကို မလိုအပ်ချိန်တွင် အောင်ထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်။
သံချေးတက်ခြင်း ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာ ဂလပ်(စ်) ခြင်ဇကာသား
အလူမီနီယံ နှင့် U-PVC တပ်ဆင်ရေး လုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
ရန်ကုန် - 01 450 962
09 431 44178
09 79222 8860
မန္တလေး - 09 2506 38611

ကားမှန် မှန်စပေါ် နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့
မှန်ဒေါက်တာ
ရန်ကုန် 09 4211 51119, 09 4500 54449
မန္တလေး 09 2506 38611, 09 7987 97917

မျက်နှာကျက်
၁၀ ပေပတ်လည် (တစ်ကျင်း) အပြီးအစီး ၇၀၀၀၀ ကျပ် (ပစ္စည်းဖိုး၊ တပ်ဆင်ခ၊ သယ်ယူစရိတ် အားလုံးပါဝင်ပြီး)
အရည်အသွေးကောင်း မျက်နှာကျက်ပြား (2' x 2') T-Bar, L-Bar များကိုသာ သုံးစွဲတပ်ဆင်ပေးသည်။
Ph: 09 730 20031, 09 730 20032

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား လျှို့ဝှက်ဆန္ဒမဲပေးဆုံးဖြတ်မှု ရာခိုင်နှုန်းတွက်ချက်မှု ပြင်ဆင်ဖော်ပြခြင်း

**နေပြည်တော်   ဇွန်   ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ လျှို့ဝှက်ဆန္ဒမဲပေးဆုံးဖြတ်မှုအခြေအနေကို ဇွန် ၂၆ ရက်ထုတ် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများတွင် ဇယား/ဂရပ်တို့ဖြင့် ဖော်ပြခဲ့ပါသည်။

ထိုသို့ဖော်ပြခဲ့ရာတွင် မဲပေးဆုံးဖြတ်မှု ရာခိုင်နှုန်းအား တက်ရောက်ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ် ၅၈၃ ဦးအပေါ် မူတည်၍ ထောက်ခံမဲနှင့် ကန့်ကွက်မဲရာခိုင်နှုန်းများကို ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၄၃၆(က) တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) ပုဒ်မ ၁ မှ ၄၈ အထိ၊ အခန်း(၂) ပုဒ်မ ၄၉ မှ ၅၆ အထိ၊ အခန်း(၃) ပုဒ်မ ၅၉၊ ၆၀၊ အခန်း(၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း(၅) ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း(၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၄၊ ၃၂၀၊ အခန်း(၁၁) ပုဒ်မ ၄၁၀ မှ ၄၃၂ အထိ၊ အခန်း(၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန်သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟု ဖော်ပြထားရှိပါသည်။

သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၄၃၆ (က)အရ လွှတ်တော်ကိုယ်စားလှယ်ရှိရင်းအင်အားဖြစ်သော (၆၃၃) ဦးအပေါ် မူတည်၍ မဲပေးခဲ့မှုရာခိုင်နှုန်းကို အောက်ပါအတိုင်း ပြင်ဆင်ဖော်ပြအပ်ပါသည်-

| စဉ် | ပုဒ်မ | လွှတ်တော်ကိုယ်စားလှယ် | | ထောက်ခံမဲ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရှိရင်း | တက်ရောက် | အရေအတွက် | ရာခိုင်နှုန်း | |
| ၁ | ၅၉(ဃ) | ၆၃၃ | ၅၈၃ | ၅၅၆ | ၈၇. ၈၃၅ | ပြင်ဆင်ရေးဆက်လက်ဆောင်ရွက်ရန် အတည်ပြု |
| ၂ | ၅၉(စ) | ၆၃၃ | ၅၈၃ | ၃၇၁ | ၅၈. ၆၀၉ | ပြင်ဆင်မှုအတွက် အတည်မပြု |
| ၃ | ၆၀(ဂ) | ၆၃၃ | ၅၈၃ | ၃၈၆ | ၆၀. ၉၇၉ | ပြင်ဆင်မှုအတွက် အတည်မပြု |
| ၄ | ၄၁၈(ခ) | ၆၃၃ | ၅၈၃ | ၃၈၆ | ၆၀. ၉၇၉ | ပြင်ဆင်မှုအတွက် အတည်မပြု |
| ၅ | ၄၃၆(က) | ၆၃၃ | ၅၈၃ | ၃၈၈ | ၆၁. ၂၉၅ | ပြင်ဆင်မှုအတွက် အတည်မပြု |
| ၆ | ၄၃၆(ခ) | ၆၃၃ | ၅၈၃ | ၃၈၈ | ၆၁. ၂၉၅ | ပြင်ဆင်မှုအတွက် အတည်မပြု |

**(သတင်းစဉ်)**

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

## သင့်မဲဖြင့် အနာဂတ်အား ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့။

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၆ ရက်နေ့ထုတ် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများတွင် ဖော်ပြခဲ့သော "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လျှို့ဝှက်ဆန္ဒမဲပေးဆုံးဖြတ်မှု အခြေအနေ" ခေါင်းစဉ်ပါဇယားနှင့် ပြည်ထောင်စုလွှတ်တော်သတင်းတို့တွင် ပုဒ်မ ၅၉(စ)အတွက် မဲခွဲဆုံးဖြတ်မှု၌ **ထောက်ခံမဲ ၃၂၀ မဲ** ဖော်ပြခဲ့မှုအစား **ထောက်ခံမဲ ၃၇၁ မဲ**ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**



# မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပလျက်ရှိ

**နေပြည်တော်   ဇွန်   ၂၆**

(၅၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိပြီး ဇူလိုင် ၆ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

ပြည်တွင်းပြည်ပ ကျောက်မျက်ရတနာကုန်သည်များသည် သတ်မှတ်နေရာများ၌ ခင်းကျင်းပြသထားသည့် မြန်မာ့ကျောက်စိမ်းများနှင့် ကျောက်မျက်ရတနာများကို လွတ်လပ်စွာ ကြည့်ရှုလေ့လာကြပြီး ကျောက်စိမ်းတင်ဒါပုံးများအတွင်း အဆိုပြုလွှာများ တင်သွင်းကြသည်။

**(အပေါ်ပုံနှင့် အောက်ပုံ)**

ယခု (၅၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၈၉၄၃ တွဲ၊ ကျောက်မျက်ရတနာအတွဲပေါင်း ၃၂၃ တွဲကို ခင်းကျင်းပြသထားပြီး ဈေးပြိုင်စနစ်၊ တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# လျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်

**တာပွန်   ဇွန်   ၂၆**

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့ အောင်မြင်သာကျေးရွာတွင် (၁၁)ကေဗွီ ထရန်စဖော်မာ တစ်လုံး၊ တာပွန်မြို့ လယ်ပြင်လမ်းတွင် ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၁၅၀၀ တို့အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေဖြင့် တာပွန်မြို့လျှပ်စစ်မှူး ဦးခင်မောင်ဌေး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက တည်ဆောက်ခဲ့ရာ လုပ်ငန်းအားလုံး ပြီးစီးပြီဖြစ်၍မီးသုံးစွဲသူ ၂၅၇ ဦးခန့် ဓာတ်အားသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ဘောဂလိမြို့ တောင်ပေါ်ကားလမ်းများ မြေပြို

**ဘောဂလိ   ဇွန်   ၂၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့သွားတောင်ပေါ်ကားလမ်းများသည် နွေမိုးဆောင်းသုံးရာသီလုံး ဒေသထွက်သီးနှံများအား တောင်ငူမြို့ပွဲရုံသို့ သွားရောက်ရောင်းချရာတစ်ခုတည်းသောလမ်းဖြစ်ပေသည်။

အဆိုပါလမ်း၏ ပလက်ဝချောင်းအကူး ဇက်ဆိပ်အနီး ဘောဂလိတစ်ဖက်ကမ်း အတက်လမ်းများတွင် မိုးရာသီကာလ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇွန် ၂၆ ရက် နံနက်ပိုင်းက လမ်းဘေးရှိ မြေသားများ၊ သစ်ပင်ကြီးများနှင့် ကျောက်တုံးကြီးများ ပြိုကျ၍ လမ်းများပိတ်ဆို့ကာ ရွှံ့များဖြင့် သွားလာရခက်ခဲနေကြောင်း သိရသည်။ **စိုင်းခင်(ဘောဂလိ)**



# လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာဖွံ့ဖြိုးမှုအတွက် ကူညီထောက်ပံ့ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံနှင့် အရှေ့အာရှစီးပွားရေး သုတေသနဌာန (ERIA)ဥက္ကဌ ပါမောက္ခ ဟီဒဲ တိုရှိ နီရှိမူရ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့လက်ခံတွေ့ဆုံစဉ် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာဖွံ့ဖြိုးမှုအတွက် ကူညီထောက်ပံ့ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့်သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းများဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

**(သတင်းစဉ်)**

**☆ ရှေ့ဖုံးမှ**

၂၀၁၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့နှင့် အမေရိကန်နိုင်ငံ ဟာဝိုင်ရီတက္ကသိုလ်က ချီးမြှင့်သည့် အမြင့်ဆုံးဂုဏ်ထူးဆောင် လူထုအကျိုးပြုစာပေပါရဂူဘွဲ့ Doctor of Humane Letters, Honoris Causa ကိုပါ ဂုဏ်ပြုချီးမြှင့်ခံခဲ့ရပါကြောင်း။

ဆရာကြီး၏ ဘဝတစ်သက်တာတွင် မြန်မာနိုင်ငံပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်ခဲ့မှု၊ အနာဂတ်လူငယ်များအတွက် ပညာရေး၊ လူမှုရေး လုပ်ငန်းများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လိုစိတ်များ ပေါ်ထွန်းလာစေရန် နှိုးဆော်တိုက်တွန်း အားပေးဆောင်ရွက်နေမှုစသည့် မြန်မာနိုင်ငံအတွက် အလေးထားရမည့် စွမ်းဆောင်မှုများကြောင့် ယခုလို နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ခွင့်ရသည့်အတွက် အထူးပင် ဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အကြံပေးနာယက (၁)ဒေါက်တာသန်းဦးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင် လက်မှတ် ချီးမြှင့်သည်။

ယင်းနောက် ဒေါက်တာသန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာသန်းအောင်၊ ဒေါက်တာ ကိုကိုဦး၊ ဦးရဲထွဋ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်အဆင့်ဆင့်တွင် အစဉ်တစိုက်ဦးဆောင်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဒေါက်တာသန်းဦးသည် မြန်မာနိုင်ငံ စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်ခဲ့ခြင်း၊ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၈ရက်က ရန်ကုန်တက္ကသိုလ် အထူးဘွဲ့နှင်းသဘင်၌ ချီးမြှင့်သော ဂုဏ်ထူးဆောင်စာပေ ပါရဂူဘွဲ့နှင့် ၂၀၁၅ခုနှစ် မေ ၁၆ရက်က အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီပြည်နယ် ဟာဝိုင်ရီတက္ကသိုလ် (၁၀၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်၌ ချီးမြှင့်သော (Doctor of Humane Letters, Honoris Causa) ဘွဲ့ကို ရရှိခဲ့ခြင်း၊ ပညာရေး၊ လူမှုရေးဆိုင်ရာစာပေများ ပြုစုရေးသားခြင်းကြောင့် အမျိုးသားစာပေဆုရရှိခဲ့သူဖြစ်ပြီး အနာဂတ်လူငယ်များအတွက် ပညာရေး၊ လူမှုရေးလုပ်ငန်းများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လိုစိတ်များ ပေါ်ထွန်းလာစေရန် နှိုးဆော်တိုက်တွန်း အားပေးလျက်ရှိခြင်း၊ ဦးသန်းဦး ဖောင်ဒေးရှင်း ထူထောင်၍ မြန်မာနိုင်ငံပညာရေး တက္ကသိုလ်များတွင် ထူးချွန်သည့် ပညာရေး ဝိဇ္ဇာဘွဲ့ရ ဆရာ ဆရာမများပေါ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်း အစရှိသည့် နိုင်ငံတော်၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ရောစိတ်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ကို ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

◆◆

# ဒေါက်တာသန်းဦး၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ




အဖ ဦးဖိုးသောင်၊ အမိဒေါ်အိုတို့မှ မြန်မာသက္ကရာဇ် ၁၂၈၉ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၉ ရက် သောကြာနေ့တွင် ပြည်မြို့၌ မွေးဖွားသည်။

ငယ်စဉ်က ပြည်မြို့ အမျိုးသားအထက်တန်းကျောင်း နိုင်ငံတော်တန်းမြင့်ကျောင်းတို့တွင် ပညာသင်ယူခဲ့သည်။

၁၉၅၀ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီ၊ အေ (အီးဒီ)ဘွဲ့ကို ဂုဏ်ထူးနှစ်ဘာသာဖြင့် ပထမရရှိအောင်မြင်ခဲ့သည်။ ၁၉၆၀ ခုနှစ်တွင် ဘီ၊ အီးဒီဘွဲ့ကို ပထမ ရရှိအောင်မြင်ခဲ့သည်။ ရွှေတံဆိပ်ဆုရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် အမ်၊ အီးဒီဘွဲ့ကို အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီတက္ကသိုလ်မှ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

ပြည်ခရိုင် ပုတီးကုန်းမြို့ အစိုးရအထက်တန်းကျောင်း(၁၉၅၄)နှင့် သာယာဝတီခရိုင် အုတ်ဖိုမြို့ အစိုးရအထက်တန်းကျောင်း (၁၉၆၀) တို့တွင် ကျောင်းအုပ်ဆရာကြီးအဖြစ် အမှုထမ်းခဲ့သည်။ ပညာမင်းကြီးရုံးတွင် ကျောင်းများဆိုင်ရာ လက်ထောက်အုပ်ချုပ်ရေးမှူး (၁၉၆၃)၊ ပုသိမ်မြို့ဆရာအတတ်သင်ကျောင်း ကျောင်းအုပ်ကြီးအဖြစ် (၁၉၆၄-၆၅) အမှုထမ်းခဲ့သည်။

မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့တွင် လက်ထောက်သုတေသနအရာရှိ(၁၉၆၆)၊ သုတေသနအရာရှိ (၁၉၆၇-၆၈)၊ ဒုတိယညွှန်ကြားရေးမှူး(၁၉၇၂)၊ ဥက္ကဌ (၁၉၇၆-၇၇)၊ ရာထူးအဆင့်ဆင့်တိုးမြှင့်တာဝန်ထမ်းဆောင်ခဲ့သည်။

အခြေခံပညာဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် ၁၉၇၇ ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

**ပါဝင်ဆောင်ရွက်သည့် လူမှုအဖွဲ့အစည်းများ**

မြန်မာနိုင်ငံစာတတ်မြောက်ရေး ဗဟိုကော်မတီတွင် အတွင်းရေးမှူးအဖြစ် ၁၉၄၆ ခုနှစ်မှ စတင်ထမ်းဆောင်ခဲ့ရာ မြန်မာနိုင်ငံစာတတ်မြောက်ရေးကြိုးစားလှုပ်ရှားမှုအတွက် ယူနက်စကိုအဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်သော ၁၉၇၁ခုနှစ် ယူနက်စကိုဆု(မိုဟာမက်ရီဇာဖာလာဗီဆု)ကို ပြင်သစ်နိုင်ငံ ပါရီမြို့တွင် နိုင်ငံ့ကိုယ်စား တက်ရောက်လက်ခံယူခဲ့သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းဆရာများအသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံအလုပ်သမားအစည်းအရုံးဗဟိုအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံသုတေသနအသင်း အလုပ်အမှုဆောင်အဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အလုပ်အမှုဆောင်အဖွဲ့ အဖွဲ့ဝင် အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဌအဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။

ပညာရေး၊ လူမှုရေးဆိုင်ရာစာပေများကို၁၉၅၁ ခုနှစ်မှစတင်၍ယနေ့သို့တိုင် ရေးသားပြုစုလျက်ရှိသည်။

**"မြန်မာနိုင်ငံပညာရေးဆိုင်ရာသမိုင်း"**စာအုပ်ဖြင့် ၁၉၉၉ ခုနှစ်တွင် **"အမျိုးသားစာပေဆု"** ကိုရရှိခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ရန်ကုန်တက္ကသိုလ်အထူးဘွဲ့နှင်းသဘင်တွင်ချီးမြှင့်သော **"ဂုဏ်ထူးဆောင် စာပေပါရဂူ"** ဘွဲ့ကို ရရှိခဲ့သည်။

၂၀၁၅ ခုနှစ် မေ ၁၆ ရက်တွင် ဟာဝိုင်ရီတက္ကသိုလ်(၁၀၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင်တွင်ချီးမြှင့်သော **"ဂုဏ်ထူးဆောင်လူထုအကျိုးပြုစာပေပါရဂူ"**ဘွဲ့ကိုလည်း ရရှိခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဌ၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဌ၊ ဦးသန်းဦးဖောင်ဒေးရှင်းအဖွဲ့ဥက္ကဌ အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

# နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင်ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုအစိုးရအဖွဲ့**
**(အမိန့်ကြော်ငြာစာအမှတ်၊ ၅၉/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

**နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင်ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၈-၆-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၄)ဖြင့် ဖွဲ့စည်း ခန့်အပ်တာဝန်ပေးထားသော နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့တွင် ဒေါက်တာဦးသန်းဦးအား အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**ဇော်သန်းသင်း**
**အတွင်းရေးမှူး**
**ပြည်ထောင်စုအစိုးရအဖွဲ့**

# မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

# ကောလင်း၌ အခြေခံမဲစာရင်းများ ကြေညာ

**ကောလင်း ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ဇွန် ၂၃ ရက်က မြို့ပေါ် ရပ်ကွက်များဖြစ်သော မြောက်အင်း၊ ကျော်ဇေယျာ၊ စက်ရုံလယ်ပြင်၊ မြို့ကုန်းမြို့မ၊ ပြင်ဦးလွင်နှင့် ဈေးရုံဗိုလ်တဲ ရပ်ကွက်များတွင် အခြေခံမဲစာရင်းများ ကြေညာထားရှိမှုကို ပြည်သူများ လွယ်ကူစွာကြည့်ရှုနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဌ ဦးဝင်းကိုကိုနှင့် အဖွဲ့ဝင်များသည် လှည့်လည်ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး ပြည်သူများ အခြေခံမဲစာရင်း ကြေညာထားရှိမှုကို သိရှိနိုင်ရေးအတွက် ဗီနိုင်းပိုစတာများဖြင့် ကြေညာခြင်း၊ အသံချဲ့စက်များဖြင့် လှည့်လည် ကြေညာခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**

# ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၅။)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)တွင်ပါရှိသော "ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊"ဆိုသည့်စကားရပ်၏နောက်တွင် "ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အဆိုပါဥပဒေတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ်သတ်မှတ်ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့်အဖွဲ့အစည်းများကိုလည်းကောင်း၊" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ည) **လွှတ်တော်ရုံး** ဆိုသည်မှာ အမျိုးသားလွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ကြီးကြပ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသောရုံးကို ဆိုသည်။"

၄။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၄။ လွှတ်တော်၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ သက်တမ်းကုန်ဆုံးသောနေ့တွင် လွှတ်တော်၏သက်တမ်းသည်လည်း ကုန်ဆုံးသည်။"

၅။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ည)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ည) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာလိုသော ပြည်သူများအား ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း။"

၆။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၂)တွင် ပါရှိသော "တရားရုံးတစ်ခုခုက"ဆိုသည့်စကားရပ်ကို "တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးမှုတစ်ခုခုက" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၃ တွင် ပါရှိသော "နယ်မြေဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ" ဆိုသည့် စကားရပ်ကို "ဥပဒေနှင့်အညီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၇ မှ ပုဒ်မ ၁၉ အထိ သက်ဆိုင်သော "တာဝန်ထမ်းဆောင်ခြင်း" ဆိုသည့်ခေါင်းစဉ်ကို "တာဝန်ထမ်းဆောင်ခြင်းနှင့် နုတ်ထွက်ခြင်း" ဆိုသည့်ခေါင်းစဉ်ဖြင့် အစားထိုးရမည်။

၉။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်း ပထမပုံမှန်အစည်းအဝေး စတင်မကျင်းပမီအချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်။"

၁၀။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၄ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၃၄။ (က) လွှတ်တော်သက်တမ်းစတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်ဖြစ်သည်။

(ခ) လွှတ်တော်၏ပထမပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ခုနစ်ရက်အတွင်း ကျင်းပရမည်။"

၁၁။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၈။ (က) လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးသည့် အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုရန်လွှတ်တော်က လွှတ်တော်အခွင့်အရေးကော်မတီ မဖွဲ့စည်းရသေးမီ ဥက္ကဋ္ဌသည် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတစ်ရပ်ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။"

(ခ) လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးချိန်မှစ၍ ယင်းကော်မတီသည် လွှတ်တော်သက်တမ်းအတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်၍အတည်ပြုရမည်။"

၁၂။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၇ နှင့် ပုဒ်မ ၄၈ တို့တွင် ပါရှိသော "အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း"ဆိုသည့်စကားရပ်များကို "ဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၃။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၅၀ ၏ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၀။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်-"

၁၄။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၆၃ နှင့် ပုဒ်မ ၆၆ တို့တွင် ပါရှိသော "အမျိုးသားလွှတ်တော်ရုံး" ဆိုသည့်စကားရပ်များကို "လွှတ်တော်ရုံး" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ
(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေးပြည်လုံးကျွတ်
ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၆။)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကိုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကိုပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေးပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကိုပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေးပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေပုဒ်မ၁၁၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင်အသက် ၁၈ နှစ် ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့်နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။ ယင်းဆန္ဒမဲပေးခွင့်ရှိသူတိုင်းကို မဲစာရင်းတွင်ထည့်သွင်းရမည်။"

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇။)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေ ပုဒ်မ ၉ နှင့် ပုဒ်မ ၂၃-က၊ ပုဒ်မခွဲ (၃) တို့ကို ပယ်ဖျက်ရမည်။

၃။ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေ ပုဒ်မ ၄၃-က တွင် ပါရှိသော "not exceeding one month's imprisonment, or two hundred rupees fine, or both." ဆိုသည့် စကားရပ်ကို "not exceeding three month's imprisonment, or three hundred thousand kyats fine, or both." ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၉ ရက်မြောက်နေ့တွင် ဥပဒေကြမ်း(၇)ခုအား အတည်ပြု

**နေပြည်တော် ဇွန် ၂၆**

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၉ ရက်မြောက်နေ့တွင် ဥပဒေကြမ်း (၇)ခုအား လွှတ်တော်၏အဆုံးအဖြတ်ရယူ အတည်ပြုသည်။

အစည်းအဝေးတွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအား ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဌေးနိုင်တို့က သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့အတူ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကတင်သွင်းသည့် **ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို ပြင်ဆင်ချက်တင်သွင်းထားသည့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့ကြသည်။ **(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၆၉ ရက်မြောက်နေ့သို့ တက်ရောက်စဉ်။**
(သတင်းစဉ်)

# နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၂၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဆွစ်ဇာလန်သံရုံးတို့ ပူးပေါင်း၍ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ရန်ကုန်မြို့ Novotel Hotel ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ရေးရာကော်မတီများ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်၊ နိုင်ငံရေးပါတီများ၊ ကျင့်ဝတ်ရေးဆွဲရေးအထောက်အကူပြုလုပ်ငန်းကော်မတီ၊ နိုင်ငံတကာသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာအဖွဲ့များမှ တာဝန်ရှိသူ ၁၆၁ ဦး တက်ရောက်ခဲ့ကြသည်။




အခမ်းအနားတွင် နီပေါနိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဟောင်း Mr.Bojraj Pokharel က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ကျင့်ဝတ်ကို နိုင်ငံရေးပါတီများအားလုံး မိမိတို့ ဆန္ဒအလျောက်ညှိနှိုင်းဆွေးနွေး ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများက အခြေခံမူများချမှတ်၍ ယာယီရေးဆွဲရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများအတွက် အဓိကကျသည့် အချက်ဖြစ်ပါကြောင်း၊ ကျင့်ဝတ်နှင့်အညီ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရန် အုတ်မြစ်ချနိုင်ခဲ့ပြီဖြစ်ကြောင်း၊ စိန်ခေါ်မှုများရှိနေမည်ဖြစ်ကြောင်း၊ ကျင့်ဝတ်များကို အမှန်တကယ်လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကျင့်ဝတ်များကို မဖောက်ဖျက်ရန် ပါတီဝင်များကို ချပြထားမှသာ ဘက်လိုက်မှုကင်းသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ဖြစ်ရန် အထောက်အကူဖြစ်မည်ဖြစ်ကြောင်း၊ မီဒီယာများအနေဖြင့် ကျင့်ဝတ်အား အများပြည်သူသိရှိအောင် ဖြန့်ဝေရန်လိုကြောင်း၊ ပြည်သူလူထုက ရွေးကောက်ပွဲအပေါ် ယုံကြည်မှုရှိရန် အဓိကဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သံအမတ်ကြီးဟောင်း ဦးဝင်းလွင်က ယနေ့ကျင်းပသည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များအတွက် လိုက်နာရမည့် ကျင့်ဝတ်များ ပေါ်ထွက်လာခြင်းနှင့် ပတ်သက်၍ ထူးခြားချက်(၃)ခုကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ရွေးကောက်ပွဲများနှင့် ကြားဖြတ်ရွေးကောက်ပွဲများကို အခါအားလျော်စွာ ကျင်းပခဲ့သော်လည်း ကျင့်ဝတ်များမရှိခဲ့ကြောင်း၊ ယခုကျင့်ဝတ်သည် အထွေထွေရွေးကောက်ပွဲအတွက် ပထမဦးဆုံးကျင့်ဝတ်ဖြစ်ကြောင်း၊ ၎င်းကျင့်ဝတ်ကို နိုင်ငံရေးပါတီကိုယ်စားလှယ်များက ပထမဦးဆုံးအကြိမ် စုပေါင်းညှိနှိုင်းရေးဆွဲအတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် မကုန်မီ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် အချိန်ကိုက်ပေါ်ထွက်လာခြင်းဖြစ်ကြောင်း၊ ကျင့်ဝတ်တွင် အားနည်းချက်များ အထိုက်အလျောက်ရှိမည်ဖြစ်ကြောင်း၊ ယင်းအားနည်းချက်များအား နောင်ကျင်းပမည့် ရွေးကောက်ပွဲများမှ အတွေ့အကြုံများကိုရယူ၍ ပိုမိုကောင်းမွန်ရန် ပြုပြင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံတစ်ဝန်းတွင် ရွေးကောက်ပွဲများ ကျင်းပရန် စတင်နေပြီဖြစ်ကြောင်း၊ အများယုံကြည်မှုရှိပြီး တည်ငြိမ်အေးချမ်းသည့် ရွေးကောက်ပွဲဖြစ်ရန် နိုင်ငံသားအားလုံးတွင်လည်း တာဝန်ရှိပါကြောင်း၊ ကျင့်ဝတ်စာတမ်းပေါ်ထွက်လာရန် နာရီပေါင်းများစွာဆွေးနွေးခဲ့ပြီး မူကြမ်းများစွာကို ရေးဆွဲခဲ့ကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို လွတ်လပ်စွာရေးဆွဲခွင့်ပေးခဲ့ပြီး နိုင်ငံရေးပါတီများကလည်း မိမိကိုယ်ကိုစည်းကမ်းသတ်မှတ်ခြင်းကို ညီညီညွတ်ညွတ်ဆွေးနွေးတိုင်ပင်ဆောင်ရွက်ခြင်းက အတုယူစရာဖြစ်သလို ကောင်းမွန်သောလုပ်ရပ်ဖြစ်ကြောင်း၊ ယခုဆိုလျှင် အလုပ်နှင့် သက်သေပြရမည့် အချိန်ရောက်ပြီဖြစ်၍ ကျင့်ဝတ်များကို လိုက်နာရန် ကတိကဝတ်ပြုခြင်းဖြစ်ကြောင်း၊ ဥပဒေအရ ချုပ်ကိုင်ခြင်းမရှိသော်လည်း မလိုက်နာလျှင် ဆိုးကျိုးများရှိနိုင်သလို လိုက်နာလျှင် ကောင်းကျိုးများလည်း ရှိမည်ကို သိရန်လိုအပ်ကြောင်း၊ မိမိအနေဖြင့် ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလများတွင် ကျင့်ဝတ်နှင့်ပတ်သက်၍ လိုအပ်ချက်များကို ကူညီဆောင်ရွက်နေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာ၌ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ပြည်သူလူထုအနေဖြင့် လေးစားလိုက်နာရမည့် ဥပဒေများရှိကြောင်း၊ မြန်မာမှုနယ်ပယ်တွင် ဥပဒေကဲ့သို့လိုက်နာရန် ပြဋ္ဌာန်းထားခြင်း မဟုတ်သော်လည်း လူတစ်ဦးချင်းအနေဖြင့် မိမိကိုယ်မိမိထိန်းကျောင်းရမည့် ကျင့်ဝတ်ပေါင်းများစွာရှိကြောင်း၊ ထို့အတူ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဥပဒေများ၊ နည်းဥပဒေများပြဋ္ဌာန်းထားကြောင်း၊ ယင်းဥပဒေ၊ နည်းဥပဒေများကို ရွေးကောက်ပွဲနှင့်သက်ဆိုင်သူအားလုံး လိုက်နာကြရမှာဖြစ်ပြီး နိုင်ငံရေးပါတီများလည်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ အချင်းချင်းသော်လည်းကောင်း၊ ရွေးကောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အချင်းချင်းသော် လည်းကောင်း နားလည်မှုရှိရှိ၊ ချစ်ချစ်ခင်ခင်နှင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ရည်ရွယ်ပြီး ယနေ့ လက်မှတ်ရေးထိုးနိုင်ခဲ့သည့် ကျင့်ဝတ်ကို နိုင်ငံရေးပါတီများအချင်းချင်း ညှိနှိုင်းဆွေးနွေးသဘောတူ ရေးဆွဲနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီလိုအောင်မြင်ပြီးမြောက်အောင် ရေးဆွဲနိုင်ရေးအတွက် ဆွစ်ဇာလန်သံရုံးနှင့် သံရုံးအဖွဲ့ဝင်များက ပူးပေါင်းကူညီဆောင်ရွက်ခဲ့ပါကြောင်း၊ ရေးဆွဲရာမှာ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် နိုင်ငံရေးပါတီများအားလုံးမှ ဆုံးဖြတ်ခဲ့သော အခြေခံမူများကိုအခြေခံခဲ့ပါကြောင်း၊ ယာယီလုပ်ငန်းကော်မတီဖွဲ့စည်းပြီး အစည်းအဝေးပေါင်းများစွာ၊ အကြံပြုဆွေးနွေးမှုပေါင်းများစွာနှင့်အတူ မူကြမ်းရေးဆွဲခဲ့ပါကြောင်း၊ မူကြမ်းကို ၂၀၁၅ ခုနှစ် မတ်လ ၃၀ ရက်မှာ နိုင်ငံရေးပါတီများအားလုံးနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် ဧပြီလတွင် ဥပဒေကြောင်းဆိုင်ရာ သုံးသပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် မေလ ၁၅ ရက်တွင် ညှိနှိုင်းဆွေးနွေးပြီး အားလုံးသဘောတူညီမှုရရှိခဲ့ကြောင်း။

ဤကျင့်ဝတ်သည် ဥပဒေကြောင်းအရ စည်းနှောင်မှုမရှိဘဲ ဥပဒေသက်သေခံတစ်ခုအဖြစ် အသုံးပြု၍ ဥပဒေကြောင်းအရ အရေးယူခြင်းသို့မဟုတ် တရားစွဲဆိုခြင်းမပြုနိုင်ကြောင်း၊ သို့သော်လည်း နိုင်ငံရေးပါတီများအနေဖြင့် ထားရှိသည့် ကတိကဝတ်အဖြစ် လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများအားလုံး သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သော ဆွစ်ဇာလန်သံရုံးနှင့် အဖွဲ့ဝင်များ၊ နီပေါနိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဟောင်း Mr.Bojraj Pokharel၊ သံအမတ်ကြီးဟောင်း ဦးဝင်းလွင်နှင့် နိုင်ငံရေးပါတီများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ကျင့်ဝတ်များနှင့်အညီ အချင်းချင်းနားလည်မှုရှိရှိ ချစ်ချစ်ခင်ခင်နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်း၍ လွတ်လပ်မျှတသော ရွေးကောက်ပွဲအဖြစ် ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်နိုင်ခဲ့သည့် နိုင်ငံရေးပါတီ (၆၇)ပါတီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ❖ ထားဝယ်မှ

စက်တပ်လှေငယ်များဖြင့် သွားလာလျက်ရှိပြီး ထားဝယ်-ရေးလမ်းတွင် မော်တော်ယာဉ်၊ ဆိုင်ကယ်များသွားလာရန်အဆင်မပြေဖြစ်ကာ ထားဝယ်-မြိတ်လမ်းတွင် မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြတ်သန်းသွားလာ၍ရပြီး ကျန်မြို့ပေါ်ရပ်ကွက်များတွင် ရေကြီး/ရေလျှံမှုများမရှိကြောင်းနှင့် ထားဝယ်မိုးရေချိန်မှာ ၉ ဒသမ ၁၃ လက်မရှိကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**

# မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုနှင့်သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်လျက်ရှိ

**နေပြည်တော်　ဇွန်　၂၆**

**"မူးယစ်ကင်းစင် ဒို့ဘဝအသွင် အစဉ်ဖွံ့ဖြိုးကြိုးပမ်းစို့"** ဆောင်ပုဒ်ဖြင့် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး ကမ္ဘာ့မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း သုံးခုဖြစ်သည့် ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ကွန်ဗင်းရှင်း၊ ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုကွန်ဗင်းရှင်းတို့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးဥပဒေများ ရေးဆွဲပြဋ္ဌာန်းခဲ့ရာ၌ ၁၉၇၄ ခုနှစ်တွင် မူးယစ်ထုံထိုင်းဘေးဖြစ်စေသော ဆေးဝါးများဥပဒေ၊ ၁၉၉၃ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ၁၉၉၅ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေတို့ကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

မူးယစ်ဗဟိုအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မဟာဗျူဟာ(၂)ရပ်ဖြစ်သည့် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဘဝတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးနှင့် နည်းဗျူဟာ(၃)ရပ်ဖြစ်သည့် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ကိုချမှတ်ပြီး ဘိန်းစိုက်ပျိုးမှုပပျောက်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ မြို့နယ်ပေါင်း ၅၁ မြို့နယ်တွင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ၁၉၉၉-၂၀၀၀ ခုနှစ်များတွင် ဘိန်းစိုက်ဧရိယာ ဟက်တာ တစ်သိန်းကျော်ရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ဟက်တာ ၂၁၆၀၀ အထိ ၈၀ ရာခိုင်နှုန်းကျော်ကို လျှော့ချနိုင်ခဲ့ပါကြောင်း၊ သို့သော်လည်း ဘိန်းစိုက်ဒေသများ၏ ပထဝီမြေအနေအထားအရ ဝေးလံခေါင်းပါးမှု၊ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့မှုနှင့် နယ်မြေတည်ငြိမ်အေးချမ်းခြင်း အားနည်းမှုများရှိသည့်အတွက် ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၆ ခုနှစ် နောက်ပိုင်းတွင် ပြန်လည်မြင့်တက်လာမှုကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် အာဆီယံဒေသ မူးယစ်ဆေးဝါးကင်းစင်ရေးရည်မှန်းချက်နှင့် ၂၀၁၅ ခုနှစ်အလွန် မူးယစ်ဆေးဝါးလျှော့ချရေးလုပ်ငန်းစဉ်များနှင့်အညီ စတုတ္ထမူးယစ်ဆေးဝါးပပျောက်ရေး ငါးနှစ်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ တိုးမြှင့်ပြီး ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

ဘိန်းစိုက်ပျိုးမှုလျှော့ချရေးကို အလေးထားဆောင်ရွက်ခဲ့သည့်အတွက် ၂၀၀၇ ခုနှစ်မှ ခုနှစ်နှစ်ဆက်တိုက် မြင့်တက်လာခဲ့သော ဘိန်းစိုက်ပျိုးမှုသည် ၂၀၁၄ ခုနှစ်တွင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဘိန်းစိုက်ပျိုးမှုကျဆင်းလာခြင်းဘက်သို့ ဦးတည်လာခဲ့မှုကို UNODC ၏ ၂၀၁၄ ခုနှစ် ဘိန်းစိုက်ပျိုးမှုအစီရင်ခံစာအရ တွေ့ရှိရပါကြောင်း။

မူးယစ်ဆေးဝါးအမျိုးအစားအသစ်များ ပေါ်ထွက်လာမှုအပါအဝင် ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းလုံခြုံရေးဆိုင်ရာကဏ္ဍများတွင်လည်း သက်ရောက်မှုများစွာနှင့် အခြေအနေကို ပိုမိုပါဝင်ပတ်သက်မှုဖြစ်စေပါကြောင်း၊ ကမ္ဘာ့မူးယစ်ဆေးဝါးကော်မရှင် အစည်းအဝေးတွင် UNDP အဖွဲ့မှ တင်သွင်းခဲ့သည့် အစီရင်ခံစာအရ အမေရိကန်ဒေါ်လာ ၃၃၂ ဘီလီယံရှိကြောင်း တွေ့ရှိရပြီး မူးယစ်ဆေးဝါးမှရရှိသည့် အကျိုးအမြတ်များမှာလည်း ငွေကြေးခဝါချမှုများ၊ အဂတိလိုက်စားမှုများနှင့် တရားဝင်စီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်များကို သက်ရောက်မှုများစွာရှိနေပါကြောင်း၊ ကမ္ဘာ့မူးယစ်ဆေးဝါးသုံးစွဲမှုမှာလည်း အသက်(၁၅)နှစ်မှ (၆၄)နှစ်အကြား မူးယစ်ဆေးဝါးစွဲလန်းနေသူဦးရေ ၁၆ သန်းမှ ၃၅ သန်းအကြား ရှိနေမှုကို ၂၀၁၄ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာ၌ တွေ့ရှိရပါကြောင်း။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ် နှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိပြီး တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲမှုအပိုင်းတွင် မူးယစ်ဆေးဝါးဆိုင်ရာမှုခင်းများအား ထိရောက်စွာ ဖော်ထုတ်နိုင်ရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးဌာနကို ၂၀၁၃ ခုနှစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အဖြစ် ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းတာဝန်ပေးခဲ့ပါကြောင်း။

မူးယစ်ဆေးဝါးသုံးစွဲမှုကို စနစ်တကျကုသနိုင်ရေးအတွက် ဆေးကုသရေးလုပ်ငန်းများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက မူးယစ်ဆေးစွဲကုသရေးဌာနကြီး ၂၆ ခုနှင့် ဌာနငယ် ၄၇ ခုတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မက်သာဒုန်းအစားထိုးတိုက်ကျွေးမှု အစီအစဉ်အရ မက်သာဒုန်းတိုက်ကျွေးသည့် ဌာန ၄၁ ခုကို မူးယစ်ဆေးဝါးသုံးစွဲမှုများသည့် မြို့နယ်များတွင် ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြန်လည်ထူထောင်ရေးစခန်း ၁၂ ခုကို ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း။




မူးယစ်ဆေးဝါးမှုခင်းများသည် နယ်စပ်ဖြတ်ကျော် ဂိုဏ်းဖွဲ့ကျူးလွန်မှုခင်းများ၏ သဘောသဘာဝဖြစ်သည့်အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ရုရှား၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်၊ ထိုင်း၊ ကိုရီးယား၊ အမေရိကန်တို့နှင့် နှစ်နိုင်ငံ သဘောတူညီချက် MoU များ လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဗဟိုအဖွဲ့အနေဖြင့် အစိုးရသစ်လက်ထက်တွင် တစ်ဖက်မှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆင်ရေးများဆောင်ရွက်နေသကဲ့သို့ မူးယစ်ဆေးဝါးအန္တရာယ်လျော့နည်းပပျောက်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုမြင့်မားလာစေရန် ရည်ရွယ်ချက်ဖြင့် ယခုနှစ်တွင်လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်ကို ဇွန်သုံးဇွန်သတ်မှတ်ပြီး ၂၀၁၅ ခုနှစ် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်ထိ ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဗဟိုအဖွဲ့အနေဖြင့် အဆိုပါစီမံချက်ဆောင်ရွက်ရာတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများစသည့် လူမှုရေးကွန်ရက်များကို အပြည့်အဝပူးပေါင်းပါဝင်လာရေးကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းများဆိုင်ရာရုံးမှ Country Manager Mr. Jochen Wiese က ဖတ်ကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (၁၈)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင် ပထမဆုရရှိသူ ခြောက်ဦးအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဆုများချီးမြှင့်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြပြီး (၁၈)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကွန်ဗင်းရှင်းဗဟိုဌာန အဝင်မုခ်ဦး၌ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်၍ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေး၊ ပစ္စည်းများ၏အရေအတွက်မှာ မြန်မာငွေကျပ် ၅၀၈၇၀၇၅၈၁၊ မော်တော်ယာဉ် ၆၇ စီး၊ မော်တော်ဆိုင်ကယ် ၆၁၂ စီးနှင့် အခြားပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၃၁၃၂၆၈၀၁ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဘိန်းခင်းဖျက်ဆီးမှု စုစုပေါင်း ၃၇၅၃၀ ဒသမ ၇၅ ဧက(၁၅၁၈၈ ဒသမ ၄၉ ဟက်တာ) ဖြစ်သည်။

၂၀၁၄ ခုနှစ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်အထူးအဖွဲ့တို့မှ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးစာရင်းမှ ကောက်နုတ်၍ ဇယားဖြင့် သီးခြားဖော်ပြထားပါသည်။ **(သတင်းစဉ်)**

**၂၀၁၄ ခုနှစ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်အထူးအဖွဲ့တို့မှ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးစာရင်းမှ ကောက်နုတ်ဖော်ပြမှု**

| စဉ် | မူးယစ်ဆေးဝါး အမျိုးအစား | အမှုပေါင်း | ဖမ်းဆီးရရှိမှု |
|---|---|---|---|
| ၁။ | ဘိန်း | ၅၆၂ | ၁၈၂၈ ဒသမ ၄၀၅၁ ကီလို |
| ၂။ | ဘိန်းဖြူ | ၂၆၆၂ | ၄၃၅ ဒသမ ၄၆၄၃ ကီလို |
| ၃။ | စိတ်ကြွရူးသွပ်ဆေးပြား | ၂၅၄၁ | ၁၂၆၅၃၀၀၂ ပြား |
| ၄။ | ဆေးခြောက် | ၁၈၁ | ၂၀၅ ဒသမ ၅၄၅၈ ကီလို |
| ၅။ | ကဖင်း | ၆ | ၄၃၁ ဒသမ ၄၆၄၈ ကီလို |
| ၆။ | ဆူဒိုအက်ဖီဒရင်း | ၂၃ | ၁၈၁၂၅၄၃၂ ပြား |
| ၇။ | ဘိန်းဆီခဲ | ၁၃၄ | ၁၀၂ ဒသမ ၁၁၂၄ ကီလို |
| ၈။ | အဆင့်နိမ့်ဘိန်း | ၂၉၈ | ၁၃၄ ဒသမ ၀၉၈၅ ကီလို |
| ၉။ | အက်ဖီဒရင်းဆေးပြား | ၁ | ၂၆၈၅၀၀ ပြား |
| ၁၀။ | အခြားအမှုများ | ၂၈၈ | - |
| | **အမှုပေါင်း** | **၆၉၉၆ မှု** | |

**မှတ်ချက်** - မူးယစ်ဆေးဝါးမှုများဖြင့် တရားခံ ကျား ၈၁၁၀ ဦးနှင့် မ ၁၃၁၅ ဦး စုစုပေါင်းတရားခံ ၉၄၂၅ ဦးကို ဖမ်းဆီးအရေးယူခဲ့သည်။

## ပဲခူး၌ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ကျင်းပ

**ပဲခူး　ဇွန်　၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ပြခန်းပြပွဲကို ယနေ့နံနက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်းက အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး ခေတ္တအထွေထွေအုပ်ချုပ်ရေးမှူး ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးက ဖတ်ကြားသည်။

ဆက်လက်၍ ဟောပြောပွဲကျင်းပရာ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဇော်လင်းမောင်၊ တိုင်းဒေသကြီး ပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီး ဒေါက်တာနွဲ့နွဲ့အေးတို့က ဟောပြောကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဗဟိုအဆင့် ကာတွန်း၊ ပိုစတာ၊ ဝတ္ထုတိုအလွတ်တန်း၊ ဆောင်းပါးအလွတ်တန်း၊ ကဗျာအလွတ်တန်း ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြသည်။ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတားဆီးနှိမ်နင်းရေး၊ ပြန်လည်ထူထောင်ရေး၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးခြင်းလုပ်ငန်းများဆိုင်ရာ ပြကွက်၊ တိုင်းဒေသကြီးအဆင့် မူးယစ်ဆေးဝါးပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရွှေတံခါးဖွင့်မယ့် ရွှေသော့ကို ရအောင်ယူပါ

***ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ခြင်းခံရသည့် ပညာရေးမြှင့်တင်မှုအကောင် အထည်ဖော်ရေးကော်မတီ အကြံပေးနာယက (၁) ဒေါက်တာသန်းဦးနှင့်တွေ့ဆုံမေးမြန်းခြင်း။***

မြန်မာနိုင်ငံ၏ ပညာရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ် အဆင့်ဆင့်တွင် အစဉ်တစိုက် ဦးဆောင်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေါက်တာ သန်းဦးအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဇွန်လ ၂၆ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ခန်းမဆောင်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

ဒေါက်တာသန်းဦးသည် မြန်မာနိုင်ငံစာတတ်မြောက်ရေးကြိုးပမ်းလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်ခဲ့သူဖြစ်ကာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် အထူးဘွဲ့နှင်းသဘင်၌ **ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ ( Doctor of Letters- Honoris Causa)** နှင့် ၂၀၁၅ခုနှစ် မေလ ၁၆ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီပြည်နယ် ဟာဝိုင်ရီတက္ကသိုလ်၏ (၁၀၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် အမြင့်ဆုံးဖြစ်သည့် **လူမှုအကျိုးပြု ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (Honorary Doctrate of Humane Letters )** ကို ရရှိခဲ့သည်။

ထို့ပြင် ပညာရေး၊ လူမှုရေးဆိုင်ရာစာပေများ ပြုစုရေးသားခဲ့ခြင်းကြောင့် အမျိုးသားစာပေဆုကိုရရှိခဲ့ပြီး ဦးသန်းဦး ပညာရေးဖောင်ဒေးရှင်းထူထောင်ကာ မြန်မာနိုင်ငံပညာရေးတက္ကသိုလ်များတွင် ထူးချွန်သည့် ပညာရေးဝိဇ္ဇာဘွဲ့ရ ဆရာ၊ ဆရာမများ ပေါ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ နိုင်ငံ၏ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော ဒေါက်တာသန်းဦးအား မြန်မာ့သတင်းစဉ် (ပြည်တွင်း)သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ။ ဆရာကြီးရဲ့ ပညာရေးဝန်ထမ်းဘဝ ဖြတ်သန်းခဲ့ရတဲ့ အခြေအနေကို အရင်ဆုံး သိပါရစေရှင့်။**

ဖြေ။ ။ ကျွန်တော်က မြန်မာသက္ကရာဇ် ၁၂၈၉ ခုနှစ်မှာ ပြည်မြို့မှာ မွေးဖွားခဲ့ပါတယ်။ ပြည်မြို့ အမျိုးသားအထက်တန်းကျောင်း၊ နိုင်ငံတော်တန်းမြင့်ကျောင်းတွေမှာ ပညာသင်ခဲ့ပြီး ၁၉၅၀ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ကနေ ဘီအေ(အီးဒီ)ဘွဲ့ကို ဂုဏ်ထူးနှစ်ဘာသာနဲ့ ပထမရပြီး အောင်ခဲ့ပါတယ်။ ၁၉၆၀ ခုနှစ်မှာတော့ ဘီအီးဒီဘွဲ့ကို ပထမရရှိပြီး ရွှေတံဆိပ်ဆုရခဲ့တယ်။ ၁၉၆၃ ခုနှစ်မှာတော့ အမ်အီးဒီဘွဲ့ကို အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီတက္ကသိုလ်ကနေ ဂုဏ်ထူးနဲ့အောင်မြင်ခဲ့ပါတယ်။

ဒီလိုတွေ အောင်မြင်ခဲ့ပြီး ပြည်ခရိုင် ပုတီးကုန်း၊ အုတ်ဖိုနဲ့ ပုသိမ်မြို့တို့မှာရှိတဲ့ အစိုးရအထက်တန်းကျောင်းတွေနဲ့ ဆရာအတတ်သင်ကျောင်းတွေမှာ ကျောင်းအုပ်ဆရာကြီးအဖြစ် အမှုထမ်းခဲ့တယ်။ နောက်တော့ ရာထူးအဆင့်ဆင့်နဲ့ အခြေခံပညာဦးစီးဌာနကနေ ညွှန်ကြားရေးမှူးချုပ်အဖြစ်နဲ့ ၁၉၈၅ ခုနှစ်မှာ အငြိမ်းစားယူခဲ့ပါတယ်။

**မေး။ ။ ဒီလိုတာဝန်တွေထမ်းဆောင်နေရင်းနဲ့ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ဆရာကြီးအနေနဲ့ အားတက်သရော ပါဝင်ခဲ့တာကိုလည်း ပြောပြပေးပါရှင့်။**

ဖြေ။ ။ပညာရေးကဏ္ဍမှာ မြန်မာနိုင်ငံစာတတ်မြောက်ရေး ဗဟိုကော်မတီမှာ အတွင်းရေးမှူးအဖြစ်နဲ့ ၁၉၄၆ ခုနှစ်ကတည်းက စာတတ်မြောက်ရေးလှုပ်ရှားမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံက ၁၉၆၄ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိ စာတတ်မြောက်ရေးလှုပ်ရှားမှုမှာ စာတတ်မြောက်မှုနှုန်းက ၇၈ ဒသမ ၆ ရာခိုင်နှုန်းအထိရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ အရေအတွက်အားဖြင့် လူဦးရေ နှစ်သန်းလောက် စာတတ်မြောက်သွားပါတယ်။ ၁၉၇၁ ခုနှစ်မှာတော့ ယူနက်စကိုအဖွဲ့ချုပ်က မြန်မာနိုင်ငံရဲ့ စာတတ်မြောက်ရေးလုပ်ငန်းတွေအတွက် ချီးမြှင့်တဲ့ ယူနက်စကိုဆု (မိုဟာမက် ရီဇာ ဖာလာဗီဆု) ကို မြန်မာနိုင်ငံကိုယ်စား ပြင်သစ်နိုင်ငံ ပါရီမြို့မှာ တက်ရောက်ရယူခဲ့ပါတယ်။ နောက်တော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ အသင်းအဖွဲ့တော်တော်များများမှာ တာဝန်အသီးသီးနဲ့ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

၁၉၅၁ ခုနှစ်ကတည်းက ပညာရေး၊ လူမှုရေးစာပေတွေ ရေးသားခဲ့ပြီး **မြန်မာနိုင်ငံပညာရေးဆိုင်ရာသမိုင်း**စာအုပ်နဲ့ ၁၉၉၉ ခုနှစ်က **အမျိုးသားစာပေဆု** ရခဲ့ပါတယ်။ ဒီနှစ် ဇန်နဝါရီလက ရန်ကုန်တက္ကသိုလ်က ချီးမြှင့်တဲ့ **ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့**၊မေလက အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီတက္ကသိုလ်က ချီးမြှင့်တဲ့ **ဂုဏ်ထူးဆောင်လူထုအကျိုးပြုစာပေပါရဂူဘွဲ့**တွေကို လက်ခံရရှိခဲ့ပါတယ်။

**မေး။ ။ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ လူထုအကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်ဖြစ်ဖို့ ဆရာကြီးအနေနဲ့ ဘယ်လိုစိတ်ခံယူချက်တွေနဲ့ ဘဝကို ဖြတ်သန်းတည်ဆောက်ခဲ့တယ်ဆိုတာလည်း ပြောပြပေးပါရှင့်။**

ဖြေ။ ။ ကျွန်တော့်အနေနဲ့ ငယ်စဉ်ကလေးဘဝကတည်းက ပညာရေးကို စိတ်ဝင်စားပါတယ်။ နောက်ပြီး ပညာကိုလည်း တန်ဖိုးထားလေးစားပါတယ်။ ကျွန်တော့်ဘဝတစ်လျှောက်လုံး အထူးသဖြင့် ကျောင်းသားဘဝမှာ ဆယ်တန်း



ဒေါက်တာ
သန်းဦး

နှစ်ကဆို စာအုပ်ခေါင်းပေါ်တင်၊ ရေကူးပြီးတော့ ကျောင်းတက်ခဲ့ရပါတယ်။ အဖေက ငယ်ငယ်ကတည်းကမရှိဘူး။ အမေက သေချာမဆုံးမနိုင်ဘူး။ ဆိုလိုချင်တာက ကိုယ့်ထူးကိုယ်ချွန်၊ ကိုယ့်အားကိုယ်ကိုးခဲ့ရတယ်။ ပညာကို စုံစုံမက်မက် နှစ်နှစ်သက်သက်နဲ့ ကြိုးစားခဲ့ခြင်းပါ။ ဒီလိုဘွဲ့ထူး၊ ဂုဏ်ထူးတွေရအောင်၊ ရွှေတံဆိပ်တွေ၊ ဆုတံဆိပ်တွေ ရအောင်ကြိုးစားတာ မဟုတ်ပါဘူး။ ကိုယ်ကြိုးစားစရာရှိတာကို ကြိုးစားအားထုတ်တာပဲဖြစ်တယ်။ ဘဝမှာ အမျိုးသားကျောင်းမှာနေခဲ့ပြီး လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတော်ကျောင်းကနေ ပြည်တွင်းပြည်ပ တက္ကသိုလ်ပေါင်းစုံ ရောက်ခဲ့တဲ့အထိ စာတတ်မြောက်အောင်၊ ပညာကို တစ်ဖက်ကမ်းခတ်တတ်မြောက်အောင် အားထုတ်မယ်ဆိုပြီး ကြိုးစားခဲ့ပါတယ်။ ဒီလိုအားထုတ်တဲ့နောက်ကနေ ဘွဲ့တွေ၊ ဂုဏ်ထူးတွေ၊ ရွှေတံဆိပ်တွေက လိုက်လာတာဖြစ်ပါတယ်။ ကြိုးစားစရာရှိတာကို ကြိုးစားခဲ့ပါတယ်။

**မေး။ ။ ကျောင်းဆရာအဖြစ်နဲ့ စာပေသင်ကြားပို့ချခဲ့တဲ့ ဆရာကြီးအနေနဲ့ ထူးချွန် ဆရာ၊ ဆရာမတွေဖြစ်ထွန်းအောင်လည်း ကြိုးပမ်းဆောင်ရွက်နေတာ သိရပါတယ်။ မျိုးဆက်သစ် ဆရာ၊ ဆရာမတွေအတွက်လည်း ဩဝါဒစကား ပြောကြားပေးပါရှင့်။**

ဖြေ။ ။ ကျွန်တော်ကိုယ်တိုင် အထက်တန်းကျောင်းအုပ်၊ ဆရာအတတ်သင်ကျောင်းအုပ်အဖြစ်နဲ့ စာသင်ရတဲ့အခါတိုင်း ကိုယ့်တပည့်တွေကို တတ်မြောက်အောင်သင်ပါတယ်။ ကျူရှင်တွေ မယူခဲ့ရပါဘူး။ အဓိကက တတ်အောင်သင်ပေးပါတယ်။ ဩဝါဒအနေနဲ့ စာအုပ်လေးတွေ အရေအတွက် လေးသိန်းကို ပုံနှိပ်ပြီး ဝေထားပါတယ်။ ဒါကတော့ **“တတ်မြောက်အောင်သင်၊ အောင်မြင်အောင်စစ်”** ဆိုတာပါ။ တတ်မြောက်အောင်သင်ပြီးရင်တော့ အောင်မြင်မှာ မုချပါပဲ။ ကလေးတွေ ကျူရှင်တွေကနေ လေ့လာစရာမလိုဘဲ ကိုယ့်ဆရာဆီကပဲရအောင် ကြိုးစားအားထုတ်ပြီးသင်ပါ။ နိုင်ငံတော်ကလည်း ဒီလို ကြိုးစားအားထုတ်တဲ့ ဆရာ၊ ဆရာမတွေကို ချီးမြှောက်နေပြီး ပိုပြီး ချီးမြှောက်မယ့်အစီအစဉ်တွေလည်း ပညာရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်တွေမှာ ပါလာပါပြီ။

အခု ကျွန်တော် အသက် (၈၈) နှစ်မှာ ပါရဂူတန်းနဲ့ မဟာတန်းတွေကို လက်ရှိ သင်နေပါတယ်။ **တတ်မြောက်အောင်သင်၊ အောင်မြင်အောင်စစ်** ဆိုတဲ့မူကို လက်ကိုင်ထားပြီးတော့ပဲ သင်ကြားခဲ့ပါတယ်။

**မေး။ ။အနာဂတ်အလင်းရောင်ဖြစ်တဲ့ ပညာရေးနဲ့ပတ်သက်ပြီး မျိုးဆက်သစ်တွေအတွက် ဆရာကြီးရဲ့ အမှာအကြားကိုလည်းသိပါရစေရှင့်။**

ဖြေ။ ။ **ပညာဟူသည်မြတ်ရွှေအိုးပါ။ မြတ်**ဆိုတာ ပါပါတယ်။ ဒါက မြန်မာ့အယူအဆပါ။ ကမ္ဘာ့အယူအဆကတော့ **Education is Golden Key to open the Golden Gate of Success -အောင်မြင်ခြင်းရွှေတံခါးကို ဖွင့်မယ့် ရွှေသော့ကတော့ ပညာရေး**ပါပဲ။ ဒါကို ကမ္ဘာ့ပညာရှင်များက ပြောပါတယ်။ **ပညာဆိုတာ အတွင်းမှာရှိတဲ့ ရတနာ- Learning: the Treasure within** လို့ပြောပြီး မြန်မာလိုတော့ မြတ်ရွှေအိုးကို ရအောင်ယူဖို့ပါပဲ။ မြန်မာလိုပြောရင် **“ယူရင်ရတယ်၊ ထူရင်ထတယ်။ ထဖို့ကို ထူရလိမ့်မယ်၊ ရဖို့ကို ယူရလိမ့်မယ်”** လို့ တိုတိုနဲ့ချုံချုံပဲ မှာချင်ပါတယ်။ ပညာရေးမှာပဲဖြစ်ဖြစ်၊ လုပ်ငန်းတာဝန်မှာပဲဖြစ်ဖြစ် တာဝန်ကို ကျေပွန်ရုံတင်မကဘူး။ စွမ်းစွမ်းတမံလည်း အားထုတ်ကြပါလို့ ပြောကြားချင်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

မေးရေး-မိုးသူဇာစိုး
ဓာတ်ပုံ -ထိန်နန်နော်

## မြန်မာ့ဂီတနေ့

✻ မြန်မာ့ဂီတသမိုင်း၊ မြန်မာတိုင်းသိ
အမိမြန်မာပြည်၊ နယ်ချဲ့ဆီက
ရအောင်တိုက်ယူ၊ ပြည်သူတွေထံ
ဇာတိမာန်ပေး၊ ရင်ထဲက တေးတစ်ပုဒ်
ရေးထုတ်ခဲ့သည်၊ ဆရာဝိုင်အမ်ဘီရဲ့
အစွမ်းထက်ခဲ့ပုံ၊ အဟုန်ပြင်းပြင်း၊
“တို့ဗမာသီချင်း”၏. . .
ဇာတိပုညာ၊ ဂုဏ်မာနကြောင့်
မြန်မာ့မျိုးချစ်စိတ်၊ အထွတ်အထိပ်သို့
ရောက်အောင်ပို့ခဲ့၊ ဂုဏ်ပြုတဲ့နေ့
မြန်မာ့ဂီတနေ့ကို တို့ကြိုဆို၏. . .။
✻ မြန်မာ့ဂီတ၊ ကြည်မြအဆင်း
ဂီတသီချင်းသံ၊ သရုပ်မှန်မှန်နဲ့
ထုတ်ပြန်ပေးသွား၊ ဆရာ့ဆရာများစွာ
မဟာ့မဟာဂီတ၊ အလုတွင်အယဉ်ဆင့်
သမိုင်းနှင့်ချီ၊ ကြာခဲ့ပြီလေ
“ဂန္ထဝင်တွေရွှေချ၊ ထိန်းသိမ်းကြစို့. . .”
မြန်မာ့အမွေအနှစ်၊ ရွှေအစစ်မို့
ဘယ်ခေတ်ပြောင်းပြောင်း၊ မဟောင်းမနွမ်း
လန်းဆန်းလျက်ပင်၊ ရိုးရာယဉ်ကျေးမှု
သုခုမပညာ၊ ထံတျာတေတယော
ရသသဘောပါ၊ အလင်္ကာဂုဏ်
တေးဝတ်မှုန်တွေ၊ ထုံလျက်သင်းလျက်
သက်တမ်းထောင်သောင်း၊ သရဖူဆောင်းသမျှ
မြန်မာ့ဂီတနေ့တွေ တည်ရှိနေလိမ့်. . .။ ။

(မျိုးချစ်ဂီတစာဆိုတော်ကြီးများနှင့် ဂန္ထဝင်ဂီတပညာရှင်ကြီးများသို့ ဦးညွတ်လျက်)

ဟသ်ာတမြင့်ငွေ

### ❑ ကျောဖုံးမှ

“ဒီနှစ်တော့ အစ်မတို့ အနေနဲ့ ထူးထူးခြားခြားပေါ့။ သံစဉ်ဖလှယ်ကြတယ်။ ဂီတညီအစ်မမှာဆို အန်တီချိုပြုံး သီချင်းကို ယုဇနကသီဆိုမယ်။ တစ်ခု ပြောချင်တာက အဆိုတော်တွေ ပေါင်တိုစကပ်တိုတွေနဲ့ သီဆိုနေတဲ့ အချိန်မှာ ကိုယ်နှစ်သက်တဲ့သီချင်းကို မြန်မာ့ယဉ်ကျေးမှုနဲ့အညီ လှလှပပ ဝတ်ပြီးတော့ ဘယ်လိုသီဆိုသွားလဲ ဆိုတာပြချင်တယ်။ အစ်မတို့ကျင်းပလာတာ ၁၂ ကြိမ်ရှိပါပြီ။ အောင်မြင်တယ်လို့ ဆိုရမယ်။အရင်က ရှော့ပင်းမောလ်တွေ၊ ကုန်တိုက်တွေမှာ မြန်မာဝတ်စုံဆိုတာဝယ်ဖို့မလွယ်ဘူး။ အခုဆို လွယ်သွားပြီ။မြန်မာဝတ်စုံကို မြန်မာမိန်းကလေးတွေ ဝတ်လာကြပြီ။ တန်ဖိုးထား ဝတ်ဆင်လာကြပြီ။ ဒါအောင်မြင်တာပါပဲ” ဟု ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ပွဲစီစဉ်သူက ပြောသည်။

အဆိုပါပွဲတွင် မြန်မာအမျိုးသမီးလေးများ၏ ခေတ်အဆင်နှင့် ယနေ့အသွင် ဝတ်စားဆင်ယင် ထုံးဖွဲ့မှုများကို အင်းဝခေတ်မှစ၍ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ မြန်မာနိုင်ငံရာသီဥတု နွေ၊မိုး၊ဆောင်း သုံးရာသီစလုံးနှင့် ကိုက်ညီသည့် ဝတ်စားဆင်ယင်မှုပုံစံများကို နုနယ်လှပသော မြန်မာအလှမယ်လေးများက ဝတ်ဆင်ပြသွားမည့်အပြင် ခေတ်အလိုက် ကျော်ကြားသော တေးသီချင်းများကို နာမည်ကျော် တေးသံရှင်များက အချင်းချင်းဖလှယ်၍ သီဆိုဖျော်ဖြေခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ် သိန်း ၁၅၀ ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ နာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များက ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကြီးအောင်မြင်စွာ တင်ဆက်ပြသနိုင်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုအမှတ်တရ ရွှေချည်ထိုးကားချပ် ပေးအပ်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ နာယက ဒေါ်နီနီဝင်း၊ ဒေါ်ခင်မိမိ၊ဥက္ကဌ ပါမောက္ခဒေါ်ခင်မာထွန်းနှင့် အဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး ပြပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ပံ့ပိုးကူညီပေးခဲ့သူများအား ဂုဏ်ပြုပန်းစည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြန်မာတို့အကြိုက် အငြိမ့်ခန်းဖြစ်သော အကယ်ဒမီ ရွှေပန်းချီအငြိမ့်တွင် ချောရတနာနှင့် ဂျင်းနီတို့က ကပြဖျော်ဖြေရာ နိုင်ငံကျော် အနုပညာရှင်များဖြစ်သည့် စိုးမြတ်သူဇာ ၊ခိုင်သင်းကြည်၊ ဆုပန်ထွာ၊မြတ်ကေသီအောင်၊ စိုးမိုးကြည်တို့က လူရွှင်တော်အဖြစ်တစ်မူထူးခြားစွာ ပရိသတ်အကြိုက် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သည့် (၁၂)ကြိမ်မြောက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့်ဖျော်ဖြေပွဲကြီးကို ဇွန် ၂၇ ရက်နှင့် ၂၈ ရက်နေ့တို့တွင် အများပြည်သူများ ကြည့်ရှုနိုင်ရန် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ညနေ ၆ နာရီမှစတင် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-သီသီမင်း၊
ဓာတ်ပုံ-ခင်မောင်ဝင်း

## ဝေန်မြစ်ရေ စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် ဇွန် ၂၆**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂၁၅ စင်တီမီတာ (ခုနစ်ပေခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

# အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
အမိန့်ကြော်ငြာစာအမှတ်၊ ( ၄ / ၂၀၁၅ )
၁၃၇၇ ခုနှစ် ၊ ပထမဝါဆိုလဆန်း ၉ ရက်
( ၂၀၁၅ ခုနှစ် ၊ ဇွန်လ ၂၅ ရက် )

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နည်းဥပဒေ ၇ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် -

(က) မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့၌ အသက် ၁၈ နှစ် ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းကို ထည့်သွင်းပြုစုရမည်။ "

၃။ နည်းဥပဒေ ၁၁ (က) တွင်ပါရှိသော "နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ခုနစ်ရက်အတွင်း " ဆိုသည့် စကားရပ်ကို " နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ၁၄ ရက်အတွင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နည်းဥပဒေ ၁၁ (င) (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

" ၁၁။ (င) (၂) အသက် ၁၈ နှစ်ပြည့်ကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကိုလည်းကောင်း၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား ကိုလည်းကောင်း၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်ကိုလည်းကောင်း တင်ပြစေခြင်း။ "

၅။ နည်းဥပဒေ ၄၄ (က) နှင့် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

" ၄၄။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅ (က)၊ (ခ)၊ (ဂ)နှင့် နည်းဥပဒေ ၅၄(ဃ)၊ (ဆ)တို့ပါဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေများနှင့်အညီ အောက်ပါနည်းလမ်းအတိုင်း ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သည် -

(က) ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅(ခ)၊ (ဂ)နှင့် နည်းဥပဒေ ၅၄(ဃ)တို့ပါ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်၌ ဆန္ဒပြုရာတွင် နည်းဥပဒေ ၄၁(ခ)ပါအတိုင်း တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုရမည်။

(ခ) ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၅(က)ပါ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်းရှိ တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့တက်ရောက်ကုသနေသူများနှင့် ရွေးကောက်ပွဲ နည်းဥပဒေ ၅၄(ဆ)ပါ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေအရ ကြိုတင်ဆန္ဒမဲပေးရာ၌ လွယ်ကူချောမွေ့စေရန်အတွက် ကြိုတင်ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတ အမှတ်အသား တည့်တည့်တွင်ရှိသည့် လေးထောင့်ကွက် အတွင်း၌ အမှန်( ✔ ) အမှတ်အသားပါရှိသည့် တံဆိပ်တုံး ရိုက်နှိပ်၍ ဆန္ဒပြုမည့်အစား အမှန်( ✔ ) အမှတ်အသား ရေးခြစ်၍ ဆန္ဒပြုရမည်။ "

၆။ နည်းဥပဒေတွင်ပါရှိသော " နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ " ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ နည်းဥပဒေပါ ပုံစံ(၁)၊ ပုံစံ(၁-၁)၊ ပုံစံ(၁-၂)နှင့် ပုံစံ(၁-၃) တို့၏ ရှင်းလင်းချက်အပိုဒ်(၃)တွင် ပါရှိသော " ယာယီသက်သေခံလက်မှတ်အမှတ် " ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၈။ နည်းဥပဒေ ပုံစံ(၃)နှင့် ပုံစံ(၃-က) တို့တွင်ပါဝင်သော " ယာယီသက်သေခံ " ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

**(ပုံ) တင်အေး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
အမိန့်ကြော်ငြာစာအမှတ်၊ (၅ / ၂၀၁၅ )
၁၃၇၇ ခုနှစ် ၊ ပထမဝါဆိုလဆန်း ၉ ရက်
( ၂၀၁၅ ခုနှစ် ၊ ဇွန်လ ၂၅ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နည်းဥပဒေ ၇ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသည် -

(က) မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့၌ အသက် ၁၈ နှစ် ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသား ပြုခွင့်ရသူတိုင်းကို ထည့်သွင်း ပြုစုရမည်။ "

၃။ နည်းဥပဒေ ၁၁ (က) တွင်ပါရှိသော " နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန် ကြေညာပြီးသည့်နေ့မှ ခုနစ်ရက်အတွင်း " ဆိုသည့် စကားရပ်ကို " နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ၁၄ ရက်အတွင်း " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နည်းဥပဒေ၁၁ (င) (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

" ၁၁။ (င) (၂) အသက် ၁၈ နှစ်ပြည့်ကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကို လည်းကောင်း၊ အမျိုးသားမှတ်ပုံတင်ကတ်ပြားကို လည်းကောင်း၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်ကိုလည်းကောင်း တင်ပြစေခြင်း။ "

၅။ နည်းဥပဒေ ၄၄ (က) နှင့် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

" ၄၄။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅ (က)၊ (ခ)၊ (ဂ)နှင့် နည်းဥပဒေ ၅၄(ဃ)၊ (ဆ)တို့ပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေများနှင့်အညီ အောက်ပါနည်းလမ်းအတိုင်း ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သည် -

(က) ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅(ခ)၊ (ဂ)နှင့် နည်းဥပဒေ ၅၄(ဃ)တို့ပါ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်၌ ဆန္ဒပြုရာတွင် နည်းဥပဒေ ၄၁(ခ)ပါအတိုင်း တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုရမည်။

(ခ) ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၅(က)ပါ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်းရှိ တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့တက်ရောက်ကုသနေသူများနှင့် ရွေးကောက်ပွဲ နည်းဥပဒေ ၅၄(ဆ)ပါ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေအရ ကြိုတင်ဆန္ဒမဲပေးရာ၌ လွယ်ကူချောမွေ့စေရန်အတွက် ကြိုတင်ဆန္ဒမဲ လက်မှတ်ပေါ်တွင် မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတ အမှတ်အသား တည့်တည့်တွင်ရှိသည့် လေးထောင့်ကွက် အတွင်း၌ အမှန်( ✔ ) အမှတ်အသားပါရှိသည့် တံဆိပ်တုံးရိုက်နှိပ်၍ ဆန္ဒပြုမည့်အစား အမှန်( ✔ ) အမှတ်အသား ရေးခြစ်၍ ဆန္ဒပြုရမည်။ "

၆။ နည်းဥပဒေတွင်ပါရှိသော " နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ " ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ နည်းဥပဒေပါ ပုံစံ(၁)၊ ပုံစံ(၁-၁)၊ ပုံစံ(၁-၂)နှင့် ပုံစံ(၁-၃) တို့၏ ရှင်းလင်းချက် အပိုဒ်(၃) တွင်ပါရှိသော "ယာယီသက်သေခံလက်မှတ်အမှတ် " ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၈။ နည်းဥပဒေပုံစံ(၃)နှင့် ပုံစံ(၃-က) တို့တွင်ပါဝင်သော " ယာယီသက်သေခံ " ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

**(ပုံ) တင်အေး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဂျုံသီးနှံကေနစ်သိန်းကျော်စိုက်ပျိုးရန် လျာထား

**မုံရွာ ဇွန် ၂၆**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်နှင့်ယင်းမာပင်ခရိုင်အတွင်းရှိမြို့နယ်များတွင် ဂျုံသီးနှံ ဧက ၂၁၀၀၀၀ စိုက်ပျိုးနိုင်ရေး လျာထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဂျုံသီးနှံစိုက်ပျိုးမှုနှင့်ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှာ မုံရွာ၊ စစ်ကိုင်းနဲ့ ရွှေဘိုမြို့တွေမှာ စက်မှုဇုန်တွေရှိတယ်။ အဲဒီစက်မှုဇုန်တွေမှာ ဂျုံမှုန့်ကြိတ်စက်ရုံတွေ ရှိတယ်။ နောက်ပြီးအသေးစားဂျုံကြိတ်ခွဲရေးစက်တွေရှိတယ်။ အဲဒီစက်ရုံတွေမှာ အဓိကလိုအပ်တဲ့ဂျုံသီးနှံတွေကို မုံရွာ၊ စစ်ကိုင်း၊ ရွှေဘိုနဲ့ ယင်းမာပင် ခရိုင်တွေမှာရှိတဲ့မြို့နယ်တွေမှာ စိုက်ပျိုးကြတာပါ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က မုံရွာခရိုင်မှာ ၄၈၅၅၆ဧက၊ စစ်ကိုင်းခရိုင်မှာ ၆၂၇၀၁ဧက၊ ယင်းမာပင်ခရိုင် မှာ ၃၉၁၄၃ ဧက၊ ရွှေဘိုခရိုင်မှာ ၃၀၅၀၇ ဧကနဲ့ ကသာ၊ ကောလင်း၊ တမူးနှင့် ခန္တီးမြို့နယ်များတွင် ၆၀၈ ဧကစိုက်ပျိုးနိုင်ခဲ့တယ်။ မျိုးတွေအနေနဲ့က မုံရွာဂျုံဖြူ၊ ဇလုပ်ဂျုံဖြူနဲ့ ဗွီ-၁၂၈၇(ဂျုံနီ)မျိုးတွေကို စိုက်ကြတယ်။ စက်မှုဇုန်တွေမှာ မြန်မာ့ဂျုံတွေနဲ့ စာရင် ဈေးသက်သာတဲ့ အိန္ဒိယဂျုံနီတွေက ဂျုံဆန်၊ ဂျုံမှုန့်တွေ အဝင်များလာတော့ မြန်မာ့ဂျုံတွေကအခုနောက်ပိုင်းမှာ ဈေးမရတော့ စိုက်ပျိုးဖို့အတွက် တောင်သူတွေစိတ်ဝင်စားမှုနည်းလာတယ်" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဂျုံသီးနှံ ဧက ၂၁၀၀၀၀ ကိုစိုက်ပျိုးနိုင်ရေးလျာထားလျက်ရှိရာ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် လျာထားချက်ပြည့်မီစွာစိုက်ပျိုးနိုင်ရေး မြို့နယ်အလိုက်စိုက်ပျိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများက တောင်သူများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# မူးယစ်အန္တရာယ် ပညာပေးဟောပြော

**ရန်ကုန် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြော ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် နံရံကပ်စာစောင်၊ ပိုစတာ၊ စာအုပ်ပြပွဲနှင့် ဓာတ်ပုံပြပွဲများကို မရမ်းကုန်းမြို့နယ် အထက(၁) စန္ဒိမာခန်းမ၌ ဇွန် ၂၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော အထက်တန်းနှင့် အလယ်တန်းအဆင့် ဆုရရှိသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆုချီးမြှင့်ပေးခဲ့ကြပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) အလုပ်အမှုဆောင်၊ စိတ်ကျန်းမာရေးဆေးရုံအုပ်ကြီး(ငြိမ်း)ဒေါက်တာမောင်မောင်လွင်က မူးယစ်ဆေးဝါး၏ဆိုးကျိုးအကြောင်းအရာများအား ပညာပေးဟောပြောသည်။

ယင်းနောက် တက်ရောက်လာကြသူများက အသိပညာပေး နံရံကပ်စာစောင်၊ ပိုစတာ၊ စာအုပ်နှင့် ဓာတ်ပုံများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(အောင်မြင့် ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

**❖ မိတ္ထီလာမှ**

တလင်းကုန်းချောင်း၊ ရွှေစစ်သည်ချောင်းတို့သည် မိတ္ထီလာ(မြောက်)ကန်ဘက်မှ စီးဝင်ကြသည်။ ထို့ကြောင့် မိတ္ထီလာ(မြောက်) ကန်ကြီးမှာ သဲနုန်းပို့ချ၍ သိသိသာသာ တိမ်ကောလာသည်။ ရေလှောင်ပမာဏ လျော့ကျလာ၍ ကန်ရေသောက်လယ်များအား ရေလုံလောက်စွာ မပေးဝေနိုင်တော့ပေ။ သဲနုန်းပို့ချ၍ မိတ္ထီလာ(မြောက်) ကန်မှာ ရေအနက် လေးပေခွဲ၊ ရေလှောင်ပမာဏ ဧက ပေ ၃၀၀၀ သာ သိုလှောင်နိုင်တော့သည်။

တိမ်ကောလာသည့် မိတ္ထီလာ(မြောက်) ကန်ကြီးကို ပြန်လည်ပြုပြင်တူးဖော်သွားရန် နိုင်ငံတော်သမ္မတကြီးသည် မေ ၂၃ ရက်က မိတ္ထီလာ(မြောက်)ကန် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်း စတင်ခြင်းအခမ်းအနားသို့ တက်ရောက်အားပေးဆောင်ရွက်စေခဲ့သည်။ ဆည်မြောင်းဦးစီးဌာနက မိတ္ထီလာ(မြောက်)ကန် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းကို စက်ယန္တရားအင်အား ၄၀၀ ခန့်ဖြင့် အချိန်နှစ်လအတွင်း ပြီးစီးအောင် တူးဖော်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ပြီးစီးသွားပါက ဒေသခံပြည်သူများအတွက် သောက်သုံးရေ၊ တောင်သူများအတွက် စိုက်ပျိုးရေများ ရရှိမည်ဖြစ်ကြောင်း၊ ကန်ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းတွင်လည်း ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးသွားရန် ပြောကြားသွားသည်။

မိတ္ထီလာ(မြောက်) ကန်ကြီးကို နိုင်ငံတော်သမ္မတကြီး ညွှန်ကြားခဲ့သည့်နေ့မှစ၍ စက်ယန္တရားအင်အား ၄၀၀ ခန့်၊ လုပ်သားအင်အား ၆၀၀ခန့်၊ ကြီးကြပ်သူ အင်ဂျင်နီယာ ၃၀ခန့်ဖြင့် နေ့ရောညပါ ဆောင်ရွက်လျက်ရှိသည်။ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း၊ မြေကြီးကျင်းပေါင်း ၉၇၂၅၀၀ တူးဖော်သွားမည်ဖြစ်ရာ ၂၀၁၅ ခုနှစ် ဇွန် ၂၄ ရက်အထိ မြေကြီးကျင်းပေါင်း ၃၃၃၅၄၂ (လုပ်ငန်းပမာဏ ၃၄ ဒသမ ၃ ရာခိုင်နှုန်း) ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းအပြင် ကန်ပေါင်များ ပိုးခြင်းနှင့် ကန်ပေါင်အသစ်ပြုလုပ်ခြင်း၊ ဆင်ခြေလျှော လှိုင်းကာ ကျောက်ရိုးစီခြင်း၊ ရေထိန်းတံခါးနှင့် ကန်ကြားရေတံခါးများ ပြုပြင်ခြင်းလုပ်ငန်းများကို တစ်ဆက်တည်း တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိသည်။

မိတ္ထီလာ(မြောက်) ကန်တွင် မူလက အလျား ပေ ၂၃၀၀ သာရှိသော မထောင်းတာ ကန်ပေါင်ရိုးသာရှိသည်။ မြို့ရွာများ တိုးချဲ့လာ၍ မိတ္ထီလာကန်တစ်လျှောက် တိုးချဲ့လာသော လူနေအိမ်များ၊ တပ်ရင်းတပ်ဖွဲ့များနှင့် ဆေးရုံများမှ အညစ်အကြေးစွန့်ပစ်ရေများ ကန်တွင်းသို့ မဝင်ရောက်စေရန် လူနေအိမ်ခြေများ ကန်ဧရိယာအတွင်း တိုးချဲ့မလာစေရန် မိတ္ထီလာ(မြောက်) ကန်တစ်ခုလုံး၏ တောင်ဘက်၊ အရှေ့ဘက်၊ မြောက်ဘက်တို့တွင် ကန်ပေါင်အလျား စုစုပေါင်း ပေ ၂၅၆၀၀ ရှိ ကန်ပေါင်အသစ်ကို သုံးဖက်သုံးတန် ကာရံတည်ဆောက်သွားမည်ဖြစ်သည်။ ကန်၏အနောက်ဘက် အဓိကရေဝင်ချောင်းများ စီးဝင်ရန်နေရာသာ ချန်လှပ်ထားမည်ဖြစ်သည်။ ယင်းကန်ပေါင်တစ်လျှောက်မှာ ရေလှိုင်းခံ ကျောက်ရိုးများကိုလည်း လိုအပ်သောနေရာများတွင် ထည့်သွင်းစီခင်းလျက်ရှိသည်။ ယခင်မြင်းလှည်းသွားလမ်းဟု ခေါ်သော နန်းတော်ကုန်းရပ်ကွက်နှင့် ဈေးအနောက်ဘက် ပွဲစားတန်းဘက်သို့ ဆက်သွယ်ထားသော ကန်ကြားကန်ပေါင်လမ်းကိုလည်း ရေလွှတ်အမြင့်ထိဖို့၍ တည်ဆောက်လျက်ရှိပြီး ယင်းကန်ပေါင်ပေါ်တွင် မြို့နေလူထု ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်ရန် နေရာကိုလည်း ထည့်သွင်းဆောက်လုပ်သွားမည်ဟု သိရသည်။

ယင်းကန်ကြား ကန်ပေါင်၌ တောင်ကန်၊ မြောက်ကန်နှစ်ဘက်သို့ လိုအပ်သလို ရေထိန်းညှိလွှတ်ပေးနိုင်မည့် ရေတံခါးတပ်၊ ရေထုတ်ပြွန်များ၊ ရေကျော်များကို တည်ဆောက်လျက်ရှိသည်။ ယခင်က ရေကြီးချိန်တွင် ကန်ကြားကန်ပေါင်ကျိုးပျက်၍ ခရီးလမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းမျိုး မဖြစ်နိုင်တော့ကြောင်း သိရသည်။ မထောင်းတာကန်ပေါင်သည် မိတ္ထီလာ-မြင်းခြံ ကားလမ်းဖြတ်သန်းသွားရာဖြစ်ပြီး တိုးတက်များပြားလာသော မော်တော်ယာဉ်၊ ဆိုင်ကယ်များကြောင့် လမ်းပိတ်ဆို့ခြင်း၊ ယာဉ်အန္တရာယ်ဖြစ်ပေါ်ခြင်းများ မကြာခဏ ကြုံတွေ့ခဲ့ရသည်။ ယခုအခါ ယင်းကန်ပေါင်အား ထိပ်ပြင်အကျယ် ပေ ၁၀၀အထိ တိုးချဲ့ဆယ်ဖို့ခဲ့ရာ ပြီးစီးလုနေပြီဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် နောင်တွင် ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်အန္တရာယ် ဖြစ်ပေါ်ခြင်းများအတွက် စိတ်အေးရတော့မည်ဖြစ်သည်။

မိတ္ထီလာကန်အတွင်း သဲနုန်းတူးဖော်ရာ၌ ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တပ်များက ဂျပန်တို့ကို ကြဲချတိုက်ခိုက်ခဲ့သော စစ်ကြွင်းစစ်ကျန် ဗုံးသီးဟောင်းများကို တွေ့ရှိရသည်။ ၉-၆-၂၀၁၅ ရက်တွင် အလျား သုံးပေခွဲ၊ လုံးပတ် နှစ်ပေရှိ ဗုံးသီးနှစ်လုံး၊ ၁၂-၆-၂၀၁၅ ရက်နှင့် ၁၅-၆-၂၀၁၅ ရက်များတွင် အလားတူ ဗုံးသီးနှစ်လုံး၊ ၁၈-၆-၂၀၁၅ ရက်တွင် အလျား ၁၄ လက်မ၊ လုံးပတ် ၁၂ လက်မရှိ ဗုံးသီးတစ်လုံးနှင့် ၂၂-၆-၂၀၁၅ ရက်တွင် တိုင်းတာစစ်ဆေးမှု မပြုနိုင်သေးသည့် ဗုံးသီးတစ်လုံး တွေ့ရှိခဲ့ရသည်။ ယင်းတို့အနက် ဗုံးသီးဟောင်းသုံးလုံးကို စနစ်တကျ သိမ်းယူခဲ့ပြီး သယ်ယူရန်အန္တရာယ်ရှိသော ဗုံးသီးဟောင်းနှစ်လုံးအား အန္တရာယ်ကင်းစွာ ဖောက်ခွဲဖျက်ဆီးနိုင်ခဲ့သည်။ ကျန်ရှိသော ဗုံးတစ်လုံးအား စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

(၁၈) ကြိမ်မြောက် မိတ္ထီလာ(မြောက်) ကန် ပြန်လည်ပြုပြင်တူးဖော်ခြင်း အထိမ်းအမှတ်အဖြစ် ကန်ကြားကန်ပေါင်နှင့် ကန်ပတ်လမ်း တာပေါင်ဆုံရာ ကန်ပေါင်ပေါ်တွင် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအများ ဖူးမြော်ကြည်ညိုနိုင်ရန် ဉာဏ်တော် ၂၇ တောင်အမြင့်ရှိ ရွှေစည်းခုံပုံတူ ဓမ္မသုခ ကန်ဦးစေတီတော်ကို စတင်တည်ထားဆောင်ရွက်လျက်ရှိသည်။ မိတ္ထီလာမြို့ ရေလယ်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တ လာဘာဝတက [အောင်. ဆန်း. တင့်. ထူး. ဝါလဦး. မိတ္ထီလာ(မြောက်) ကန်တူး] ဟူ၍ မိတ္ထီလာ(မြောက်) ကန် တူးဖော်သည့် သက္ကရာဇ်နှင့်အချိန်ကို မှတ်သားထားကြောင်း သိရသည်။

ယခုအခါ မိတ္ထီလာ(မြောက်) ကန်ကြီးကို ပြည်သူပြည်သား မိတ္ထီလာမြို့သားများ နှစ်ကာလများစွာ လိုချင်တောင့်တလျက်ရှိသော ဆန္ဒ၊ နိုင်ငံသမိုင်းဝင်၊ သာသနာသမိုင်းဝင် ကန်တော်ကြီး၏ သမိုင်းလိုအပ်ချက်ကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှူးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ဤကဲ့သို့ မိတ္ထီလာနယ်တစ်နယ်လုံး လူသတ္တဝါအားလုံး၏ မှီခိုအားထားရာဖြစ်သော မိတ္ထီလာကန်တော်ကြီးသည် သမိုင်းအဆက်ဆက်မှ ယနေ့အထိ အကျိုးပြုနေဆဲဖြစ်သည်။ ဤကန်တော်ကြီး မပျက်စီးရေး၊ မတိမ်ကောရေး၊ အစဉ်တည်တံ့သာယာရေးသည် ကျွန်ုပ်တို့အတွက် သမိုင်းပေးတာဝန်ဖြစ်သည်။ ရေတဖွေးဖွေးနှင့် သာယာလှပနေမည့် မိတ္ထီလာ (မြောက်)ကန်တော်ကို မှန်းဆ၍ မိတ္ထီလာမြို့သူမြို့သားတို့၏ ပီတိကို ဖော်ညွှန်းရေးသားလိုက်ရပါသည်။

# ဆက်လက်ကျင်းပသွားမည့် ခရိုင်အဆင့်ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲများ၌ အကြံဉာဏ်များပေးနိုင်

**နေပြည်တော် ဇွန် ၂၆**

၂၀၁၅ ခုနှစ် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)ကို နေပြည်တော်အားကစားရွာ(Gold Camp)တွင် ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် မူလတန်းအဆင့်ကျောင်းသုံးစာအုပ်များ ရေးသားပြုစုခြင်း၊ အခြေခံပညာသင်ရိုးညွှန်းတမ်းကို ထိရောက်စွာအကောင်အထည်ဖော်ရေး၊ သူငယ်တန်းပညာရေးကို သင်ရိုးသစ်ဖြင့် အကောင်အထည်ဖော်ရေးတို့အတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ အကြံပေးနာယကဆရာကြီး ဒေါက်တာသန်းဦး၊ သင်ရိုးညွှန်းတမ်းအကြံပေး ပညာရှင် ဒေါက်တာဝင်းအောင်၊ ဒေါက်တာမြင့်သိန်းနှင့် အကြံပေးအဖွဲ့ပညာရှင်များ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများက ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့အပြင် နည်းပညာနှင့် သက်မွေးပညာရေးဥပဒေ(မူကြမ်း)၊ ပုဂ္ဂလိကပညာရေးဥပဒေ(မူကြမ်း)၊ အခြေခံပညာရေးဥပဒေ(မူကြမ်း)၊ အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး၊ အနှစ်(၂၀)နှစ်ရှည်စီမံကိန်း (မူကြမ်း)၊ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်(မူကြမ်း)များကို ချပြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review-CESR) အပေါ် မူတည်ရေးဆွဲထားသော ပညာရေးမူဝါဒ၊ ပညာရေးဥပဒေများနှင့် ပညာရေးစီမံကိန်းတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သဖြင့် ပညာရေးမြှင့်တင်မှုအတွက် အောက်ပါလိုအပ်ချက်များကို **၂၀၁၅ ခုနှစ် ဇွန် ၂၈ ရက်နေ့တွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးစိုက်ရာ ခရိုင်များတွင် တစ်ပြိုင်တည်း ကျင်းပသွားမည်**ဖြစ်ပါသည်-

(က) သန်းခေါင်စာရင်းအရ ဒေသလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအမြင်ဖြင့် မူကြို၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အဆင့်မြင့်ပညာလိုအပ်ချက်များ၊

(ခ) Drop Out များအတွက် ကျောင်းပြင်ပပညာရေး၊ သက်မွေးပညာရေးလိုအပ်ချက်များ၊

(ဂ) ကျောင်း၊ အခြေခံအဆောက်အအုံ၊ သင်ထောက်ကူနှင့်ဆရာလိုအပ်ချက်များအား Costed Plan နှင့် ကိုက်ညီစီမံနိုင်ရန် လိုအပ်ချက်များ၊

(ဃ) ဆက်စပ်ဥပဒေများဖြစ်သည့် အခြေခံပညာရေးဥပဒေ၊ နည်းပညာနှင့် သက်မွေးပညာရေးဥပဒေ၊ ပုဂ္ဂလိက ပညာရေးဥပဒေများနှင့် စပ်လျဉ်း၍ အကြံပြုလိုသည့်အချက်များ၊

(င) စာမေးပွဲစနစ်၊ ကျောင်းဝင်ခွင့်စနစ်နှင့် မိဘဆရာအသင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အကြံပြုလိုသည့်အချက်များ၊

သို့ပါ၍ ဆက်လက်ဆောင်ရွက်မည့် ခရိုင်အဆင့် ဆွေးနွေးပွဲများတွင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် စာပေယဉ်ကျေးမှုအဖွဲ့အစည်းများ၊ ပညာရေးဆိုင်ရာ လူမှုအဖွဲ့အစည်းများ၊ ဆရာ၊ မိဘ၊ ကျောင်းသားကိုယ်စားလှယ်များ တက်ရောက်လျက် အကြံပြုဆွေးနွေးနိုင်ကြောင်းကို ပညာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

**ပညာရေးမူဝါဒ၊ ပညာရေးဥပဒေများနှင့် ပညာရေးစီမံကိန်းတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပညာရေးမြှင့်တင်မှုဆိုင်ရာ ဆွေးနွေးပွဲများကို ၂၀၁၅ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးစိုက်ရာ ခရိုင်များတွင် တစ်ပြိုင်တည်းကျင်းပသွားမည်ဖြစ်သဖြင့် ဒေသခံအဖွဲ့အစည်းများ တက်ရောက်ဆွေးနွေးအကြံပြုနိုင်ပါသည်။ (ပညာရေးဝန်ကြီးဌာန)**

# ရွှေစင်စကြာခရီးသည်တင်ယာဉ် တိမ်းမှောက်

**နေပြည်တော် ဇွန် ၂၆**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၅၁/၁) နှင့် (၂၅၁/၂)ကြား နေပြည်တော်မှ မန္တလေးသို့ (အသွားလမ်း)၌ ယနေ့နံနက် ၅ နာရီခွဲက ဦးအေးမင်း အသက်(၄၁)နှစ် (၁၅)ရပ်ကွက် ရွှေပေါက်ကံ ရန်ကုန်မြို့နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် 5J/--- ရွှေစင်စကြာခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းရှိ ကွန်ကရစ်တုံးနှင့် Road Curb တုံးများအား ဝင်ရောက်တိုက်မိကာ တစ်ပတ်လိမ့်ပြီး လမ်းလယ်ကျွန်းပေါ် အတည့်ပြန်ကျ၍ ရပ်တန့်ခဲ့ကာ ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့သည်။

အဆိုပါ ယာဉ်ပေါ်တွင် အမျိုးသား ကိုးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်းခရီးသည် ၁၀ ဦး စီးနင်းလိုက်ပါခဲ့ရာ ယာဉ်မတော်တဆမှုကြောင့် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီးတစ်ဦးတို့ အနည်းငယ်စီ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ညောင်ကုန်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ရွှေစင်စကြာမှန်လုံယာဉ်မှာ ရှေ့လေကာမှန်ကွဲ၊ ရှေ့ခေါင်းပိုင်းတွန့်ကြေ၊ ကိုယ်ထည်ယာဘက်ခြမ်းပိန်ချိုင့်၊ ယာဘက်တံခါးမှန်များ ကွဲသွားခဲ့သည်။

၎င်းယာဉ်မတော်တဆမှုကြောင့် ကွန်ကရစ်တုံး ၁၂ တုံးနှင့် Road Curb ပေ ၁၅၀ ပျက်စီးသွားပြီး အမြန်လမ်း ပေပင်လေးရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**



## စစ်ရေးထိပ်တိုက်တွေ့ရာတွင် လိုက်နာရမည့်နည်းလမ်းများ တရုတ်နှင့်ဂျပန် သဘောတူ

**တိုကျို ဇွန် ၂၆**

ထိပ်တိုက်ရင်ဆိုင်တွေ့ရာမှ ပေါ်ပေါက်လာမည့် အန္တရာယ်များကို လျှော့ချရန်အတွက် မမျှော်လင့်ဘဲ တွေ့ဆုံကြစဉ် ၎င်းတို့၏ ရေတပ်သင်္ဘောများနှင့် စစ်လေယာဉ်များအကြား ဆက်သွယ်သည့်အခါ လိုက်နာကျင့်သုံးရမည့်နည်းလမ်းများပြဋ္ဌာန်းရေး သဘောတူညီချက်ကို ဂျပန်နှင့် တရုတ်နိုင်ငံတို့က နောက်လတွင်အပြီးသတ်မည်ဟု သတင်းအရင်းအမြစ် တစ်ခုက ရိုက်တာသို့ ယနေ့ပြောကြားသည်။

တရုတ်နိုင်ငံ၏ စစ်အင်အားကြီးမားလာနေပြီ ဖြစ်သကဲ့သို့ ဂျပန်နိုင်ငံကလည်း ၎င်း၏ကာကွယ်ရေး တပ်ဖွဲ့ကို ၎င်းပိုင်နက်ရေပြင်၏ အပြင်ဘက် တောင်တရုတ်ပင်လယ်ကဲ့သို့သော ဒေသများတိုင်အောင် လှုပ်ရှားမှုတိုးချဲ့နေစဉ် ၎င်းတို့၏လက်နက်ကိုင်တပ်ဖွဲ့များအကြား မမျှော်လင့်ဘဲ တွေ့ဆုံကြခြင်းမှာ များပြားလာလျက်ရှိသည်။

အဆိုပါ ဆက်သွယ်ရေးစည်းမျဉ်းများကို နိုင်ငံတကာရေပြင်နှင့် ဝေဟင်တွင် မမျှော်လင့်ဘဲ တွေ့ဆုံကြသောအခါ လိုက်နာရမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံက နိုင်ငံပိုင်ရေပိုင်နက်များကိုလည်း သဘောတူညီချက်တွင် တိုးချဲ့ပါဝင်စေရန် အလိုရှိကြောင်း မိုင်နိချိ သတင်းစာက စောစောပိုင်းတွင် ဖော်ပြခဲ့သည်။

ပေကျင်းမြို့တော်၌ ဇွန် ၁၉ ရက်တွင် သဘောတူညီချက်အချို့ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသဘောတူညီချက်ကို မြန်ဆန်စွာ အကောင်အထည်ဖော်ရန် လိုအပ်သည်ဟု ယုံကြည်ကြောင်း၊ ၎င်းတို့ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးနာကာတာနီက ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **ရိုက်တာ။**

## အိုဘားမားနှင့်ပူတင် ဖုန်းဆက်ဆွေးနွေး

**ဝါရှင်တန် ဇွန် ၂၆**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် ရုရှားသမ္မတ ဗလာဒီမာပူတင်အား ဖုန်းဆက်သွယ်၍ ယူကရိန်းနိုင်ငံမှ ရုရှားတပ်ဖွဲ့ဝင်များနှင့် ရုရှားစစ်လက်နက်များကို ဖယ်ရှားရန် ပြောဆိုခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

နိုင်ငံ့ခေါင်းဆောင်နှစ်ဦးသည် အိုင်အက်(စ်) တိုက်ခိုက်ရေးသမားများကို တုံ့ပြန်ရန်လိုအပ်ကြောင်း၊ အီရန်နိုင်ငံအား နျူကလီးယားလက်နက်ပိုင်ဆိုင်ခြင်းမရှိရေးအတွက် ကာကွယ်ရန်လိုအပ်ကြောင်းနှင့် အရှေ့အလယ်ပိုင်းအခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်ဟု ယမန်နေ့က အိမ်ဖြူတော်မှ ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီလနောက်ပိုင်း အိုဘားမားနှင့်ပူတင် အကြား ဖုန်းဖြင့်ဆွေးနွေးခြင်းကို ပထမဆုံးအကြိမ် လူသိရှင်ကြား ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

လွန်ခဲ့သည့်လတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့်ပူတင်တို့ တွေ့ဆုံဆွေးနွေးပြီး ယခုကဲ့သို့ ခေါင်းဆောင်နှစ်ဦး ဆွေးနွေးခြင်းဖြစ်သည်။ **ရိုက်တာ။**

## ပြင်သစ်ဓာတ်ငွေ့စက်ရုံတိုက်ခိုက်မှုတွင် လူအများအပြား ဒဏ်ရာရရှိ

**ပါရီ ဇွန် ၂၆**

ပြင်သစ်နိုင်ငံအရှေ့တောင်ပိုင်း အစ်ဆီရီပိုင်နက်ရှိ အမေရိကန်ဓာတ်ငွေ့ကုမ္ပဏီတစ်ခုတွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားရာ လူအများအပြား ဒဏ်ရာရရှိခဲ့ပြီး ခေါင်းဖြတ်ခံထားရသော အလောင်းတစ်လောင်းအား အိုင်အက်စ် အလံတစ်ခု လွှင့်ထူထားသည့်နေရာတစ်ခုတွင် တွေ့ရှိခဲ့ရကြောင်း BFMTV သတင်းချန်နယ်က ဇွန်လ ၂၆ ရက်တွင် ပြောကြားသည်။

အဆိုပါသတင်းအရ လူနှစ်ဦးက ဒေသစံတော်ချိန် နံနက် ၁၀ နာရီဝန်းကျင်တွင် စိန့်ကွမ်တင်း ဖော်လာဗီယာရှိ ဓာတ်ငွေ့စက်ရုံအတွင်းသို့ အတင်းဝင်ရောက်လာခဲ့ပြီး ဓာတ်ငွေ့ကုန်သေတ္တာများကို ဖောက်ခွဲပစ်ခဲ့ကြောင်း သိရသည်။ ဘယ်လ်ဂျီယမ်နိုင်ငံ ဘရပ်ဆဲလ်မြို့၌ ဥရောပ ကောင်စီအစည်းအဝေး တက်ရောက်နေသော ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းက ဓာတ်ငွေ့ကုမ္ပဏီအပေါ် တိုက်ခိုက်မှုမှာ အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုသာဖြစ်ကြောင်း ကြေညာခဲ့ပြီး ကာကွယ်ရေးကောင်စီအစည်းအဝေးတစ်ရပ်ကို ယနေ့ညနေ ၃ နာရီခွဲတွင် သမ္မတနန်းတော်၌ ကျင်းပခဲ့သည်။



လက်တင်အမေရိကသို့ ရောက်ရှိနေသော ပြင်သစ်ဝန်ကြီးချုပ် မန်နူရယ်လ်ဗောစ်က ပြည်သူများ ပိုမို နိုးနိုးကြားကြားရှိရန် မှာကြားလိုက်ပြီး တိုက်ခိုက်မှုဖြစ်လာနိုင်ဖွယ်ရှိသော နေရာအားလုံးတွင် လုံခြုံရေးတပ်ဖွဲ့များအား ချက်ချင်းဆော်ဩစည်းရုံးရန် အလေးထားပြောကြားလိုက်သည်။ ယခု ဓာတ်ငွေ့စက်ရုံကို အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ယခုနှစ်အစတွင်ဖြစ်ပွားခဲ့သည့် ပြင်သစ်သရော်စာ မဂ္ဂဇင်းကို အကြမ်းဖက်တိုက်ခိုက်ခဲ့မှုဖြစ်ရပ်ပြီးနောက် ဒုတိယမြောက်တိုက်ခိုက်မှုဖြစ်သည်။

**ဆင်ဟွာ။**



## ပါကစ္စတန်တောင်ပိုင်း ဆင်းဒ်ပြည်နယ်၌ အပူလှိုင်းကျ၊ လူ ၁၀၀၀ ထက်မနည်းသေဆုံး

**အစ္စလာမ္မာဘတ် ဇွန် ၂၆**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်တွင် လွန်ခဲ့သည့် ခြောက်ရက်အတွင်းက အပူလှိုင်းများကျရောက်မှုကြောင့် လူပေါင်း ၁၀၀၀ ထက်မနည်း သေဆုံးခဲ့ရကြောင်း၊ ပြည်နယ်အတွင်းရှိ ဆေးရုံများတွင် အပူဒဏ်သင့်ခြင်းနှင့် ရေဓာတ်ခန်းခြောက်ခြင်းဝေဒနာများ ခံစားနေရသည့် လူနာရာပေါင်းများစွာ ဆေးဝါးကုသမှုခံယူနေရကြောင်း ပြည်နယ်တာဝန်ရှိသူများက ဇွန် ၂၄ ရက်တွင်ပြောကြားသည်။

လူဦးရေ သန်း ၂၀ ကျော်ရှိပြီး ဆင်းဒ်ပြည်နယ်၏ မြို့တော်ဖြစ်သည့် ကရာချိဆိပ်ကမ်းမြို့တွင် ဆေးရုံအသီးသီး၌ လူပေါင်း ၉၅၅ ဦးထက်မနည်းမှာ အပူလှိုင်းကျရောက်မှုနှင့် သက်ဆိုင်နေသော ရောဂါဘယများကြောင့် သေဆုံးခဲ့ရကြောင်း သတင်းများအရ သိရသည်။

အပူလှိုင်းကျရောက်မှုကြောင့် ယင်းပြည်နယ်အတွင်းရှိ ခရိုင်များ၌ ၆၂ ဦး သေဆုံးခဲ့ရပြီး ရာပေါင်းများစွာသော လူနာများမှာ ဆေးရုံများတွင် ဆေးဝါးကုသမှုခံယူနေဆဲဖြစ်ခြင်းကြောင့် သေဆုံးသူဦးရေ တိုးလာဖွယ်ရှိနေသည်။

အပူလှိုင်းဒဏ်ခံရသူ အများစုမှာ အပြင်းဖျားခြင်းနှင့် ရေဓာတ်ခန်းခြောက်ခြင်းတို့ဖြင့် ဆေးရုံများသို့ ရောက်ရှိလာလေ့ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကရာချိမြို့သည် အပူလှိုင်းဒဏ်ကို အဆိုးရွားဆုံး တွေ့ကြုံရသည်။ ယင်းမြို့၌ အပူချိန် ၄၅ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ရောက်ရှိခဲ့ပြီး ၁၀ နှစ်တာကာလတွင်း အဆိုးရွားဆုံး အပူလှိုင်းကျရောက်မှုဖြစ်ကြောင်း ရေနှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာဝန်ကြီး ခါဝါဂျာ အဇစ်က ပြောကြားသည်။ **ရိုက်တာ။**

## မြေထဲပင်လယ်တွင် ဒုက္ခသည် ၅၀၀ ခန့် ဆွီဒင်ကမ်းခြေစောင့်တပ်ဖွဲ့ ကယ်တင်

**စတော့ဟုမ်း ဇွန် ၂၆**

ဆွီဒင်ကမ်းခြေစောင့်တပ်ဖွဲ့က မြေထဲပင်လယ်တွင် ဒုက္ခသည်ရာပေါင်းများစွာကို ယမန်နေ့က ကယ်ဆယ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဆွီဒင်သင်္ဘော Poiseidon သည် လစ်ဗျားနိုင်ငံမှ ဆီစီလီကျွန်းသို့ ခရီးနှင်နေသည့် ရွှေ့ပြောင်းလုပ်သား ၂၂၀ လိုက်ပါလာသော သင်္ဘောတစ်စင်းကို ဇွန် ၂၃ ရက် ညနေပိုင်းက မြေထဲပင်လယ်တွင် တွေ့ရှိခဲ့သည်ဟု တီတီသတင်း အေဂျင်စီက ရေးသားဖော်ပြသည်။ ထို့အတူ ရွှေ့ပြောင်းလုပ်သား ၃၀၀ ခန့် လိုက်ပါလာသော ငါးဖမ်းသင်္ဘောတစ်စင်းကိုလည်း ဇွန် ၂၄ ရက်က ထပ်မံတွေ့ရှိခဲ့သည်ဟု သိရသည်။

အဆိုပါ ငါးဖမ်းသင်္ဘောကို ညဘက်အမှောင်ထဲတွင် တွေ့ရှိခဲ့ကြောင်း၊ သင်္ဘောပေါ်တွင် လိုက်ပါလာသူ အရေအတွက်ကိုမူ တိတိကျကျ မသိရသေးကြောင်း ဆွီဒင်ကမ်းခြေစောင့်တပ်ဖွဲ့မှ ဆက်သွယ်ရေးအရာရှိ မက်တီယပ်စ်လိုင်ဟိုလင်၏ ပြောကြားချက်ကို ကိုးကား၍ တီတီက ရေးသားဖော်ပြသည်။

ကယ်ဆယ်ခဲ့သူများတွင် လူမှောင်ခိုကူးသူများ ပါ၊ မပါကိုမူ အခိုင်အမာမပြောနိုင်သေးကြောင်း ဆွီဒင်အာဏာပိုင်များက ပြောကြားသည်။

Poiseidon သင်္ဘောသည် ဇွန်လအစောပိုင်းက မြေထဲပင်လယ်တွင် ၎င်း၏ မစ်ရှင်စတင်ကတည်းက ရွှေ့ပြောင်းလုပ်သား ၁၁၅၀ ခန့်ကို ကယ်ဆယ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ။**



## ဘော်စတွန်မာရသွန်ပုံးဖောက်ခွဲသူအား သေဒဏ်စီရင်ချက်ချမှတ်

**ဝါရှင်တန် ဇွန် ၂၆**

၂၀၁၃ ခုနှစ်က ဘော်စတွန်မာရသွန်ပြိုင်ပွဲကို ဗုံးဖောက်ခွဲခဲ့သည့် အသက်(၂၁)နှစ်အရွယ်ရှိ အကြမ်းဖက်သမား ဒိုခါတာစ်နဗ်ကို ဘော်စတွန်မြို့ အမေရိကန်ဗဟိုတရားရုံးက သေဒဏ်ချမှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ဒိုခါတာစ်နဗ်သည် နှစ်နှစ်ကြာ ထွက်ပြေးတိမ်းရှောင်နေစဉ်ကာလအတွင်း ရဲအရာရှိတစ်ဦးကို သတ်ဖြတ်ခဲ့ကြောင်း သိရသည်။ ၎င်းတို့ညီအစ်ကိုနှစ်ဦးထောင်ခဲ့သည့် ဗုံးကြောင့် လူ သုံးဦးသေဆုံးခဲ့ပြီး ၂၆၄ ဦးဒဏ်ရာရရှိခဲ့သည်။

၎င်းတို့ဗုံးကြောင့် ထိခိုက်သွားခဲ့သည့် ဒဏ်ရာရရှိသူများကို ဒိုခါတာစ်နဗ်က တရားသူကြီး သေဒဏ်စီရင်ချက်မချမီ တောင်းပန်စကားဆိုခဲ့သည်။ 'ကျွန်တော်တို့ကြောင့် သေဆုံးသွားရတဲ့သူတွေနဲ့ ထိခိုက်ဒဏ်ရာရရှိသွားသူတွေကို တောင်းပန်ပါတယ်' ဟု ဒိုခါတာစ်နဗ်က အသံတုန်ယင်စွာဖြင့် ပြောကြားခဲ့သည်။

ဒိုခါတာစ်နဗ်သည် အစ်ကိုဖြစ်သူ တာမာလန်တာစ်နဗ်နှင့် ဗုံးထောင်ခဲ့စဉ်က အသက်(၁၉)နှစ်အရွယ်သာ ရှိသေးသည်။ တာမာလန်သည် ရဲများနှင့် အပြန်အလှန်ပစ်ခတ်ရာတွင် သေဆုံးခဲ့သည်။

**ရိုက်တာ။**



# ရာမိုစ်အတွက် မန်ယူ၏ ကမ်းလှမ်းမှုကို ရီးယဲလ်ပယ်ချ

မန်ယူက ရီးယဲလ်နောက်ခံကစားသမား ရာမို့စ်အတွက် ပြောင်းရွှေ့ကြေးပေါင်၃၂သန်းဖြင့် ကမ်းလှမ်းလာမှုကို ရီးယဲလ်မက်ဒရစ်က ပယ်ချလိုက်သည်။ အဆိုပါ စပိန်နောက်ခံလူအား မန်ယူအသင်းက ယခုနွေရာသီ အပြောင်းအရွှေ့ကာလ၌ အိုးထရက်ဖို့ဒ်သို့ အရောက်ခေါ်ယူချင်နေပြီး ကစားသမားကိုယ်တိုင်ကလည်း ရီးယဲလ်မှ ထွက်ခွာရန်စိတ်အားထက်သန်နေသည်။

ရာမို့စ်အနေဖြင့်စိန်ခေါ်မှုအသစ်များရရှိနိုင်ရန်အတွက် ရီးယဲလ်မှ ထွက်ခွာရန် စိတ်ပိုင်းဖြတ်ထားသော်လည်း အသက်(၂၉)နှစ်အရွယ်ရှိပြီဖြစ်သော ၎င်းအား မန်ယူက အကယ်၍ယခုတစ်ကြိမ် စာချုပ်ချုပ်ဆိုဖြစ်ခဲ့လျှင်လည်း နောက်တစ်ကြိမ်စာချုပ်သစ် ထပ်မံချုပ်ဆိုရန်အတွက် အာမခံချက်တစ်စုံတစ်ရာပေးထားခြင်း မရှိပေ။

စပိန်လက်ရွေးစင် ကစားသမားအနေဖြင့် ရီးယဲလ်နှင့် စာချုပ်သက်တမ်းနှစ်နှစ်ကျန်ရှိနေသေးပြီး ဇွန် ၂၄ ရက်က ၎င်း၏ အပြောင်းအရွှေ့ကိစ္စနှင့် ပတ်သက်၍ ရီးယဲလ်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ရှင်းလင်းသော အဖြေကိုမူမရရှိခဲ့ပေ။ ရာမို့စ်က ရီးယဲလ်အလုပ်အမှုဆောင် ဆန်းချက်ဇ်အား ၁၀ စုနှစ်တစ်ခုကျော်ကြာ လက်တွဲလာခဲ့သော ရီးယဲလ်မှ ထွက်ခွာကာ မန်ယူသို့သာမန်အပြောင်းအရွှေ့အတိုင်းသာ သွားရောက် ကစားလိုခြင်းဖြစ်သည်ဟု အသိပေးပြောကြားခဲ့သည်။

သို့သော် ရီးယဲလ်က ရာမို့စ်မှာ ထိပ်တန်းကစားသမားဖြစ်သည့်အတွက် ယူရိုသန်း၉၀ရမှသာ ရောင်းချနိုင်မည်ဖြစ်ပြီး အဆိုပါကိစ္စရပ်မှာ မန်ယူဂိုးသမား ဒီဂီယာ၏ အပြောင်းအရွှေ့နှင့် မသက်ဆိုင်ဘဲ သီးခြားကိစ္စရပ်တစ်ခုပင်ဖြစ်သည်ဟု တုံ့ပြန်ပြောကြားခဲ့သည်။

မန်ယူနည်းပြ ဗန်ဟားလ်အနေဖြင့်လည်း ရာမို့စ်မှာ ဗဟိုနှင့်တောင်ပံခံစစ်နေရာနှစ်ခုစလုံးတွင် ကစားနိုင်သည့်အပြင် ကွင်းလယ်အဖျက်နေရာ၌ပါဝင်ရောက်ကစားနိုင်သူဖြစ်သည့်အတွက် ဒေါ့မွန်နောက်တန်းလူ ဟမ်းမဲလ်ထက်ပိုမိုသဘောကျကာ ဦးစားပေးအနေဖြင့်ခေါ်ယူလိုနေသည်။

**[မေလှဲ့သင်း]**

# ယခုနှစ်တွင် အလိုချင်ဆုံးမှာ ဝင်ဘယ်လ်ဒန်ဖလား ဟု ဖက်ဒရာ ထုတ်ဖော်ပြောကြား





လက်ရှိကမ္ဘာ့အဆင့်(၂) ဖက်ဒရာက ယခုနှစ်အတွက် ၎င်းအလိုချင်ဆုံးမှာ ဝင်ဘယ်လ်ဒန်အိုးပင်းဖလားဖြစ်ပြီး ဂရင်းစလင်းပြိုင်ပွဲများတွင် သုံးနှစ်တာဖလားလက်မဲ့အခြေအနေအား ယင်းချန်ပီယံဆုကိုအရယူကာ အဆုံးသတ်ရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဖက်ဒရာသည်ပြင်သစ်အိုးပင်း ကွာတားဖိုင်နယ်မှ ထွက်ခွာခဲ့ရပြီး မိနစ်အနည်းငယ်အကြာ၌ ဝင်ဘယ်လ်ဒန်ဖလားအတွက်သာ ပြင်ဆင်တော့မည်ဟု ပြောကြားခဲ့ သည်။

ထို့ပြင် ဖက်ဒရာရရှိခဲ့သော ဂရင်းစလင်းဆု ၁၇ ဆုတွင် ဝင်ဘယ်လ်ဒန်ဖလားမှာ ခုနစ်ကြိမ်အထိပါဝင်နေပြီး ၂၀၁၂က နောက်ဆုံးအကြိမ်ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄တွင် ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သော်လည်း ကမ္ဘာ့နံပါတ်(၁) တင်းနစ် ကစားသမား ဂျိုကိုဗစ်ချ်အား ရှုံးနိမ့်ကာ ချန်ပီယံဆုနှင့်လွဲချော်ခဲ့ရသည်။

သို့သော် ဖက်ဒရာမှာ လာမည့်ဩဂုတ်လတွင် အသက် (၃၄)နှစ်ပြည့်မည်ဖြစ်ရာ နည်းပြအက်ဘာ့ဂ်လက်အောက်တွင် ပြိုင်ပွဲတိုင်းကို ဖြည်းဖြည်းနှင့်မှန်မှန် ချဉ်းကပ်သည့် ပုံစံဖြင့်သာ ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး ကမ္ဘာ့ထိပ်တန်းကစားသမားနေရာအား ဆက်လက်ထိန်းသိမ်းထားနိုင်ဆဲပင်ဖြစ်သည်။ သူသည် လက်ရှိချန်ပီယံ ဂျိုကိုဗစ်ချ်၊ ၂၀၁၃ ချန်ပီယံဆုရှင် အင်ဒီမာရေးတို့နှင့်အတူ ဗိုလ်စွဲရန်ရေပန်း အစားဆုံးစာရင်းတွင် ထိပ်ဆုံးမှ ပါဝင်နေသည်။

ဖက်ဒရာက "ကျွန်တော် ဝင်ဘယ်လ်ဒန် ချန်ပီယံဆုကို အရပြန်ယူဖို့ကြိုးစားမှာပါ။ ဒီဆုဟာ ဒီ၂၀၁၅အတွက် ကျွန်တော်အလိုချင်ဆုံး အရာပါ။ ဘယ်ကစားသမား ဘယ်လောက်ကောင်းအောင်ကစားနိုင်မလဲဆိုတာကတော့ တကယ်ကစားတဲ့အချိန်ကျမှသာ ခင်ဗျားတို့ကြည့်ရမှာပဲလေ" ဟု ဆိုခဲ့သည်။

သို့သော် ဖက်ဒရာမှာ တခြားသော ထိပ်တန်းတင်းနစ်ကစားသမားထက် အနည်းဆုံး အသက်ငါးနှစ်ခန့်ကြီးနေပြီဖြစ်ရာ ယှဉ်ပြိုင်နေစဉ်ကာလအတွင်း သက်လုံကျဆင်းမှုနှင့် ကာယပိုင်းအားနည်းမှုပြဿနာများ ကြုံတွေ့နေသည်။အဆိုပါ ဆွစ်ဇာလန်တင်းနစ်အကျော်အမော် သည် ဝင်ဘယ်လ်ဒန်ပြိုင်ပွဲတစ်လျှောက် ဗြိတိန်ပရိသတ်များ၏ အားပေးမှုအရရှိဆုံး ကစားသမား တစ်ဦးလည်းဖြစ်သည်။

**[မေလှဲ့သင်း]**

## အားကစားလောက သတင်းတိုများ

- ရီးယဲလ်မက်ဒရစ်အသင်းက အကယ်၍ရာမို့စ် အနေဖြင့် မန်ယူသို့ပြောင်းရွှေ့သွားခဲ့လျှင် အသင့် အစားထိုးနိုင်ရန် ဗလင်စီယာနောက်ခံလူ အော်တာမန်ဒီအား ချိတ်ဆက်မှုများ စတင်ပြုလုပ်နေပြီဖြစ် သည်ဟုစပိန်မှလာသော သတင်းများက ဖော်ပြ သည်။
- **အာဆင်နယ်သည် ဂျူဗင်တပ်ကွင်းလယ်လူ ဗီဒယ်လ်အတွက်ပြောင်းရွှေ့ကြေးပေါင် ၂၁ သန်းဖြင့် ကမ်းလှမ်းခဲ့ပြီး အဆိုပါကွင်းလယ်ကစားသမားကလည်း အလက်ဆစ်ဆန်းချက်ဇ်နှင့် တွဲဖက်ကစားခွင့်ရရန်အတွက် အာဆင်နယ်သို့ပြောင်းရွှေ့ကစားလိုနေသည်။**
- မန်စီးတီးတာဝန်ရှိသူများက ဂျူဗင်တပ်ကွင်းလယ် ကစားသမားပေါ့ဘာအား အရခေါ်ယူနိုင်မည်ဟု ယုံကြည်ချက်အပြည့်ရှိပြီး လီဗာပူးတိုက်စစ်မှူး စတာလင်ကို မခေါ်ယူနိုင်မီ ပေါ့ဘာအား စာချုပ်ချုပ်ဆိုနိုင်လိမ့်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။
- **မန်ယူအသင်းသည် ဒီမာရီယာအတွက် ဘိုင်ယန်၏ ကမ်းလှမ်းလာမှုကို ပယ်ချခဲ့ပြီး ၎င်း အာဂျင်တီးနား တောင်ပံကစားသမားမှာရောင်းချမည့် စာရင်းတွင် မပါဝင်ဟု တုံ့ပြန်ခဲ့သည်။**
- ရှနိုက်ဒါလင်သည်လာမည့်အပတ်တွင်မန်ယူအသင်း နှင့်စတင်ပူးပေါင်းသွားမည်ဖြစ်ပြီး မန်ယူက လေးနှစ် စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။
- **လီဗာပူးသည် ဗီလာတိုက်စစ်မှူးဘန်တီကီအတွက် ပထမအကြိမ်ပေါင် ၂၂သန်းဖြင့်ကမ်းလှမ်းမှုပယ်ချခံခဲ့ရပြီးနောက် ဒုတိယအကြိမ်အဖြစ် ပေါင် ၂၅ သန်းဖြင့် ထပ်မံကမ်းလှမ်းခဲ့သည်။**
- ချယ်လ်ဆီးတောင်ပံတိုက်စစ်ကစားသမား အော်စကာ အနေဖြင့် ဂျူဗင်တပ်သို့ပြောင်းရွှေ့မည်ဆိုသည့် ကိစ္စရပ်မှာ မဖြစ်နိုင်သော ကောလာဟလာတစ်ခုသာဖြစ်သည်ဟု ကစားသမား၏ အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။

# ကလိုင်းအား လီဗာပူးသို့ ပြောင်းရန် ကရေဂါ တိုက်တွန်းခဲ့ဟုဆို

ဆောက်သမ်တန်အသင်း၏ ညာနောက်ခံကစားသမား ကလိုင်းသည် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၁၇ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီဖြစ်ပြီး ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာ၏ ခြောက်ဦးမြောက်ခေါ်ယူခဲ့သည့် ကစားသမားလည်း ဖြစ်လာခဲ့သည်။

လီဗာပူးအသင်းသည် ယခုနှစ်နွေရာသီဈေးကွက်အတွင်း ရောဘတ်တိုဖာမီနို၊ ဂျိမ်းစ်မီနာ၊ ဒန်နီအင့်၊ ဘော့ဒန်၊ ဂျိုးဂိုမက်ဇ်နှင့် ယခုလက်ရှိ ဆောက်သမ်တန်နောက်တန်းကစားသမား ကလိုင်းတို့ကို ခေါ်ယူထားခဲ့ခြင်းဖြစ်သည်။ ကလိုင်းသည် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေခဲ့သူဖြစ်သည်။

မန်စီးတီးအသင်းသည် တိုက်စစ်မှူး စတာလင်အား ပြောင်းရွှေ့ကြေးယူရို ၆၄ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းလာခဲ့ခြင်းကြောင့် စတာလင်၏ လီဗာပူးအသင်းအနာဂတ်သည် မသေချာမရေရာတော့သည့်အခြေအနေတစ်ရပ်သို့ ရောက်ရှိနေမှုအပေါ် အသင်း၏အင်အားကို ဖြည့်တင်းရန်အတွက် နည်းပြဘရန်ဒန်ရော့ဂျာအနေဖြင့် ကစားသမားသစ်အများအပြားကို ခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လီဗာပူးအသင်းသည်လက်ရှိတွင်ကစားသမားသစ်ခြောက်ဦးအထိခေါ်ယူထားခဲ့ပြီးဖြစ်သော်လည်း ဆီဗီလာအသင်းနှင့် စာချုပ်သက်တမ်းမကုန်ဆုံးသေးသည့် ကားလို့စ်ဘက်ကာအား ခေါ်ယူရန်လည်း ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး ကားလို့စ်ဘက်ကာသည် ယူရိုပါလိဂ်ချန်ပီယံ ဆီဗီလာအသင်းနှင့် စာချုပ်သက်တမ်းသုံးနှစ်ကျန်ရှိနေသေးသော်လည်း ဆီဗီလာအသင်းကမူ ပြောင်းရွှေ့ကြေးပေါင် ၂၁ ဒသမ ၅ သန်းရရှိမည်ဆိုပါက ကားလို့စ်ဘက်ကာအား ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။**[နိုင်လင်းကြည်]**



# ယူရို ၉၄ သန်းအောက်ဆိုပါက ဟီဂွေအင် အား ရောင်းမည်မဟုတ်ဟုဆို



ရီးယဲလ်တိုက်စစ်မှူးဟောင်း ဟီဂွေအင်သည် လက်ရှိကလပ် နာပိုလီအသင်းမှ ထွက်ခွာကာ အခြားအသင်း တစ်သင်းသို့ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများ ပြုလုပ်ခဲ့သော်လည်း နာပိုလီအသင်းအနေဖြင့် အဆိုပါကစားသမားအား ရောင်းချရေးနှင့် စပ်လျဉ်း၍ အခြေခံပြောင်းရွှေ့ကြေးကို သတ်မှတ်ခဲ့ကြောင်း သိရသည်။ ယင်း အခြေခံ ပြောင်းရွှေ့ကြေးမှာ ယူရို ၉၄ ဒသမ ၇ သန်းဖြစ်ပြီး ယင်း ပြောင်းရွှေ့ကြေးအောက်ရရှိမည်ဆိုပါက တိုက်စစ်မှူး ဟီဂူအင်အား ရောင်းချလိမ့်မည် မဟုတ်ကြောင်း နာပိုလီအသင်း၏ ဆက်သွယ်ရေးအကြီးအကဲ တစ်ဦးက ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဟီဂူအင်သည် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ အီတလီစီးရီးအေကလပ် နာပိုလီအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဖြင့် ပြောင်းရွှေ့လာခဲ့ချိန်မှစတင်ကာ နာပိုလီအသင်းနှင့်အတူ ဘောလုံးရာသီနှစ်ရာသီကြာ ပါဝင်ကစားပေးခဲ့ပြီး ဖြစ်သည်။

လက်ရှိတွင် တိုက်စစ်မှူး ဟီဂူအင်အား မန်စီးတီးအသင်း၊ အေစီမီလန်အသင်း၊ အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။

အဆိုပါ ကလပ်အသင်းများအနေဖြင့် ခေါ်ယူလိုကြောင်း ထပ်မံပြောကြားလာပါက အမြင့်ဆုံးဈေးနှုန်းကို သတ်မှတ်သွားရန်လည်း နာပိုလီအသင်းက ကြိုးပမ်းလျက်ရှိသည်။

ငွေကြယ် - ရေးသားသည်

# ရန်ကုန်မြို့၏ အနာဂတ်အိပ်မက် မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း (၂၀၄၀)

**ရန်ကုန် ဇွန် ၂၆**

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့သည်မကြာမီနှစ်များအတွင်း မဟာရန်ကုန်အဖြစ် ကူးပြောင်းရန် မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း (၂၀၄၀)ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ တာဝန်ရှိသူများတွေ့ဆုံ၍ မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အား မဟာရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်း လုပ်ငန်းစီမံချက်မူကြမ်းကို ၂၀၁၂ ခုနှစ် ဧပြီ၂၆ရက်က JICA မှတာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့သည်။သဘောတူညီချက်များအပေါ်အခြေခံကာ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း၊ ရေပေးဝေရေး၊ မိလ္လာနှင့်ရေစီးရေလာစနစ်ကောင်းမွန်ရေးစီမံကိန်း၊ ပြီးပြည့်စုံသော မြို့ပြပို့ဆောင်ရေးစီမံကိန်း၊ အမှိုက်စွန့်ပစ်မှု စီမံခန့်ခွဲရေးစီမံကိန်း၊ သီလဝါအထူးစီးပွားရေး ဇုန်ဖွံ့ဖြိုးရေးစီမံကိန်းနှင့် လျှပ်စစ်ကဏ္ဍစီမံကိန်းများကို လျာထားသတ်မှတ်ထားခဲ့သည်။

စီမံကိန်းအစီအစဉ်အရ၂၀၁၂ ခုနှစ် ဩဂုတ် ၇ ရက်မှစတင်၍ Nippon Koei Co., Ltd. မှ General Manager Mr. Koji YAMADA ဦးဆောင်သော ကျွမ်းကျင်သူ ၃၃ ဦးပါ JICA Study Team သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့ပြစီမံကိန်းဌာနခွဲဝန်ထမ်းများနှင့် ပူးပေါင်းကာ မြေပြင်ကွင်းဆင်းလေ့လာခြင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ သတင်းရယူခြင်း၊ အိမ်ထောင်စုများသို့ မေးမြန်းလေ့လာသဘောထားစစ်တမ်းကောက်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

JICA နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့ ပူးပေါင်းရေးဆွဲခဲ့သည့် မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းကို မြို့ပြဖွံ့ဖြိုးမှု မျှော်မှန်းချက်လေးရပ်ဖြင့် သတ်မှတ်ခဲ့သည်။

မဟာဗျူဟာစီမံကိန်းတွင် ရန်ကုန်မြို့တော်ကို နိုင်ငံတကာဝင်/ထွက်သွားလာနိုင်သော ကြားခံမြို့တော်၊ သက်သောင့်သက်သာရှိသော မြို့တော်၊ အခြေခံအဆောက်အအုံများ ပြီးပြည့်စုံသောမြို့တော်နှင့်အုပ်ချုပ်ရေးကောင်းမွန်သော မြို့တော်အဖြစ် ရည်မှန်းချက်များထားရှိပြီး ဆောင်ရွက်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့၏မြို့လယ်ဗဟိုပြု ဖွံ့ဖြိုးမှုပုံစံတွင် မြို့ပြတည်ဆောက်မှုပုံစံအဖြစ်စိမ်းလန်းမြေပါဝင်သည့် မြို့လယ်ဗဟိုပြုဖွံ့ဖြိုးမှုပုံစံအား ရွေးချယ်ခဲ့ပြီး ၎င်းမြို့ပြ တည်ဆောက်မှုပုံစံအရ လက်ရှိ မြို့လယ်ဗဟိုစီးပွားရေးဇုန်သည် သိပ်သည်းမှု အလွန်မြင့်မားနေခြင်းကြောင့် မြို့ပြနှင့်သက်ဆိုင်သောပြဿနာများကို ဖြေရှင်းနိုင်ရန် မြို့လယ်မှ ၁၀၊ ၁၅ ကီလိုမီတာအကွာတွင် စီးပွားရေး ဖွံ့ဖြိုးမှုပတ်လမ်းအဖြစ် ဒုတိယဗဟိုစီးပွားရေးဇုန် မင်းဓမ္မနယ်မြေနှင့် စီးပွားရေးဗဟိုခွဲများအဖြစ် လှိုင်သာယာ၊ ဒဂုံမြို့သစ် (တောင်/မြောက်) လမ်းဆုံ၊ ပဲခူးမြစ်ကမ်း (ဒဂုံဆိပ်ကမ်းနှင့် သန်လျင် ကုလားဝဲအနီး)နှင့် သီလဝါနှင့် ကျောက်တန်းတို့ အကြား နေရာများကို လျာထားခဲ့သည်။

မြို့ပြတိုးချဲ့မှုပုံစံအနေဖြင့် အဆိုပါပတ်လမ်းမှ ၁၀၊ ၁၅ ကီလိုမီတာအကွာရှိ မြို့ပြင်ဖွံ့ဖြိုးမှုပတ်လမ်းတွင် မြို့သစ်ဗဟိုများအား တစ်ခုနှင့်တစ်ခု ၁၀၊ ၁၅ ကီလိုမီတာခွာ၍ မှော်ဘီ-လှည်းကူး-ဒဂုံမြို့သစ် (အရှေ့ပိုင်း)-သန်လျင်-ဒလ-တွံ့တေး-ထန်းတပင် မြို့နယ်များကို လျာထားသည်။

စက်မှုနယ်မြေ တိုးချဲ့မှုပုံစံအနေဖြင့် တိုးတက်လာသည့်လူဦးရေနှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် စက်မှုနယ်မြေများအား မှော်ဘီ-မင်္ဂလာဒုံ-လေးထောင့်ကန်နှင့် သီလဝါတို့တွင် တိုးချဲ့တည်ဆောက်ရန် လျာထားသည်။ စိမ်းလန်းမြေတိုးချဲ့မှုပုံစံအနေဖြင့် ပတ်လမ်းနှစ်ခုကြား နယ်မြေအား မြို့ပြအစီအစဉ်မကျ၊ ပျံ့နှံ့မှု မဖြစ်စေရန်အတွက် စိမ်းလန်းမြေများတိုးချဲ့ခြင်း (ပန်းခြံ၊ ကစားကွင်း၊ မြေကွက်လပ်များထပ်မံ ဖော်ထုတ်ခြင်း)နှင့် လူနေထူထပ်မှုမရှိစေရန် ထိန်းသိမ်းခြင်းတို့ဆောင်ရွက်ရန် စီမံကိန်းများ ရေးဆွဲထားရှိသည်။

မြို့ပြ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အခြေခံအဆောက်အအုံ ကဏ္ဍကိုးခုဖြစ်သည့် မြို့ပြသယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရထားပို့ဆောင်ရေး၊ ဆိပ်ကမ်းနှင့် ကုန်စည်ပို့ဆောင်ရေး၊ ရေပေးဝေရေး၊ မိလ္လာနှင့် ရေစီးရေလာကောင်းမွန်ရေး၊ လျှပ်စစ်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ဆက်သွယ်ရေးကဏ္ဍအလိုက် ဖွံ့ဖြိုးရေးမျှော်မှန်းချက်များကို ကာလတို၊ကာလလတ်၊ ကာလရှည် စီမံကိန်းများ ချမှတ်ဖော်ထုတ်သွားမည်ဖြစ်ကြောင်း မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း (၂၀၄၀) အစီရင်ခံစာအရ သိရသည်။

**(မင်းသစ်)**



# နိုင်ငံတော်က ပညာရေးကို ပိုမိုမြှင့်တင် အနာဂတ်ပန်းတို့ လန်းလန်းရွှင်

**မန္တလေး ဇွန် ၂၆**

ဇွန်လဆန်းပိုင်းမှ စတင်ကာ သဘာဝပတ်ဝန်းကျင်တွင် သစ်ပင်ပန်းမန်တို့ စိမ်းစိုလှပလျက်ရှိသည်။ သဘာဝမိုးတို့ ပက်ဖျန်းခြင်းကြောင့် လှပဝေဆာလျက်ရှိသည်။ သဘာဝပန်းများနည်းတူ လန်းလန်းရွှင်ကာ ပြုံးပျော်လျက်ရှိသော ပန်းကလေးများလည်းရှိနေသည်။ ထိုပန်းကလေးများမှာ အနာဂတ်၏ အလှပန်းကျောင်းသားကျောင်းသူများပင် ဖြစ်သည်။

ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို တည်ဆောက်နေပြီဖြစ်သည်။ လက်ရှိကာလတွင် အနာဂတ် သားကောင်းလေးများအတွက်ပညာရေးမှာ အားရစရာပင်ဖြစ်သည်။ ကျောင်းနေအရွယ်ကလေးကျောင်းနေရေးအတွက် ကြိုးပမ်းလုပ်ဆောင် အောင်မြင်လျက်ရှိသည်။ အခမဲ့မူလတန်းမသင်မနေရစနစ်များမှသည် အခမဲ့အလယ်တန်း၊ အခမဲ့အထက်တန်းပညာရေး စနစ်ကို အကောင်အထည်ဖော်ပေးသည့်အတွက် ပြည်သူလူထု ကျောင်းသားမိဘများ ဝမ်းသာလျက်ရှိပြီး မကြုံဖူးသော အခွင့်အလမ်းတစ်ခုအဖြစ် ပြောဆိုနေကြသည်။ အခမဲ့ပညာရေးစနစ်အတွက် ငွေကျပ် ၂၉ဘီလီယံကျော် သုံးစွဲရန် လျာထားဆောင်ရွက်လျက်ရှိခြင်းအတွက် ဝမ်းသာဂုဏ်ယူလျက်ရှိသည်။

အထက်အညာဒေသအတွက် ဝေးလံလှသော အထကများသို့ စက်ဘီးကလေးများ ကိုယ်စီဖြင့် သွားကာကျောင်းတက်သည့် မြင်ကွင်းမှာ အနာဂတ်ပန်းများအတွက် လှပသောမြင်ကွင်းကလေးပင် ဖြစ်သည်။ စည်းလုံးပျော်ရွှင်စွာကျောင်းတက်သလိုပင် စည်းကမ်းစနစ်ကျစွာ စက်ဘီးစီးသွားလာသည့် မြင်ကွင်းမှာ ချစ်စဖွယ်ပင်ဖြစ်သည်။

အဖြူအစိမ်း တူညီဝတ်စုံလေးများ ကိုယ်စီဝတ်ကာ ဒေသထွက် မြန်မာ့ရိုးရာ လွယ်အိတ်ကလေးများကို ဂုဏ်ယူစွာ လွယ်တတ်သည့် အညာဒေသကျေးလက်ဓလေ့မှာ ချစ်စရာအသွင်ပင်ဖြစ်နေသည်။ မိဘများကလည်း သားသမီးများ စက်ဘီးလေးများနှင့် ကျောင်းတက်သွားသည်ကို ကြည့်ကာ ပီတိဖြစ်နေကြမြဲပင်ဖြစ်သည်။ ယခုအခါ ဆိုင်ကယ်ခေတ်ဟုဆိုသည့်တိုင်အောင်အနာဂတ်ပန်းပွင့်ကလေးများအတွက်မူ စက်ဘီးကလေးများဖြင့် တက်ကြွစွာ ပညာသင်ကြားနေလျက်ရှိသည်။ ပညာရေးကိုပိုမိုမြှင့်တင် အနာဂတ်ပန်းတို့လန်းလန်းရွှင်ဟုပင် တင်စားလာသည်။ လှပသောပန်းကလေးများလန်းနေသောမြင်ကွင်းများ၊ စက်ဘီးကလေးများနှင့်ကျောင်းတက်သည့် မြင်ကွင်းများမှာ အနာဂတ်မြန်မာနိုင်ငံအတွက် ခွန်အားများဖြစ်စေပြီး တောက်ပသော ကြယ်ပွင့်များစွာ ပေါ်ထွက်လာမည့် အခွင့်အရေးများနှင့် ပြည့်နှက်နေလျက်ရှိကြောင်း ကျောင်းဆရာတစ်ဦးက ပြောပြသည်။

**(တိမ်တမန်)**

## အစာအဆိပ်သင့် ဖြစ်ပွားမှုမှ ကာကွယ်ရန်နှိုးဆော်ချက်

မသန့်ရှင်းသောအစားအသောက်များကို စားသုံးမိခြင်း၊ ရောဂါပိုးများနှင့် အခြားအဆိပ်အတောက်ဖြစ်စေသော ဓာတုပစ္စည်းများ၊ မှိုနှင့် အပင်များ၊ ငါးနှင့်ခရုများရှိ အဆိပ်ဖြစ်စေသော ဓာတ်ပစ္စည်းများကြောင့် အစာအဆိပ်သင့်မှုဖြစ်ပွားတတ်ပါသည်။ အစာအဆိပ်သင့်ဖြစ်ပွားမှုမှ ကာကွယ်ရန်-

(၁) သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ၊ အသားများကိုသာ ရွေးချယ်စားသုံးပါ။
(၂) ရက်လွန်အစားအစာများ၊ ပုပ်သိုးနေသော အစားအစာများ၊ အမှည့်လွန်သစ်သီးဝလံများ၊ သံချေးတက်ပုံပျက်နေသော စည်သွတ်ဘူးများအား စားသုံးခြင်းမှရှောင်ကြဉ်ပါ။
(၃) အိမ်သာအသုံးပြုပြီးလျှင် (သို့) အစားအစာ ကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ခြင်းမပြုမီ လက်ကိုဆပ်ပြာဖြင့် သေချာစွာဆေးကြောပါ။
(၄) အသီးအရွက်၊ သားငါးများကို ကျက်အောင်ချက်ပြုတ်စားသုံးပါ။
(၅) အစားအစာချက်ပြုတ်ပြီး မကြာမီအချိန်အတွင်း ပူပူနွေးနွေးစားသုံးရန်နှင့် လတ်တလောမစားသုံးဖြစ်သေးပါက ရေခဲသေတ္တာထဲတွင် ၄ ဒီဂရီစင်တီဂရိတ်အောက်(သို့) ၆၃ ဒီဂရီစင်တီဂရိတ်အထက်၌ သိမ်းဆည်းသိုလှောင်ထားရန်နှင့် စားသုံးမည်ဆိုပါက ပူနွေးအောင်ပြန်နွေး၍ စားသုံးပါ။
(၆) အသီးအရွက်၊ သားငါးများအာ လှီးဖြတ်ရာတွင် အသုံးပြုသော ဓားနှင့်စဉ်းတီတုံးများကို သပ်သပ်စီခွဲခြားအသုံးပြုပါ။
(၇) ချက်ပြုတ်ပြီးအစားအစာနှင့် မချက်ပြုတ်ရသေးသော အသီးအရွက် အသားငါးများအား ရောနှောသိုလှောင်သိမ်းဆည်းခြင်းမပြုရပါ။
(၈) အလှူနှင့်လူအများအတွက် ကျွေးမွေးမည့်နေရာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါလူနာများအနေဖြင့် အစားအစာများအား ကိုင်တွယ်၊ ပြင်ဆင်၊ ချက်ပြုတ်ခြင်းမပြုသင့်ပါ။
(၉) စားကြွင်းစားကျန်များ ထည့်ထားသော အမှိုက်ပုံးအား သေချာစွာ ဖုံးအုပ်ထားရန်နှင့် မပြည့်လျှံမီစွန့်ပစ်ပါ။
(၁၀) ကြွက်နှင့် ယင်များ မခိုအောင်းနိုင်စေရန် မီးဖိုချောင်အား သန့်ရှင်းသပ်ယပ်စွာထားပါ။
(၁၁) မက်သနောပါဝင်မှုများသော အရက်သေစာသောက်သုံးခြင်းမှ ရှောင်ကြဉ်ပါ။
(၁၂) အမျိုးအမည်မသိ၊ မစားသောက်ဖူးသော မှို၊ သစ်သီးသစ်ဖုနှင့် ပင်လယ်စာများအား သတိထား၍ စားသောက်ပါ။

**(ကျန်းမာရေးဝန်ကြီးဌာန)**


ဆရာဦးသန်းထိုက်လင်း B.A(English) ဦးစီးတည်ထောင်သော

**စွမ်းရည်ထက်**

**အရာရှိဝင်ခွင့်သင်တန်း/ဒု-ရဲအုပ်သင်တန်း(တပ်တွင်း/ပြင်ပ)**
**(အနီးကပ်အထူးသင်တန်း)**

မကြာမီဖြေဆိုမည့် ဒု-ရဲအုပ်လောင်း(တပ်တွင်း/ပြင်ပ)ဖြေဆိုမည့် နေပြည်တော်တစ်ခွင်မှ ရဲဘော်/ရဲမေများအတွက် ဝင်ခွင့်စာမေးပွဲသင်တန်းဖွင့်လှစ်ပြီး သင်ကြားနေပါပြီ။
သို့သော် ထပ်မံ၍ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ ဒု-ရဲအုပ်သင်တန်းဖြေဆိုမည့် မောင်/မယ်များအတွက် နေစရာ အဆောင်/စားစရိတ်ငြိမ်းဖြင့် ယခု အနီးကပ်သင်တန်း(အချိန်တို) ဖွင့်လှစ်ပါတော့မည်။
2-7-2015 aer 15-7-2015 ae t x/
(ar;ce;ypwEiwu ajzwwa tmi? ajzEia tmi oilum;ay;yon/)

**ဆက်သွယ်ရန်** - "စွမ်းရည်ထက်" အရာရှိဝင်ခွင့်သင်တန်းကျောင်း
အမှတ်-၆/၆၂၊ ဗိုလ်ချုပ်လမ်း၊ အောင်ချမ်းသာဘုရားအနီး မြို့ဦးရပ်၊ ပျဉ်းမနားမြို့၊ နေပြည်တော်။ ဖုန်း-၀၉-၄၂၀၇၅၀၁၆၉ သို့ စာရင်းပေးသွင်းထားနိုင်ပါသည်။

**(ဒု-ရဲအုပ်သင်တန်းဆို နေပြည်တော်က "စွမ်းရည်ထက်"သင်တန်းကို စုံစမ်းလိုက်ပါ။)**


**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ဘီးခွန်များ ဇူလိုင် ၁ ရက်မှစတင်ကာ ရှောင်တခင်စစ်ဆေးမည်

**မန္တလေး ဇွန် ၂၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်အတွင်း မောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်များအား ဘီးခွန်ပေးဆောင်ထားခြင်းရှိ/မရှိကို ဇူလိုင် ၁ ရက်မှ စတင်ကာ ရှောင်တခင်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ်ထမ်းဆောင်ရန်ရှိသော ဘီးခွန်အား ပေးဆောင်ထားခြင်းရှိ-မရှိကို ယာဉ်ထိန်းရဲတပ်ဖွဲ့အကူအညီဖြင့် ပူးပေါင်း၍ ရှောင်တခင်စစ်ဆေးရေးအဖွဲ့က လူစည်ကားရာနေရာများတွင် အဓိကထားကာ ကွင်းဆင်းစစ်ဆေးမည်ဖြစ်ကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် ဘီးခွန်ပေးဆောင်ထားခြင်းမရှိပါက စစ်ဆေးသည့်နေရာတွင်ပင် ဘီးခွန်ကောက်ခံသွားမည်ဖြစ်သည်။

ဘီးခွန်များကို ယာဉ်အမျိုးအစားပေါ်မူတည်ကာ ကျပ် ၂၀၀၀ မှ ကျပ် ၆၀၀၀ အတွင်း ပေးဆောင်ကြရခြင်းဖြစ်ကာ မန္တလေးမြို့တွင် မော်တော်ယာဉ်စီးရေ ရှစ်သောင်းကျော်နှင့် မော်တော်ဆိုင်ကယ်စီးရေ ခြောက်သိန်းခန့်ရှိကြောင်း သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အသစ်တင်သွင်းလာသော မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ၊ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှ နယ်ဝင်လာသော မော်တော်ယာဉ်များအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ပြီး နှစ်လအတွင်း ဘီးခွန်ပေးဆောင်ပါက ရက်လွန်ဒဏ်ကြေးကင်းလွတ်ခွင့်ဖြင့် ဘီးခွန်ပေးဆောင်နိုင်ပြီး စည်ပင်နယ်နိမိတ်အတွင်း မောင်းနှင်လျက်ရှိသောယာဉ်များ၊ မြို့တွင်းလိုင်းကားများနှင့် မော်တော်ဆိုင်ကယ်များ၊ မန္တလေးမြို့လိုင်စာပေါက် မော်တော်ယာဉ်များသည် နှစ်စဉ် ဘီးခွန်ပေးဆောင်ကြရမည်ဖြစ်ကြောင်း သိရသည်။ **(၀၀၂)**

## အချက်အချာကျသည့်နေရာများ မီးသီးများတပ်ဆင်စေချင်

**စစ်ကိုင်း ဇွန် ၂၆**

စစ်ကိုင်းမြို့တွင် မြို့နယ်စည်ပင်သာယာရေးနှင့် အလှူရှင်များက အချက်အချာကျသည့်နေရာများတွင် မီးသီး၊ မီးချောင်းများ တပ်ဆင်ပေးလျက်ရှိပြီး လက်ရှိတွင် မီးသီးများရိုက်ခွဲထားခြင်းကြောင့် အန္တရာယ်ရှိလာနိုင်၍ အဓိကနေရာများတွင် မီးအမြဲမပြတ်လင်းစေချင်ကြောင်း မြို့ခံများကပြောသည်။

သို့သော် ထိုနေရာများတွင် စတင်တပ်ဆင်ထားသည့် မီးသီးများအား လူတချို့မှ မီးမလင်းအောင် ဖျက်ဆီးတတ်ကြောင်း၊ ထိုနေရာတွင် အချက်အချာကျ၍ လုယက်မှုများဖြစ်ပေါ်လာနိုင်ကြောင်း ဒေသခံများကပြောသည်။

“တာရိုးကြီးလမ်းမမှာ အများပြည်သူများနဲ့ အရေးပေါ်ကားတွေ အများဆုံးဖြတ်သန်းသွားလာတတ်တဲ့လမ်း ဖြစ်ပါတယ်။ ညအချိန်မှာ အမှောင်ကျပါတယ်။ အများပြည်သူများတွေ ဒီလမ်းတွေက ဖြတ်သန်းသွားလာရာမှာ မှောင်ရိပ်ခိုလုယူသူများရဲ့ရန်ကို ကြောက်နေရပါတယ်။ အခုတလော ရပ်ကွက်တိုင်းတွင် ဖောက်ထွင်းမှု၊ လုယက်မှုများ မကြာခဏဖြစ်ပွားနေပါတယ်။ သက်ဆိုင်ရာကလည်း မှောင်ရိပ်ခိုလုယူသူများရဲ့အန္တရာယ်ကကင်းဝေးအောင် တပ်ဆင်ထားတဲ့မီးသီး၊ မီးချောင်းတွေကို အမြဲမပြတ်လင်းအောင် လုပ်ပေးသင့်ပါတယ်”ဟု မြို့ခံတစ်ဦးက အကြံပြုပြောသည်။ **နိုင်ဇေယျာ(စစ်ကိုင်း)**

# မြန်မာစာအညွှန်းမပါသော ပိုးသတ်ဆေးများ ရောင်းချခြင်းမပြုရန် စစ်ဆေး

**မင်းဘူး ဇွန် ၂၆**

မင်းဘူးခရိုင် မင်းဘူးမြို့ရှိ စိုက်ပျိုးရေးဆိုင်များတွင် မြန်မာစာအညွှန်းမပါသော ပိုးသတ်ဆေးများကို ရောင်းချခြင်းမပြုရန် ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ခရိုင်စိုက်ပျိုးသီးနှံကာကွယ်ရေးတာဝန်ခံများက ပြောကြားခဲ့သည်။

ဘေးထွက်ဆိုးကျိုးဖြစ်စေမည့် မြန်မာစာညွှန်းမပါသော စိုက်ပျိုးဆေးများကို မင်းဘူးခရိုင် ငါးမြို့နယ်ရှိ စိုက်ပျိုးဆေးရောင်းချနေသော အရောင်းဆိုင်ပေါင်း ၁၆၃ ဆိုင်အား ရှာဖွေစစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ကြောင်း မင်းဘူးခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ ဦးသိန်းဝင်းက ပြောသည်။

မင်းဘူးမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်ရှိ ဆေးဆိုင်များကို ရှာဖွေစစ်ဆေးဆောင်ရွက်လျက်ရှိပြီး ကျန်ရှိနေသော ငဖဲမြို့နယ်၊ စလင်းမြို့နယ်၊ စေတုတ္တရာမြို့နယ်ရှိ စိုက်ပျိုးဆေးအရောင်းဆိုင်များကိုလည်း စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ၎င်းက ဆက်လက်ပြောသည်။

မြို့နယ်များရှိစိုက်ပျိုးဆေးဆိုင်များမှ မြန်မာစာအညွှန်းမပါသော ဆေးများ ရောင်းချမှုပြုပါက အသုံးပြုသောတောင်သူများ ဆေးအလွန်အကျွံအသုံးပြုမှုကြောင့် အန္တရာယ်ဖြစ်စေနိုင်ပြီး နည်းစနစ်မှန်စွာ အသုံးပြုမှုကြောင့် စိုက်ပျိုးထားသောသီးနှံများ အကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်း ၎င်းက ပြောသည်။

“အခုခေတ်မှာ စိုက်ပျိုးဆေးဝါးတွေ အမျိုးမျိုးထွက်ရှိပြီး သုံးစွဲရာမှာလည်း နည်းစနစ်မှန်ကန်မှ အန္တရာယ်ကင်းစေပါတယ်။ တချို့ဆေးဝါးတွေမှာ ကိုယ်မဖတ်တတ်တဲ့စာတွေ ရေးထားတော့ ဘယ်လိုသုံးရမယ်ဆိုတာ မသိရဘူး။ သူများမေးစမ်းပြီး သုံးရတာတွေလည်းရှိပါတယ်။ အခုလို မြန်မာစာအညွှန်းနဲ့ ရေးသားထားရင် ဆေးသုံးတဲ့တောင်သူတွေအနေဖြင့် အန္တရာယ်ကင်းပြီး အကျိုးဖြစ်ထွန်းမှာဖြစ်တယ်လို့ ထင်ပါတယ်”ဟု တောင်းပန်းကျေးရွာတောင်သူ ဦးမြင့်ကိုထွေးက ပြောသည်။

စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးဝါးများမှာ သုံးစွဲသူတောင်သူများအဖို့ မသုံးတတ်လျှင် အသက်အန္တရာယ်အထိစိုးရိမ်ရကြောင်း ဆေးအသုံးများသွားပါက သီးနှံပင်များသေကြေပျက်စီးခြင်း၊ သီးနှံအထွက်နှုန်းနည်းခြင်းများ ကြုံတွေ့ရကြောင်း၊ ကျွဲ၊ နွား တိရစ္ဆာန်များအတွက်လည်း အန္တရာယ်ရှိ၍ ဝေးရာတွင် ထားရှိအသုံးပြုရကြောင်း ၎င်းကဆက်လက်ပြောသည်။

မြန်မာစာအညွှန်းမပါသော တချို့ဆေးဝါးတွေဟာ စိုက်ပျိုးသောသူ၊ စိုက်ပျိုးသီးနှံများကိုပါ အန္တရာယ်ဖြစ်စေပါတယ်။ အဲ့ဒါကြောင့် စိုက်ပျိုးသီးနှံကာကွယ်ရေးအတွက် စိုက်ပျိုးရေးဌာနက ထိရောက်စွာစစ်ဆေးအရေးယူသွားမည်ဖြစ်ပါတယ်”ဟုစစ်ဆေးရေးအဖွဲ့မှတာဝန်ရှိသူ တစ်ဦးက ပြောသည်။ **ကိုကျော်(မင်းဘူး)**

## စီမံကိန်းဝင်ကျေးရွာများ ဖွံ့ဖြိုးမှုများကြည့်ရှုစစ်ဆေး

**ကျောက်ပန်းတောင်း ဇွန် ၂၆**

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သစ်ဆပ်ပင်ရွာ၊ ဗြိစင်အင်းရွာ၊ သစ်တိန်းရွာ၊ မကျီးစုရွာနှင့် ကြက်ဆူတောရွာများကို အရင်းမပျောက်မတည်ငွေ တစ်ရွာလျှင်ကျပ်သိန်း ၃၀၀ စီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကမ်းဖြူရွာနှင့် ပန်တော်ကျင်းရွာများကို ထပ်တိုးဆောင်ရွက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို စမ်းသပ်အကောင်အထည်ဖော်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် အရင်းမပျောက်မတည်ငွေ တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ စီဖြင့် ကျေးရွာခုနစ်ရွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ယခုသွားရောက်ခဲ့သော မကျီးစုကျေးရွာတွင် မြစိမ်းရောင်အဖွဲ့ဝင်တောင်သူများနှင့် တွေ့ဆုံ၍ စီမံကိန်းမတည်ငွေဖြင့် ဆောင်ရွက်လုပ်ကိုင်နေသည့်လုပ်ငန်းများနှင့်ပတ်သက်၍မေးမြန်းဆွေးနွေး ပြီး ကျေးရွာအတွင်း မွေးမြူရေးလုပ်ငန်းများနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ၏ အခြေအနေများကိုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## ဆည်၊ကန်ပြုပြင် တည်ဆောက်ပေး၍ ကျေးဇူးများရရှိ

**နွားထိုးကြီး ဇွန် ၂၆**

နွားထိုးကြီးမြို့နယ်တွင် ဆည်၊ ကန်ပြုပြင်တည်ဆောက်ပေး၍ ဖြစ်ပေါ်လာသော အကျိုးကျေးဇူးများကို နယ်သူ၊ နယ်သားများ ခံစားသိရှိလာကာ ထပ်မံပြုပြင်ပေးရန်ကျန်ရှိနေသော ဆည်၊ ကန်များစာရင်းအား မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ပေးပို့လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

နွားထိုးကြီးမြို့နယ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီစဉ်ဖြင့် ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးရေနှင့် သောက်ရေကန် ၂၅ ကန် ပြင်ဆင်တူးဖော်ပြီးဖြစ်ကြောင်း သိရသည်။

ယခင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြုပြင်ပေးခဲ့သော ဆည်၊ ကန် ၇၅ ကန်မှာ မိုးတွင်းအခါ ရေသိုလှောင်နိုင်၍ သောက်သုံးရေဖူလုံခဲ့သည့် အပြင် ဝက်လူး၊ ကန်နား၊ ညောင်ပင်ရွာ၊ ပဒေါင်း၊ ဘုံသာ၊ ဘုတ်ကုန်းနှင့် ကုက္ကိုဇီးတို့ရှိ စိုက်ပျိုး ရေကန်များမှလည်း တစ်မိုးလိုစပါးခင်းများအတွက် အောင်ရေပေးနိုင်ခဲ့၍ သောက်သုံးရေအပြင် စပါးခင်းများပါ အောင်မြင်နေခဲ့သည်။

နွားထိုးကြီးနယ်တွင် ၂၀၁၀ ခုနှစ်မှ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ထိ အစိုးရသစ်လက်ထက်တွင် ဆည်ကန်စုစုပေါင်း ၁၃၃ ကန် ပြုပြင်ပြီးဖြစ်၍ ယခုနှစ်မိုးရာသီ မိုးရေစုဆောင်းရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။ **ဌေးမြင့်မောင်**

## အငြိမ်းစားဝန်ထမ်းများစုပေါင်း၍ ဝန်ထမ်းပေါင်းစုံ အငြိမ်းစားများအသင်း သာစည်တွင် ဖွဲ့စည်းမည်

**သာစည် ဇွန် ၂၆**

မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် ရုံးဌာနပေါင်းစုံမှ အငြိမ်းစားယူသွားခဲ့ကြသည့် ဝန်ထမ်းများက စုပေါင်းပြီး ဝန်ထမ်းပေါင်းစုံ အငြိမ်းစားများအသင်းကို လာမည့်ဇူလိုင်လအတွင်းတွင် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အငြိမ်းစားကျောင်းအုပ်ကြီးတစ်ဦးထံမှ သိရသည်။

အဆိုပါ ဝန်ထမ်းပေါင်းစုံ အငြိမ်းစားများအသင်းကို ဖွဲ့စည်းရခြင်းမှာ အငြိမ်းစားယူသွားခဲ့ကြသည့် ဝန်ထမ်းများ၊ အလုပ်တာဝန်မရှိတော့သည့် အချိန်တွင် စိတ်အားမငယ်စေရေး၊ အငြိမ်းစား ဝန်ထမ်းအချင်းချင်း အပြန်အလှန်ဖေးမကူညီခြင်းဖြင့် စိတ်ချမ်း မြေ့သာယာမှု ရရှိစေရေးတို့အတွက်ရည်ရွယ်သည်။

ထို့အပြင် အငြိမ်းစားဝန်ထမ်းမိသားစုတို့၏ သာရေး၊ နာရေး၊ လူမှုရေး၊ ကျန်းမာရေးတို့တွင် အခက်အခဲမရှိစေရန် ယခုဖွဲ့စည်းမည့်အသင်းကြီးက ထောက်ပံ့ကူညီသွားကြရန်အတွက် ဖွဲ့စည်းရခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်း တစ်ဦးဖြစ်သူ ဦးတင်မောင်ထွေးက ပြောပြသည်။ **မောင်ကို(သာစည်)**



**သန်လျင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ သန်လျင်မြို့နယ်အတွင်းရှိ ရဟန်းသာမဏေ သီလရှင် စုစုပေါင်းအပါး ၄၅၈ ပါးတို့အား ဇွန် ၂၄ ရက်က သန်လျင်မြို့နယ် နတ်စင်တရာကျောင်းတိုက်၌ သာသနာဝင်၊ သာသနာနွယ်ဝင် စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးမှုကို တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးကြည်လင်၊ ခရိုင်ဦးစီးဌာနမှူး ဦးထွန်းဦးတို့က ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။** သတင်းနှင့် ဓာတ်ပုံ - သန်းဝင်း(သန်လျင်)

# ပုလဲမြို့နယ်တွင် အခြေခံပညာကျောင်း အဆင့်တိုး ၄၈ ကျောင်းရရှိ

**ပုလဲ ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းအဆင့်တိုး ၄၈ ကျောင်းရရှိ၍ ကျောင်းသားများ၏ ပညာရေး မျှော်မှန်းချက်များ ပိုမို ရရှိလာမည်ဖြစ်ကြောင်း မြို့ခံများက ပြောသည်။

ပုလဲမြို့နယ်ပညာရေးမှူး ဒေါ်စုစုက “ကျွန်မတို့ပုလဲမြို့နယ်အနေနဲ့ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုး နှစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ အဆင့်တိုးနှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ အဆင့်တိုး ၁၇ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း အဆင့်တိုး ၁၄ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း အဆင့်တိုးငါးကျောင်းနဲ့ အခြေခံပညာမူလတန်းကျောင်းခွဲ အဆင့်တိုးရှစ်ကျောင်း စုစုပေါင်း ၄၈ ကျောင်းကို နိုင်ငံတော်က ခွင့်ပြုပေးလိုက်ပါပြီ”ဟု ပြောသည်။

ပုလဲမြို့နယ်၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း အဆင့်တိုးရရှိသည့် ၄၈ ကျောင်းမှာ အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ အ.ထ.က (ခွဲ) ကန့်ဒေါင့်နှင့် တောင်ပိတောက်ကုန်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်သို့ အ.လ.က ဖလံပင်နှင့် ကြက်ရင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲအဆင့်သို့ မူလွန်တနယ်၊ အေးချမ်းသာ၊ အိုင်းမ၊ ဝမ်းဘဲချိုင့်၊ ထန်းခင်းကြီး၊ ကြောင်သန်း၊ တုန်းကန်၊ ကံပေါက်၊ ရှားတော၊ မွေ့တုံ၊ မြေနီကုန်း၊ မြောက်ပိတောက်ကုန်း၊ လက်ပုကန်၊ ပုထိုးသာ၊ ခင်အေး၊ ပဲခင်းမနှင့် ကိုင်းတွင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းအဆင့်သို့ အ.မ.က ရေကြော၊ ကျည်းပင်၊ ရေသာ၊ ဆည်ကြီး၊ နတ်ထိပ်၊ လက်ပန်၊ ကြာစီ၊ ဝမ်းပြင်၊ ညောင်ပင်သာ၊ သရက်ကန်၊ နှောပင်ပြန့်၊ ချင်ပြစ်ကျင်း၊ ၅၇ မိုင်စခန်းနှင့် ရွှေလောင်း၊ အခြေခံပညာမူလတန်းကျောင်းအဆင့်သို့ အ.မ.က (ခွဲ) ပျော်ဘွယ်ကျင်း၊ ပေပင်၊ ကံပေါက်၊ ၅၅ မိုင်စခန်းနှင့် ကအကကျောက်ဖျာကန်(ဘ/က)၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) အဆင့်သို့ ကအကကျောက်ရှော၊ ရွာမအထက်၊ စသာ၊ ဇရစ်တော၊ ငြိမ်းချမ်းသာ၊ လယ်ပုလင်၊ ထူးသုံးဆင့်နှင့် ၅၈ မိုင်စခန်းတို့ဖြစ်ကြောင်း သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

## သိပ္ပံနည်းကျစိုက်ပျိုးစနစ်ဖြင့် ပုလဲသွယ် စပ်မျိုးစပါးမျိုးစေ့ချသရုပ်ပြ

**ထန်တလန် ဇွန် ၂၆**

သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် ပုလဲသွယ်စပ်မျိုးစပါး (GAP) မျိုးစေ့ချသရုပ်ပြပွဲကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက ထန်တလန်မြို့ လဗားစံပြစိုက်ကွက်၌ ကျင်းပခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးဝန်ထမ်းများ တက်ရောက်ကြပြီး သက်မှတ်ထားသော ပျိုးပေါင်များတွင် မျိုးစေ့ချစိုက်ပျိုးကြသည်။

ပျိုးပင်များရရှိလာပါက တောင်သူဦးထနှောန်းလယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက သိပ္ပံနည်းကျတာဝန်ယူစိုက်ပျိုးသွားမည်ဖြစ်ပြီး ထွက်ရှိလာသော စပါးများကိုမူ လယ်ပိုင်ရှင်က ရရှိမည်ဖြစ်ကြောင်း၊ တောင်သူအသိပညာပေးသည့်အနေဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စံပြစိုက်ပျိုးထားခြင်းဖြစ်ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍာယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍာကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

ကလေးဘဝက ရုပ်ရည်အတိုင်း မရှိတော့သော်လည်း ခိုင့်မျက်နှာလေးမှာ နုနယ်ဆဲ၊ သန့်စင်ဆဲ၊ ဖြူဝင်းဆဲဖြစ်နေပါ၏။ အရွယ်လိုက်၍ မျက်နှာကလေး အတန်သွယ်ကာ ကိုယ်ခန္ဓာအနည်းငယ် အရည်စစ်သွားသည်မှတစ်ပါး ခိုင့်ဝယ် အခြားပြောင်းလဲမှုများ မရှိ။

ခိုင့်စိတ်သည်မူ ပြောင်းလဲပါစေ၊ အကောင်းအတွက် ပြောင်းလဲပါစေ . . . ။

ဤသို့ စိတ်တွင်းမှ ကျွန်တော် တိတ်တိတ်ကျိတ် ဆုတောင်းမိပါသည်။

ခိုင်သည် ပြုံးလျက် မျက်တောင်ကော့များကို ပင့်ကာ ကျွန်တော့်ကို မော့ကြည့်ပြောသည်။

" မောင် . . . ခိုင့်ကို ပြောစရာတွေရှိတယ် မဟုတ်လား . . . ပြောလေ " ကျွန်တော်ကလည်း ကျေနပ်စွာ ပြုံးလိုက်မိသည်။

"ဟုတ်တယ် ခိုင် . . . ခိုင့်ကို မောင် ပြောစရာတွေ ရှိတယ်။ ပြီးတော့ ခိုင် ပြောပြမှာတွေကိုလည်း မောင် နားထောင်ချင်တယ် . . "

ခိုင်သည် ပြုံးနေသောမျက်နှာလေးကို တည်လိုက်ပြီး အေးချမ်းညင်သာစွာ ဆို၏။

"မောင်က အရင်ပြောလေ . . . ။ခိုင် နားထောင်ပါ့မယ် "

ဤသို့ဆိုပြန်သော် ကျွန်တော် ဘယ်က စပြောရမှန်းမသိ။ ကျွန်တော် ငိုင်နေသောကြောင့် ခိုင်ကထပ်တိုက်တွန်းသည်။

" ပြောလေ မောင် . . . မောင့်မှာ ပြောစရာတွေ အများကြီးရှိတယ်ဆို "

ကျွန်တော်က အဓိပ္ပါယ်မရှိ တစ်ချက်ရယ်လိုက်သည်။

"ပြောစရာတွေ အများကြီးပဲလို့တော့ စိတ်က ထင်မိတယ်။ တကယ်ပြောမယ် ဆိုရင်တော့လည်း တိုတိုလေးပဲ ခိုင်။ ခိုင်တို့ မောင်တို့ဟာ သွယ်ဝိုက်ပြောနေကြရမယ့် အရွယ်တွေလည်း မဟုတ်လေတော့ မောင် တိုတိုပဲ ပြောပါ့မယ် . . . " ခိုင်သည် မျက်လွှာလေးချ၍ နားထောင်နေသည်။ ကျွန်တော်က သာယာညင်းပျောင်းစွာ ပြောမိသည်။

"ခိုင်တို့ မောင်တို့မှာ မိဘမောင်နှမအရင်းကလွဲရင် အချစ်ဆုံးသူငယ်ချင်း သုံးဦးပဲရှိခဲ့ကြတယ် ခိုင်။

တစ်ခါတလေ သူငယ်ချင်းနဲ့ မိဘမောင်နှမအရင်းကို ဘယ်သူ့ပိုချစ်တယ်လို့ မောင် ဆုံးဖြတ်လို့ မရဘူး။ ဒါကို ခိုင် ယုံပါ . . . "

ခိုင်သည် မျက်လွှာချခြင်းကို မဖျက်။ လှုပ်လည်း မလှုပ်။ နှုတ်မှမူ တိုးတိုးပြန်သည်။

"ခိုင်လည်း ယုံပါတယ် . . "

" ခိုင် ယုံတယ်ဆိုတာ မောင်လည်း သိတယ်။ ဒါကြောင့်မို့ မောင် ဆက်ပြောမယ် ခိုင်။ မောင်တို့ သူငယ်ချင်းသုံးဦးမှာ တစ်ယောက်ကတော့ ကံအဆိုးဆုံးလူဖြစ်နေခဲ့ရပြီ။ ဒါပေမယ့် သူ့မှာမျှော်လင့်ချက်တွေရှိနေတယ် ခိုင်။ ဒီမျှော်လင့်ချက်တွေ ကိုသာ ပြည့်ဝစေဖို့ ကူညီဖြည့်ဆည်းပေးဖို့က ခိုင်နဲ့ မောင်ရဲ့တာဝန်ပဲ . . . "

ခိုင်က မလှုပ်။

"အထူးသဖြင့် သူ့မျှော်လင့်ချက်ပြည့်ဖို့ တစ်လောကလုံးမှာ ခိုင်ဟာ အကူညီနိုင်ဆုံး လူတစ်ယောက်ဖြစ်နေတယ် ခိုင် . . . "

ယခုတိုင်လည်း ခိုင်က မလှုပ်သေး။ ကျွန်တော်သည် စကားမဆက်ဘဲ ငုံ့နေသော ခိုင့်မျက်နှာလေးကို ရှေ့မှ ပြုံး၍ ကြည့်မိသည်။

ခိုင့်မျက်လုံးများမှ မျက်ရည်ပေါက်ကြီးများ တပေါက်ပေါက်လိမ့်ကျနေသည်။ အံလေးကိုကြိတ်ထားသည်။ ရင်လေးမှာလည်း လှိုက်ဖိုလှုပ်ရှားနေ၏။

"ကြည့်စမ်း၊ ခိုင် ငိုနေတယ်။ ဘာလို့ ငိုရသလဲ ခိုင်။ ဒီလောကကြီးမှာ မောင်အတောင့်တဆုံးက . . . ခိုင့်ကိုလည်း မငိုစေချင်ဘူး။ ငြိမ်းမောင်ကိုလည်း မငိုစေချင်ဘူး။ မောင်လည်း မငိုချင်ဘူး . . . မငိုပါနဲ့ ခိုင်ရယ် . . "

ခိုင်သည် ကျွန်တော့်ကို မော့ကြည့်သည်။ မျက်ရည်များကမူ ပေါက်ပေါက်ကျဆဲ။ မျက်နှာလေးကမူ ပြုံးနေပါ၏။

" ခိုင် မငိုပါဘူး မောင်။ မောင့်လိုပဲ . . . ဘယ်သူ့ကိုမှလည်း ခိုင်မငိုစေချင်ပါဘူး။ ဒါပေမယ့် ခိုင်မျက်ရည်ကျမိတယ် မောင်။ ခိုင့်မျက်ရည်ကြောင့်လည်း ဘယ်သူ့ကိုမှ စိတ်မကောင်း မဖြစ်စေချင်ဘူး။ ဒါပေမယ့် တစ်ခုတော့ မောင့်ကို ခိုင် မေးချင်တယ် "

" မေးလေ . . . ခိုင် . . . ဘာမေးမှာလဲ "

" ငယ်ငယ်တုန်းက ခိုင်စားရမယ့် မုန့်တွေကို ဟုတ်ကြိုင်တို့ကို ဝေပေးတော့ မောင် စိတ်ဆိုးခဲ့တယ်။ မောင် ကန့်ကွက်ခဲ့တယ်။ အခုတော့ မောင်က ခိုင့်အချစ်ကို ဝေခိုင်းနေတယ်ပေါ့ . . . ။ ဟုတ်လား "

ခိုင့်စကားသည် ကျွန်တော့်အရိုက်ကို ထိသွားသည်။ ရုတ်တရက်သော် ဆင်ခြေကို ရှာမရသကဲ့သို့ စကားကိုလည်း ရှာမတွေ့။ အတန်ကြီးကြာမှ ဖျောင်းဖျပြောရသည်။

" ခိုင့်အချစ်ကို မောင် ဝေခိုင်းနေတာ မဟုတ်ပါဘူး။ အချစ်ဆိုတာဟာလည်း ဝေခွဲလို့ရတာမျိုး မဟုတ်ပါဘူး ခိုင်ရယ်။ ခိုင်က တစ်ချိန်က ချစ်နိုင်သူနဲ့ ချစ်သူကို ခွဲခြားပြောပြခဲ့တယ်။ မောင်က ချစ်သင့်သူဆိုတဲ့တစ်ယောက်ကို ထပ်တိုးရလိမ့်မယ်။ ခိုင်ရဲ့ ချစ်နိုင်သူတစ်ဦးဟာ အခုအချိန်မှာ ချစ်သင့်သူတစ်ဦးဖြစ်နေပြီလို့ မောင် ထင်တယ်။ အချစ်ကို မဝေပါနဲ့ ခိုင်။ ကိုယ်ချစ်နိုင်တဲ့ ချစ်သင့်တဲ့လူဆီ ပေးထိုက်တာမို့ပေးလိုက်ပါ ခိုင် . . . " ခိုင်သည် မတုန်မလှုပ် ငြိမ်နေသည်။ ဘာစကား ပြန်ပြောမည်နည်းဟု စောင့်နေမိသည်။ သို့ရာတွင် ဘာစကားမျှ ပြန်မပြောဘဲ ခိုင်သည် နေရာမှ ထလိုက်သည်။

ခိုင်သည် ပြုံး၍ ကျွန်တော့်ကို စိုက်ကြည့်နေသည်။ မျက်နှာက ပြုံးလေသော်လည်း မျက်လုံးတို့ကမပြုံးပါလေ။

" အချစ်ဆိုတာဟာ ဝေခွဲလို့ရတာမျိုး မဟုတ်ဘူးဆိုတဲ့ မောင့်စကားကို ခိုင် သိပ်ကြိုက်တယ်။

အချစ်ကို မဝေခိုင်းဘူး ဆိုလို့လည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဝေခွဲစားလို့ရတဲ့ မုန့်ကိုတောင် ကိုယ်က စွန့်ရမယ်ဆိုရင် အများကြီး စဉ်းစားရမယ်။ မုန့်ထက် မနှိုင်းသာအောင် တန်ဖိုးကြီးတဲ့ အချစ်ကို တစ်ဦးတစ်ယောက်ကို ပိုင်ဆိုင်ခွင့် ရစေဖို့အတွက်တော့ . . . ပိုစဉ်းစားရမယ် မောင်။ ဘာကြောင့်လဲဆိုတော့ အချစ်ဆိုတာ ပေးသင့်တယ်ထင်ပြီး ပေးလို့ရတာမျိုး မဟုတ်ဘူး။ ပေးချင်မှ ပေးလို့ရတာ . . . ကိုယ်ပေးတိုင်းလည်း သူမရပါဘူး မောင် . . . ကိုယ်ပေးချင်တိုင်းလည်း သူ မယူပါဘူး မောင်" ခိုင်သည် ချာကနဲ လှည့်ထွက်သွားသည်။

အချစ်အဘိဓမ္မာကို မပိုင်ပါဘဲ သရုပ်ခွဲပြခဲ့သူ ကျွန်တော်သာ တစ်ယောက်တည်း ကျန်ခဲ့ပါ၏။

ထိုည၌ ငွေလက ဝင်းပထိန်လင်းနေသည်။ ထိန်လင်းနေသောငွေလဝန်းကို ပွတ်ကာသီကာ ဖြတ်သန်းလေလွင့်နေသော မိုးတိမ်ဖြူတို့ကြောင့်လည်း လွမ်းဖွယ်ရှိလှသည်။

နံနက်စောစော ထရမည် ဖြစ်သောကြောင့် အိပ်ရာသို့ စောစောပင် ကျွန်တော်ဝင်ခဲ့သည်။ အိပ်ယာနှင့် ကျောထိမိ၍ ဦးခေါင်းက လှဲမိခဲ့သည်ဖြစ်သော်လည်း မျက်လုံးတို့က မမှိတ်။

အာရုံက ထွေပြား၍ စိတ်က လှုပ်ရှားသည်။ ထိုအခါ နှလုံးသားက အိပ်ရန်ကို ပုန်ကန်သည်။

မပိတ်ချင်ပါဆိုသော မျက်လုံးများကို ဇွတ်မှိတ်ခိုင်းနေရသော်လည်း ကျွန်တော့်ကိုယ်မှာ လူးလိမ့်နေ၏။

ထိုစဉ် လေလှိုင်းယဉ်ကို စီး၍ ငိုညည်းသယောင် ဆိုင်းတွဲ့လေးနွဲ့သော စောင်းသံက ပေါ်လာ၏။

ကျွန်တော်သည် အိပ်ရာမှထကာ ပြတင်းမှ စောင်းသံလာရာဆီသို့ လှမ်းကြည့်မိသည်။

ခြံတွင်း စံပယ်ရုံများအနီး ခုံတန်းပေါ်တွင် ခိုင်သည် စောင်းကို ပွေ့၍ တီးနေသည်။ မလှမ်းမကမ်း၌ ချိုင်းထောက်ကြီးဖြင့် ငြိမ်းမောင်က ရပ်နေ၏။

စောင်းသံနှင့်အတူ ခိုင်၏ ဆွေးမြေ့သောသီချင်းသံ ပေါ်လာ၏။ တေးထပ်တစ်ပုဒ် ဖြစ်ပါသည်။

ဤတေးထပ်သည် မည်သူ့ကို ရည်ညွှန်းပါသနည်း။ ကျွန်တော် မပြောတတ်။

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး
## ဘားအံမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ် ဘားအံမြို့နယ် စုပေါင်းရုံးဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများနှင့် စည်းကမ်းချက်များကို ၂၆-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၁၈-၇-၂၀၁၅ ရက်တွင် တင်ဒါဖွင့်ဖောက်မည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကရင်ပြည်နယ်အစိုးရ အဖွဲ့ရုံး**
**ဖုန်း-၀၅၈-၂၁၂၂၅**

## ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## ဘားအံမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ခရိုင်/မြို့နယ်များတွင် စုပေါင်းရုံး ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများနှင့် စည်းကမ်းချက်များကို ၂၆-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၁၈-၇-၂၀၁၅ ရက်တွင် တင်ဒါဖွင့်ဖောက်မည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဖုန်း-၀၅၈-၂၁၁၈၁**









## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ်(၅၁)၊ အကျယ်အဝန်း(၂၅× ၅၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ်(၅၁)၊ ဘူတာရုံလမ်း၊ သမိုင်း(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးညွှန့်လွင်[၁၂/မဂဒ(နိုင်)၀၅၂၁၆၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈) | ဒေါ်ဝင်းသဇင်ဦး(စဉ်-၃၁၀၀၃) | ဒေါ်ညိုမာ(စဉ်-၃၅၇၇၆) |
| LL.B.,LL.M, D.B.L | LL.B,D.B.L,C.B.M | LL.B |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀**

**အတ္ထုပ္ပတ္တိ**

***၁၉၃၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း ဆရာရေးသားခဲ့သော ဆောင်းပါးအများစုအနက် ဗိုလ်တထောင်သတင်းစာပါ 'ပွင့်ပွင့်လင်းလင်းပြောပါရစေ' ကဏ္ဍမှ ဆောင်းပါးများနှင့် မြန်မာ့အလင်း၊ အိုးဝေ၊ သွေးသောက်၊ ရှုမဝ စသည့် သတင်းစာ၊ မဂ္ဂဇင်းများမှ ဆောင်းပါးများအား အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ဆရာသိန်းဖေမြင့်၏ အလွှာစုံ နယ်ပယ်စုံမှ လူပုဂ္ဂိုလ်အကြောင်းပြု အနုပညာမြောက်ရေးဖွဲ့မှုနှင့် 'မူ' အပေါ်အလေးအနက်ထားရေးသားထားမှုတို့ကို တည်းဖြတ်ခြင်းမပြုဘဲ မူရင်းအတိုင်း ဖတ်ရှုရခြင်းဖြင့် လူပုဂ္ဂိုလ်အတ္ထုပ္ပတ္တိစာပေ၏ သရုပ်သကန်ကိုသိရှိလိမ့်မည်ဟု ယုံကြည်ပါသည်။***

# နဲဗားဆောရီ–အဲဗားဂျောလီ
# ဦးညာဏ

**à သိန်းဖေမြင့်**



သူ့နာမည်ကရင်း“အုန်းမောင်”ကို လူအများမသိတော့ပါ။ စာရေးဆရာဇာတ်ညွှန်းရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ ဦးညာဏဟုသာ လူသိများပါသည်။ ထို့ပြင်သူသည် သတင်းစာများတွင် ခေါင်းကြီးရေးသူနှင့် ပင်တိုင်ဆောင်းပါးရှင်လည်းဖြစ်ခဲ့ပါသေးသည်။ ထိုမျှမကသေး၊ သူသည် သီချင်းများကိုလည်း ရေးခဲ့သည်။

ထင်ရှားသော သီချင်းများမှာ စောမွန်လှ(စိန်ပါတီဆို)၊ အောင်ခြင်းရှစ်ပါး(ခင်မောင်ရင် ဆို)၊ စာဆိုတော် (မအေးမိ ဆို)၊ သုဘဒ္ဒါ၊ လင်မယားဝါဒ၊ မင်းတိုင်ပင်၊ နိဗ္ဗာန်စသည်တို့ဖြစ်သည်။

သူကွယ်လွန်သောနေ့(တနင်္ဂနွေနေ့)က ကျွန်တော်သည် မကြာခဏ သူနှင့်အတူ သွားလေ့ရှိသော ပေါင်းကူးရွာသို့ သွားနေလေ့ရှိသည်။ ည ၈ နာရီကျော်မှ အိမ်ပြန်ရောက်၍ ဦးညာဏကွယ်လွန်သွားပြီဟု ကြားသိရသောအခါ ကျွန်တော်မတုန်လှုပ်တော့ပါ။ လွန်ခဲ့သောနေ့က ဆေးရုံမှာ သူ့ကိုသွားကြည့်စဉ်ကပင် မရတော့ပါဘူးဟု ကျွန်တော်စိတ်ဒုံးဒုံးချထားခဲ့သောကြောင့်ဖြစ်ပါသည်။ လွန်ခဲ့သော ၃၅ နှစ်ခန့်က ကျွန်တော်က တက္ကသိုလ်ကျောင်းသားဘဝ၊ သူက စာရေးဆရာကြီးအဖြစ်ဖြင့် တွေ့ကြသည်ကစပြီးခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်လာကြရာ သူကွယ်လွန်သွားပြီဆိုသောအခါ သူ့အကြောင်းကို ပြန်ပြောင်းစဉ်းစားလိုက်သည်နှင့် တစ်ပြိုင်နက် သူရေး၍ သူကိုယ်တိုင် မကြာခဏဆိုလေ့ရှိသော နဲဗားဆောရီ အဲဗားဂျောလီဟူသော သီချင်းကို ပြေးသတိရလေသည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီနှစ်ပေါင်းများစွာကရေးခဲ့သော သီချင်းဖြစ်၏။ သူနှင့်တကွ ပီမိုးနင်းအပါအဝင် စာရေးဆရာများလွန်စွာကျပ်တည်းဆင်းရဲကြသော အချိန်ကာလဖြစ်၏။ စာရေးဆရာများသာမက လူအများကြွေးထူကြသောကာလလည်းဖြစ်၏။

သူသည် လူအများကိုလည်းကောင်း၊ မိမိကိုယ်ကိုလည်းကောင်း ဖြစ်ချင်ရာဖြစ်စေ၊ လူ့လောကအဖြစ်အပျက်များကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ကြရန် သတိပေးနှိုးဆော်လိုက်သည်။

**“လူ့အရေးပေမို့၊ တစ်ခုကလေးသတိပေးချင်သည်။ ဤ လူ့ပြည်၃ ။**

**ဖြစ်ချင်ရာဖြစ်သော လူ့ပြည်၊ ပျက်ချင်ရာပျက်သော လူ့ပြည်---ဤလူ့ပြည်။**

**အော်ဘာပဲဖြစ်ဖြစ်၊ ဖြစ်ချင်ရာဖြစ်ပါစေ၊ ကံ-ကံ၏ အကျိုးကို ဗမာလူမျိုးတို့ယုံယုံကြည်။**

**(သံပြိုင်)ကြွေးထူပေမယ်လို့ မူပင်ချင်သည်။ ဖြစ်ချင်ရာဖြစ်တော့ နဲဗားဆောရီ။ ပျော်ပျော်နေအသက်ရှည်မည်၊ အဲဗားဂျောလီ။**

**အနိစ္စဆိုတာ အမြဲမရှိနိုင်သည်။ ဒုက္ခဆိုတာ ဆင်းရဲပေမည်။ အနတ္တဆိုတာ ငါ မဟုတ်လို့ အချုပ်ကိုဆိုလေပြီ၊ အော် လူ့ဘုံ လူ့ဘုံ. . . သေတာလည်း အဆန်းမဟုတ်သည်။ ရှင်တာလည်း အဆန်းမဟုတ်သည်။ဆင်းရဲတာလည်း အဆန်းမဟုတ်သည်။ နကမ္ဘတိ မဟုတ်မလှုပ်နိုင်ပါပြီ။**

**(သံပြိုင်)ကြွေးထူပေမယ်လို့. . . အဲဗားဂျောလီ။**

**စိတ်ထောင်းလျှင် ကိုယ်ကြေမည်။ ဘာကြောင့်မို့ ပူချင်သည်၊ နေစမ်းပါ့ ရွှင်ရွှင်ကြည်၊ သားပူ၊ မယားပူ၊ လင်ပူ၊ ချစ်သူအတွက်လည်း မပူချင်သည်၊ ရွှင်မည်၂။**

**ပူတယ်ဆိုတာပိုပါသည်။ ကိုယ့်မှာအန္တရာယ်ဆိုတာပိုပါသည်။ ကိုယ့်မှာ အန္တရာယ်ငြိမည်။ ဒါကြောင့်မို့ ပျော်အောင်နေမည်။ နေ့ရော ညရော စိတ်ဇောရွှင်ရွှင်ကြည်။**

**(သံပြိုင်)ကြွေးထူပေမယ်လို့ မပူစေချင်သည်၊ ဖြစ်ချင်ရာဖြစ်တော့ နဲဗားဆောရီ ပျော်ပျော်နေ အသက်ရှည်မည်၂၊ အဲဗားဂျော်လီ။**

ဤသီချင်းကို ထိုခေတ်ထိုအခါက လူကြိုက်များလှသည်။ အနှံ့အပြားလည်း သီဆိုခဲ့ကြသည်။ ယခုအခါမှာ အများက မဆိုကြတော့ပြီ။ ဦးညာဏကား တခါတရံသီဆိုတုန်း။

ဤသီချင်းတွင် သူ၏နေရေး အဘိဓမ္မာ၊ သူ၏ လောကအမြင်ပါသည်ဟု ဆိုနိုင်သည်။ သူ့ဘဝကို ဤသီဆိုကမောင်းနှင်ခဲ့ပြီ။ ဤသီချင်းကပင် အဆုံးသတ်သွားသည်ဟု ဆိုနိုင်ပါသည်။

ခုနစ်တန်းကျောင်းသားဘဝမှာ ကျောင်းပြေးသည်။ ကျောင်းပြေးတော့ အဖေကရိုက်သည်။ အဖေကရိုက်တော့ ကျောင်းပြေးသာမက အိမ်ပြေးပါဖြစ်သွားလေသည်။ သူသည် ငယ်ငယ်ရွယ်ရွယ်ဖြင့် ပြည်ခရိုင် ဆင်မြီးဆွဲမြို့မှနေပြီး ရှမ်းပြည်မြောက်ပိုင်းဖွင့်ခါစ နမ္မတူဘော်တွင်းအထိ ထွက်ပြေးခဲ့သည်။ အိမ်ကပစ္စည်း ခိုးယူထွက်ပြေးခြင်းမျိုးမဟုတ်။ ကိုယ့်အားကိုယ်ကိုးပြီး ထွက်ပြေးခြင်းဖြစ်သည်။ ရထားစီးရပါမည့်အရေး မီးရထားအလုပ်သမားများနှင့် သင့်မြတ်အောင်ပေါင်းသင်းရသည်။ ထမင်းစားရပါမည့်အရေး ထမင်းဆိုင်ပန်းကန်ဝင်ဆေးရသည်။ တစ်ထောက်တစ်စခန်းတစ်ညတာ နားရပါမည့် အကြောင်း ထမ်းတန်တာထမ်း ပိုးတန်တာ ပိုးပေးရသည်။ တစ်ခါတရံ သီချင်းဆိုပြီး လိုအပ်သော အကူအညီကို ယူရသည်။

ပြေးရင်းလွှားရင်း အသက်မစေ့ဘဲနှင့် စစ်ထဲဝင်လိုက်သေးသည်။ အသက်မစေ့မှန်းအထက်က သိသွားသောအခါ စစ်ထဲမှ ထွက်ခဲ့ရလေသည်။

မိဘများသည် နမ္မတူသို့ရောက်အောင် ကျောင်းပြေးအိမ်ပြေးလုပ်သော သားကို ငြိမ်သွားအောင်မိန်းမပေးစားလိုက်ကြလေသည်။ သို့ဖြင့် ၁၆ နှစ်သားမှာအိမ်ထောင်ကျလေတော့သည်။

သူသည် အိမ်ထောင်သည်ဘဝနှင့်လည်း “ဖြစ်ချင်ရာဖြစ်တော့ နဲဗားဆောရီ၊ ပျော်ပျော်နေ အသက်ရှည်မည် အဲဗားဂျောလီ”လမ်းစဉ်ကို ကျင့်သုံးပြန်သည်။ ဘဝတက္ကသိုလ်မှ ရရှိခဲ့သော အတွေ့အကြုံများကိုမူတည်ပြီး ဝတ္ထုစရေးလေတော့သည်။ နောက်ဖြစ်ချင်ရာဖြစ်တော့ ရန်ကုန်သွားပြီး စာရေးဆရာလုပ်မည်ဆိုကာ လင်မယား စွန့်စားထွက်ခွာခဲ့ကြလေသည်။ ဆူလေဘုရား စာအုပ်ဆိုင် ကျပ်ကျပ်ကလေးတစ်ဆိုင်မှာ လင်မယားနေထိုင်ရသည်အထိ၊ လက်ကမ်းကြော်ငြာလိုက်ဝေရသည်အထိ၊ တစ်အိမ်တက်တစ်အိမ်ဆင်း လက်ဖက်ခြောက်ထုပ်လိုက်ရောင်းရသည်အထိ တစ်ဘက်ကလည်း ဖြစ်သလိုအသက်မွေးဝမ်းကြောင်းရင်း စာရေးဆရာအဖြစ်ဖြင့် အောင်မြင်မှုရအောင် ကြိုးပမ်းရသည်။ သို့ဖြင့် ဒဂုံညာဏ ဖြစ်လာခဲ့သည်။ (ထိုနှစ်ယောက်လုံးထက် သူကငယ်သည်။) နောက်ဇာတ်ညွှန်းရေးဆရာ၊ သီချင်းရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာစသည်ဖြင့်ဖြစ်လာခဲ့လေသည်။

သို့ကလို စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ သီချင်းရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာစသည်ဖြင့် ဖြစ်နေချိန်တွင် သူ့ကို ကျွန်တော်သိကျွမ်းရခြင်းဖြစ်သည်။ ကိုနု(သခင်နု၊ ဦးနု)နှင့် ကျွန်တော်တို့အား ဦးညာဏနှင့်မိတ်ဆက်ပေးသူမှာ ဦးအုန်း(သံအမတ်ဟောင်း)ဖြစ်၏။ ကျွန်တော်တို့သည် သူ့ရုပ်ရှင်ကားများကို ကြိုက်ကြ၏။ “သူ့အယူအဆအချို့ကို လက်မခံနိုင်သည့်တိုင်အောင်” သူ့အရေးအသားများကို ကြိုက်ကြ၏။ သူနှင့်လည်း သိကျွမ်းရပြီး သူ့အိမ်သွားသွားလည်ကြသောအခါ သူ့အိမ်ကထမင်းဟင်းနှင့် လက်ဖက်ကို ကြိုက်သည်ကား သူ၏ကိုယ်တိုင်နောက်ကြောင်းပြန် အတ္ထုပ္ပတ္တိတည်း။ ကျောင်းပြေး အိမ်ပြေးဘဝ၊ စစ်သားဘဝ ငယ်ရွယ်သောအိမ်ထောင်သည်ဘဝ၊ တိုက်ပွဲဝင်ရသော စာရေးဆရာပေါက်စဘဝ၊ ခက်ခဲသောရုပ်ရှင်ပညာရှင်ဘဝ စသည်တို့သည် ကျွန်တော်တို့အား တစ်ကွက်မျှအလွတ်မခံနိုင်လောက်အောင် ဆွဲဆောင်ကြပေသည်။ ထိုကိုယ်တိုင်နောက်ကြောင်းပြန်အတ္ထုပ္ပတ္တိသည် “ဖြစ်ချင်ရာဖြစ်တော့ နဲဗားဆောရီ၊ ပျော်ပျော်နေ အသက်ရှည်မည်၊ အဲဗားဂျော်လီ” ဟူသော သူ၏နေရေးအဘိဓမ္မာကို သရုပ်ဖော်ထားကြောင်းကိုလည်း တွေ့ကြရ၏။ ထိုအတ္ထုပ္ပတ္တိကို ပြောပြရခြင်းဖြင့်သာ မတင်းတိမ်ဘဲ ရေးချခြင်းပြုလုပ်ရန် ကိုနုနှင့် ကျွန်တော်တို့ က တိုက်တွန်းခဲ့ကြသည်။ ကျွန်တော်ထပ်မံတိုက်တွန်းပြန်သေးသည်။ လွန်ခဲ့သော နှစ်ကျော်ကျော်က ဖြစ်လေသည်။ သူ့ရောဂါအခြေအနေကို ကျွန်တော်သဘောမကျ။ သည်အတိုင်းနေလျှင် သူကြာရှည်ခံမည်မထင်။

အထူးသဖြင့် သူသည် သူ့ရောဂါနှင့်ပတ်သက်၍ ဖြစ်ချင်ရာဖြစ်တော့ နဲဗားဆောရီလုပ်နေသဖြင့် ကျွန်တော်စိုးရိမ်နေခြင်းဖြစ်လေသည်။

ကိုနုနှင့်ကျွန်တော်တို့တိုက်တွန်းသောကြောင့် သူသည် ညာဏ၏ ညာဏကိုရေးခဲ့လေသည်။ နဂါးနီမှ ပုံနှိပ်ထုတ်ဝေရန်ဖြစ်၏။ သို့သော်ဘယ်လိုက ဘယ်လိုဖြစ်သည်ဟု ကျွန်တော်မမှတ်မိ။ နဂါးနီမန်နေဂျာ ဦးအုန်းခင်လက်တွင် စာမူပျောက်သွားသည်ဟု သိရလေသည်။

ထို့နောက် သူသည် ထပ်မရေးဖြစ်တော့။ အလျဉ်းသင့်လျှင်ကား ညာဏအကြောင်းကို ပြောပြတတ်သည်။ တရားပွဲလူငယ်ပရိသတ်ရှေ့၌ ကျောင်းပြေး အိမ်ပြေး ဘဝကို စိတ်ပါလက်ပါပြောင်မြောက်စွာ ပြောပြတတ်လေရာ လူငယ်များက အလွဲလွဲအချော်ချော်အားကျသွားမည်စိုးရသဖြင့် ကျွန်တော်က သတိပေးခဲ့ရလေသည်။ ပရိသတ်ကမှန်ကန်သော သင်ခန်းစာထုတ်ယူနိုင်အောင် ဟိုဘက်သည်ဘက်မျှမျှတတမယုတ်မလွန်တင်ပြရန် တိုက်တွန်းရလေသည်။

သူသည် သူ့ခေတ်ကို ကောင်းကောင်းမှတ်မိ၏။ ကိုယ့်ခေတ်ကို သူ့လောက်မှတ်မိသူရှားလိမ့်မည်ဟု ကျွန်တော်ထင်သည်။ ပေါင်းတည်မှာ ကျင်းပသော ဂျီစီဘီအေ ညီလာခံအကြောင်းပြန်ပြောသောအခါ ဘယ်နှစ်ပင်ဘယ်နှခန်းရှိသော မဏ္ဍပ်ကြီးကို ဆောက်ကြကြောင်းထင်ရှားသော ခေါင်းဆောင်များမည်သို့မည်ပုံ တက်ရောက်လာကြဟောကြ ပြောကြကြောင်း တိတိကျကျ မှတ်မိ၏။ ထိုခေတ်က လယ်တီဆရာတော် အမဲသားရှောင်ကြဉ်ရေး တရားဟောပုံပြန်ပြောသောအခါ ဆရာတော်ဘက်မှ ထောက်ခံသော စာများကိုလည်းကောင်း၊ ကန့်ကွက်သော ဆန့်ကျင်သောစာများ(လင်္ကာများ)ကိုလည်းကောင်း၊ တစ်လုံးမကျန် ရွတ်ပြနိုင်သည်။ လွန်ခဲ့သောအနှစ်လေးငါးခြောက်ဆယ်တုန်းက သီချင်းများကိုဆိုပြနိုင်သည်။ သူထွက်ပြေးစဉ် နေမှုထိုင်မှုအဆင်ပြေစေရန် မျက်နှာချိုသွေးရင်း သီဆိုရသော သီချင်းများသည် ဘယ်သီချင်းဖြစ် သည်ဟု ပြောပြီး ထိုသီချင်းကိုဆိုပြနိုင်သည်။ နမ္မတူ ဘော်တွင်းတူးဖော်ပြီး စထုတ်လုပ်မှု အရှိန်ကောင်းချိန် မြင်ကွင်းကျယ်ကြီးကို ကျွန်တော်တို့မျက်စိထဲထင်းခနဲပေါ် လာအောင် ပြောပြတတ်သည်။ ပထမကမ္ဘာစစ်ကြီးပြီးခါနီး အင်္ဂလိပ်အစိုးရက မြန်မာစစ်သားများစုဆောင်းသောအခါ နယ်ပိုင်ဝန်ထောက်ဦးပေါ်ထွန်း(နောင်ဆာပေါ်ထွန်း) စစ်သားစုဆောင်းရေးတရားဟောပုံကိုလည်း ဦးပေါ်ထွန်း၏ ပုံပန်းသဏ္ဌာန်ဟန်အမူအရာနှင့် သူကောင်းစွာမှတ်မိနေသည်။ ရန်ကုန်မြို့တွင် မြန်မာအဆွေနှင့် ဒဂုန်မဂ္ဂဇင်းပေါ် ချိန် ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီပေါ်ချိန်က ရန်ကုန်မြင်ကွင်းများကိုသူဘယ်တော့မျှမမေ့။ “ညာဏ”ဟူသော တည်မိအောင် အပြင်းအထန်တိုက်ပွဲဝင်နေသော အချိန်ဖြစ်၍ ဤသို့ကလို မမေ့ခြင်းဖြစ်ဟန်တူပေသည်။

သူသည် ရန်ကုန်မှာ အခြေမချခင် ရုံးစာရေးဝင်လုပ်ခဲ့သေးသည်။ ရုံးစာရေးအဖြစ်ဖြင့် ဆိုးသော မျက်နှာဖြူအရာရှိကြီးများကို တွေ့ကြုံရသလို ကောင်းသော လူကြိုက်များသော မျက်နှာဖြူအရာရှိကြီးများ၊ မစ္စတာဆစ်သင်းဘင့်၊ မစ္စတာဖာနီဗယ်လ်စသူတို့နှင့် ရင်းနှီးခွင့်ရခဲ့၏။ သူသည် အင်္ဂလိပ်အရာရှိကြီးများကို အလင်းအမှောင် မျှမျှတတ ခြယ်မှုန်းပြနိုင်သူဖြစ်သည်။

ထို့ပြင် သူသည် သူ၏မကောင်းကွက်များ၊ ချွတ်ယွင်းချက်များ၊ အမှားများကိုဖုံးထားတတ်သူမဟုတ်။ ပွင့်ပွင့်လင်းလင်းအားရပါးရ ပြန်ပြောပြီး ကျေနပ်အောင်နေတတ်သူဖြစ်သည်။ ငါအဲဒီတုန်းက အဲဒီလိုမကောင်းပစ်လိုက်တာကွဟု အန်ထုတ်ပြောပြပြီး အကြီးအကျယ်ရယ်တတ်သည်။

ထို့ကြောင့်ကိုယ်တိုင်ရေးအတ္ထုပတ္တိကို သူ့ထံမှ တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ကိုနုကလည်းတွေ့တိုင်းထပ်မံ တိုက်တွန်းသည်ဟု သိရသည်။

ကျွန်တော်အသက်(၄၀)ပြည့်တုန်းက မိတ်ဆွေတစ်စုကို ညှော်ခံကျွေးမွေးလေသည်။ ဦးညာဏလည်း ရောက်လာ၏။

ကျွန်တော်က “ညာဏ၏ ညာဏ မရေးသေးဘူးလား”ဟု မေးရာ “ရေးမှာပေ့ါကွာ။ ငါတော်တော်နှင့်မသေသေးပါဘူး”ဟု ဖြေလေသည်။ ကျွန်တော်က “သူ့ကျန်းမာရေး သိပ်ကောင်းဟန်မတူဘူး။ ကျန်းမာရေးဂရုစိုက်ပါ။ ကောင်းကောင်းနေပါ။ အသက်တိုသွားလိမ့်မယ်”ဟု စသည်ဖြင့် သတိပေးပြောဆိုလေသည်။ သူက ချက်ချင်း “အောင်မာ၊ ငါအသက်တိုမှာ မစိုးရိမ်နဲ့၊ ခုဆိုရင် ငါက မင်းထက် အသက်ရှည်နေတယ်မဟုတ်လား။ မင်းက ခုမှ(၄၀) ပြည့်သေးတယ်။ ငါက (၅၂)နှစ်ကျော်နေပြီ။ ကိုယ့်အတွက်သာ ကိုယ်စိုးရိမ်၊ ငါ့အတွက် မစိုးရိမ်နဲ့”ဟု ရယ်ရယ်မောမောနှင့် ကျွန်တော့်ကို အုပ်သွားလေသည်။

သူ့သီချင်းမှာ ပါသည်မဟုတ်ပါလား။ **“ဘာကြောင့်မို့ ပူချင်သည်၊ နေစမ်းပါ ရွှင်ရွှင်ကြည်၊သားပူ၊ မယားပူ၊ လင်ပူ၊ ချစ်သူအတွက်လည်း မပူချင်သည်။ ရွှင်မည် ရွှင်မည်။ ပူတယ်ဆိုတာ ပိုပါသည်။”**

ကျွန်တော်အသက် (၅၀) ပြည့်တုန်းက မိတ်ဆွေသုံးယောက်ကို ဘုတလင်သို့ခေါ်သွားလေသည်။ ညာဏ၊ ဇဝနနှင့်။ ကျွန်တော့်စာတွေထဲမှ ရှုမျှော်ခင်းအချို့ကို လိုက်ပြသည်။ ထိုထဲတွင် ဘုတလင်သင်္ချိုင်းကုန်းလည်း ပါလေသည်။

သင်္ချိုင်းကုန်းကို လိုက်ပြသော အခါ ဦးညာဏက “ငါ သိန်းဖေကြောင့်သာ သင်္ချိုင်းကုန်းလိုက်ကြည့်တာ။ သင်္ချိုင်းကုန်းရှောင်ချင်လို့ ဘယ်မသာမှ လိုက်မပို့ဘူးသိလား”ဟု ပြောလေသည်။ ဟုတ်သည်။ သူသည် ဘယ်မသာမှ လိုက်မပို့။ မသာအိမ်သို့လည်း မသွား။

**“ပူတယ်ဆိုတာပိုပါသည်။ ကိုယ့်မှာ အန္တရာယ်ငြိမည်။ ဒါကြောင့်မို့ ပျော်အောင်နေမည်။ နေ့ရောညရော စိတ်ဇော ရွှင်ရွှင်ကြည်”**

ထိုအချိန်တွင် သူ့မှာ စအိုဝ၌ ဂရင်ဂျီနာစွဲကပ်နေလေပြီ။ လေမှုတ်ရော်ဘာကွင်းကြီးနှင့် ထိုင်ရသည်။ သွားရာ လာရာမှာ ထိုကွင်းကြီးကို ယူသွားနေရ၏။ ကျွန်တော်တို့က ထိုဂရင်ဂျီနာကိုဆေးရုံတက်ပြီး ကုသရန် အကြံပေးသည်။ သူက ကိစ္စမရှိဘူး။ သွားရင်းလာရင်း ကုသပြီး ပျောက်မည်ဟု ဆိုလေသည်။ ရော်ဘာကွင်းကြီးနှင့် ထိုင်ရသည် မှာပင် ဖိမ်ရှိလှသည်ဟု ဆိုလေသည်။

၁၉၆၆ ခုနှစ်ထဲက ထင်ပါသည်။ သူ့ရောဂါအခြေအနေဆိုးနေကြောင်း၊ ဆေးရုံတင်ကုပေးဖို့ ကောင်းကြောင်း၊ သူ၏မိတ်ဆွေဟောင်းတစ်ဦးဖြစ်သူ ဗိုလ်ချုပ်ကြီးနေဝင်းအားကျွန်တော်က ပြောပြလိုက်ရာ ဦးညာဏကို မင်္ဂလာဒုံ စစ်ဆေးရုံသို့ တင်လိုက်ကြလေသည်။ ဆေးရုံမှာ တနင်္ဂနွေသုံးပတ်လောက်နေရသည်။ စမ်းသပ်စစ်ဆေးခြင်း၊ ဆေးကုသခြင်းပြုပြီးနောက် ခွဲစိတ်ကုသမှုဖြစ်မည်ဟု ဆုံးဖြတ်ကြသည်။ ခွဲစိတ်ကုသခြင်းမပြုမီ အိမ်ခဏပြန် ခွင့်ပြုလိုက်သည် နောက်နှစ်ပတ်ကျော်ကျော်ကြာမှ ဆေးရုံပြန်တတ်ပြီး ခွဲစိတ်ကုသရန်ဖြစ်ပေ၏။ သူသည် ဆေးရုံပြန်မတတ်တော့ချေ။

သူသည် ဆေးကုသမှုကြောင့် သက်သာသလောက်ဖြင့် ကျေနပ်နေလေသည်။ ကျွန်တော်က သူ့အား ဆေးရုံ ပြန်မတတ်သဖြင့် အပြစ်တင်သောအခါ“ကွာ ငါသက်သာအောင်နေတတ်ပါတယ်။ ကိစ္စမရှိတော့ပါဘူး။ ပြီးတော့ ငါ့မှာ ဒီရောဂါကလေးနှင့် အဖော်လုပ်နေရတာ သူပျောက်သွားရင်ပျင်းစရာကြီး”ဟု ပြောပါလေသည်။

အမှန်မှာ သူသည် အခွဲအစိတ်ခံရမှာ ကြောက်နေခြင်းဖြစ်သည်။ ငယ်ငယ်တုန်းက သူ့အဖေ ရိုက်သောအခါ အရိုက်တော့မခံပြီ၊ ဖြစ်ချင်ရာဖြစ်တော့ ထွက်ပြေးတော့မည်ဟု ဆုံးဖြတ်သော ငယ်စိတ်သည် သူ့တွင် အပေါ်စီးရလာပြန်လေပြီ။

သူသည် အခက်အခဲကြုံလာလျှင် စိတ်သက်သာရာရအောင်လည်း ကြံကြံဖန်ဖန် တွေးတတ်၏။ အကောင်းဘက်ကိုကြည့်မြင်တတ်၏။ ထို့ကြောင့်သာ “ငါ့မှာ ဒီရောဂါကလေးနှင့် အဖော်လုပ်နေရတယ်”ဟု ပြောနေခြင်းဖြစ်၏။ ဖြစ်ချင်ရာဖြစ်တော့ နဲဗားဆောရီလုပ်ခြင်းကြောင့် ကောင်းတာတွေရှိသလို ဘေးအန္တရာယ်ကို ဖော့တွက်ခြင်း၊ ဖုံးကွယ်ခြင်း၊ အမြစ်ပြတ်မဖယ်ရှားခြင်းစသည်ဖြင့် ဆိုးတာတွေရှိနေပေ၏။

ဦးညာဏကွယ်လွန်ခြင်းကို သတင်းစာများက ဖော်ကြရာ၌ တစ်မူးတန် ဝတ္ထုခေတ်က ဦးညာဏသည် ဝတ္ထု ပေါင်း ၃၀ ကျော်ကိုရေးခဲ့သည်။ ၎င်းတို့အနက် မိဒွေးဝတ္ထုမှာ နာမည်အကြီးဆုံးဖြစ်သည် စသည်ဖြင့် ရေးသားပါရှိ၏။

တစ်မူးတန်ဝတ္ထုခေတ်ဆိုသည်မှာ ယခုခေတ်မဂ္ဂဇင်းဝတ္ထုသာသာရှိသော ဝတ္ထုများကိုလုံးချင်းစာအုပ် တစ်မူးတန်အဖြစ်ဖြင့် ထုတ်ဝေသော ခေတ်ဖြစ်ပါသည်။ ဦးညာဏရေးခဲ့သမျှ ဝတ္ထုများသည် ထိုအရွယ်သာရှိကြသည်။ ယခုခေတ် အများနားလည်နေသောဝတ္ထုရှည်ကြီးတစ်ပုဒ်တစ်လေမျှ မရေးဖြစ်ခဲ့ချေ။ သူသည်ဝတ္ထုရှည်ကြီးများကို အားရပါးရရေးချလိုပါ၏။ မိတ်ဆွေများကလည်း အားပေးကြပါ၏။ သို့သော် အကြောင်းကြောင်းကြောင့် မရေးဖြစ်ချေ။

“မိဒွေး” (မိထွေး) ဟူသောဝတ္ထုကို ကျွန်တော်ကောင်းစွာ မမှတ်မိတော့ချေ။ သို့သော် တစ်ခုတော့ မှတ်မိ၏။ များစွာသောစာရေးဆရာတို့သည် မိထွေးဟူသမျှမကောင်းဟူသော ယေဘုယျအစွဲမျိုးဖြင့်ရေးတတ်ကြ၏။ မိထွေး နှိပ်စက်ခန်းပါမှ ဇာတ်နာသလိုဖြစ်နေ၏။ ဦးညာဏသည် အကောင်းဘက်ကမြင်တတ်သူဖြစ်သည့်အတိုင်း ထိုအစွဲ အလမ်းကို ပယ်ဖျက်လို၏။ ကောင်းသောမိထွေးများ ရှိကြောင်း မီးမောင်းထိုးပြလို၏။ ထို့ကြောင့် ကောင်းမြတ်သော မိထွေးကို အဓိကဇာတ်ဆောင်ထားပြီး ဝတ္ထုရေးသားခဲ့လေသည်။ လူကြိုက်များလှသဖြင့် သူ့ရည်ရွယ်ချက် အောင်မြင်သည်ဟုဆိုရမည်။

**ဆက်လက်ဖော်ပြပါမည်။**

(၁၉၆၉ ခုနှစ် နိုဝင်ဘာလထုတ် (ညာဏနိဒါန်း ပြည်သူ့စာအုပ်တိုက်)မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)

# ညောင်ဦးမြို့နယ်စာသင်ဆောင်တစ်ဆောင်လိုအပ်လျက်ရှိ



**ညောင်ဦး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ရမ်းဇမ်းကျေးရွာ အစိုးရမူလတန်းလွန်ကျောင်းတွင် ယခုနှစ်လခွဲ အလယ်တန်းကျောင်းခွဲ ဖွင့်ပြီး ကျောင်းသားအင်အားတိုးလာ၍ စာသင်ဆောင် တစ်ဆောင် လိုအပ်လျက်ရှိကြောင်း ကျေးရွာနေ ပြည်သူများက ပြောသည်။

"မနှစ်ကတုန်းက အပြင်ထွက်ပြီး စာသင်ရတယ်။ ဒီနှစ်လည်း အပြင်ထွက်ပြီး စာသင်နေရတယ် ။ ဒီနှစ်မှာ ရှစ်တန်းကျောင်းသူ၊ ကျောင်းသားတွေ ပညာသင်ခွင့်ရလာတယ် ။ အလယ်တန်းကျောင်းခွဲ ဖွင့်ခွင့်ရလာတယ် ။ အဲ့ဒီတော့ ကျောင်းသားအင်အားများပြီး စာသင်ဆောင်တစ်ဆောင် လိုအပ်နေပါတယ်။ ရွာက ကိုယ်ထူကိုယ်ထနဲ့ ဆောက်ထားတဲ့ ထရံကာ ထန်းရွက်မိုး အဆောင်ကလည်း မိုးယိုနေပြီ"ဟု ကျောင်းကော်မတီဝင်တစ်ဦးက ပြောသည်။

အဆိုပါ ရမ်းဇမ်း ကျေးရွာတွင် စာသင်နေသော ကျောင်းဆရာမတစ်ဦးကလည်း သူငယ်တန်း ကျောင်းသား၊ ကျောင်းသူ ၃၂ ယောက်၊ ပထမတန်း ၂၃ ယောက်၊ ဒုတိယတန်း ၂၈ ယောက်၊ တတိယတန်း ၂၈ ယောက်၊ စတုတ္ထတန်း ၁၉ ယောက် ၊ ပဥ္စမတန်း ၂၅ ယောက်၊ ဆဋ္ဌမတန်း ၂၆ယောက် ၊ သတ္တမတန်း ၂၆ ယောက်၊ ယခုနှစ် အဋ္ဌမတန်းမှာလည်း ၂၆ ယောက် အားလုံး စုစုပေါင်း ၂၃၃ ယောက်ရှိကြောင်း သိရသည်။

"စာသင်ခန်းကအုတ်နံရံတက် သွပ်မိုး ခြောက်ခန်းရှိပါတယ်။ ရုံးခန်းတစ်ခန်းနုတ်တော့ ငါးခန်းရှိပါတယ်။ ထန်းရွက်ဆောင်ကလည်း နှစ်ခန်းတော့ ဆန့်ပါတယ်။ သို့ပေမယ့် ပျက်စီးလုနီးပါး ဖြစ်နေပါတယ်။ သို့အတွက်ကြောင့် ညောင်ဦးမြို့နယ် ရမ်းဇမ်းကျေးရွာတွင် အခုနှစ်မှ အလယ်တန်းကျောင်းခွဲပွင့်လာပြီး ကျောင်းသားပေါင်း ၂၃၃ ယောက် အတန်းရေ ကိုးတန်းအတွက် စာသင်ခန်းကိုးခန်းရှိရမည် ဖြစ်ပါတယ်။

ယခုလက်ရှိတွင် စာသင်ခန်း ငါးခန်းသာ ရှိနေသည့်အတွက် နောက်ထပ် လေးခန်းသင်နိုင်ရန် နောက်ထပ် လေးခန်းအဆောင် တစ်ဆောင် လိုအပ်လျက်ရှိပါတယ်"ဟု ကျောင်းကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကျော်ငွေး(ညောင်ဦး)**

## ပေါက်မြို့နယ်၌ မိုးသီးနှံချေးငွေ ကျပ်သိန်းကိုးထောင်ကျော် စတင်ထုတ်ချေး

**ပေါက် ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်းရှိ တောင်သူများ၏ မိုးရာသီ သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးချေးငွေကျပ် သိန်း ၉၂၀၀ ထုတ်ချေးပေးနိုင်ရန်လျာထားကြောင်းနှင့် ချေးငွေများကို စတင်ထုတ်ချေးပေးနေပြီဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမှ သိရသည်။

"စိုက်ပျိုးရေးချေးငွေကို အရင်က ငါးဦးတစ်ဖွဲ့ဖွဲ့ပြီးထုတ်ချေးပေးပါတယ်။ အခုနှစ် မိုးရာသီကစတင်ပြီး သုံးဦးတစ်ဖွဲ့ဖွဲ့ပြီး ထုတ်ချေးပေးသွားမှာပါ။ အဲဒီသုံးဦးအဖွဲ့ထဲမှာ ပြီးခဲ့တဲ့ဆောင်းသီးနှံထုတ်ချေးချိန်က ချေးငွေအကျေပေးမဆပ်နိုင်တဲ့သူပါရင်တော့ ထပ်မချေးပါဘူး။ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို မေ ၂၇ ရက်ကစပြီး အောင်တံခွန်ရပ်ကွက်၊ နတ်ဥယျာဉ်ကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာတွေမှာ တောင်သူတွေကို စတင်ထုတ်ပေးလျက်ရှိပါတယ်။ နောက်ကျေးရွာအုပ်စုတွေကိုလည်း ဆက်ပြီးထုတ်ချေးပေးသွားမှာပါ" ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကြီးကြပ်ရေးမှူး ဒေါ်မော်စီ ကပြောသည်။

ပေါက်မြို့နယ်အတွင်းမှ တောင်သူများကို ဇွန် ၂၃ ရက်အထိ စပါးတစ်ဧကလျှင်ချေးငွေကျပ်တစ်သိန်းနှုန်းဖြင့် ၁၉၀၇ ဧက၊ ပဲစင်းငုံ တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ၁၁၀၁ ဧက၊ မြေပဲ တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ၁၀၆၉ ဧက၊ နှမ်း တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့်၁၁၂၃၈ ဧက၊ ပဲတီစိမ်း တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ၂၇၀၇ ဧက ထုတ်ချေးပေးပြီးဖြစ်ရာချေးငွေအပေါ် အတိုးနှုန်းမှာ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြစ်ပြီး ငွေကျပ် ၁၀၀ အပေါ် တစ်လလျှင်၄၂ ပြားသာကျသင့်မည်ဖြစ်ကြောင်း သိရသည်။

**ညဏ်တိုး (ပေါက်)**

## မကွေးမြို့နယ်တွင် မိုးရွာသွန်းခြင်း နည်းပါးသဖြင့် လွန်ဆွဲပွဲပြုလုပ်

**မကွေး ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ယင်းဆိပ်တိုက်နယ် ဇီးကျွန်းကျေးရွာအုပ်စု ဇီးကျွန်းရွာ ရွှေကျင်ကျေးရွာနှင့် ပုထိုးကျေးရွာတို့အပြင် လျှောင်းတော်ဦး၊ စည်ပင်သာ၊ ညောင်ပင်သာကျေးရွာများ မေလအတွင်းက ရွာသွန်းသည့်မိုးဖြင့် မြေပဲ၊ နှမ်းများ စိုက်ပျိုးနိုင်ပြီးအပင်ဖြစ်ထွန်းလာသော်လည်း ဇွန်လနောက်ဆုံးအပတ်အထိ အပင်များ ဆက်လက်ကြီးထွားနိုင်ရန် မိုးမရွာခဲ့သောကြောင့် မိုးရွာသွန်းစေမည့် လွန်ဆွဲပွဲတစ်ရပ်ကို ကျင်းပခဲ့ကြသည်။

မိုးရွာခြင်းမရှိသဖြင့် မိုးရွာသွန်းစေသည့် လွန်ဆွဲပွဲကို ရွှေကျင်ကျေးရွာ ရွာလယ်လမ်းမတွင်ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးမှူးဦးဆောင်၍ အမျိုးသား အမျိုးသမီးများဖြင့် ဇွန် ၂၂ ရက် မွန်းလွဲ ၂ နာရီက စတင်ပြီး လွန်ဆွဲပွဲကျင်းပခဲ့ကြောင်း သိရသည်။

"အခုနှစ်မှာ အရင်နှစ်ကထက် မိုးရွာသွန်းမှုနည်းတယ်။ မေလအလယ်ကရွာတဲ့ မိုးနဲ့ ပဲ၊ နှမ်းတို့ကြဲရတယ်။ ပေါင်းထိုးမြက်နုတ်ပြီးကတည်းက ဒီကနေ့အထိ ဖြစ်မြောက်အောင်မရွာသေးပါဘူး။ မိုးမျှော်ပြီးစိုက်ပျိုးရေး လုပ်ရတဲ့ တောင်သူတွေ ကိုယ်ရင်းနှီးမြှုပ်နှံထားတာတွေမဆုံးရှုံးရအောင် ရပ်မိရပ်ဖတွေနဲ့ဥက္ကဋ္ဌတို့ တိုင်ပင်ပြီးကန်တော့ပွဲပေး၊ မင်းခေါင်ကျော်စွာ နတ်ပင့်ပြီး ကျေးရွာက အမျိုးသား၊ အမျိုးသမီးများ ၁၂ ယောက်တစ်ဖွဲ့၊ ၁၀ ယောက်တစ်ဖွဲ့၊ ငါးယောက်တစ်ဖွဲ့၊ သုံးယောက်တစ်ဖွဲ့ဖွဲ့ပြီး တစ်ဖက်စီ ဘက်လဲပြီးဆွဲကြတယ်" ဟု ယင်းဒေသမှ ဒေသခံတစ်ဦးက ပြောပြသည်။

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ကြပြီးမကွေးမြို့နယ်မှတောင်သူများ မိုးရာသီကို အမှီပြု၍ မြေပဲနှင့်နှမ်းကိုအဓိကအားထား စိုက်ပျိုးကြကြောင်း၊ ယခုနှစ်၌ ယခင်နှစ်များထက်မိုးရွာသွန်းမှု နောက်ကျပြီး မိုးခေါင်ရေရှားမှုများ ကြုံတွေ့ရကြောင်း အဆိုပါဒေသခံများက ပြောသည်။

တချို့ဒေသများတွင် ရာသီမရွေးစိုက်ပျိုးနိုင်သည့် ဆည်ရေတင်စနစ်၊ မြစ်ရေစနစ်ဖြင့် စိုက်ပျိုးရေးအောင်မြင်ကြသော်လည်း ယင်းဆိပ်တိုက်နယ်တွင်ရေတင်ခြင်းစနစ်ဖြင့်စိုက်ပျိုးရေး မပြုလုပ်နိုင်သေးကြောင်း၊ ဆီထွက်သီးနှံအတွက်အဓိကမိုးကိုသာ အားထားလုပ်ကိုင်နေကြရကြောင်း၊ တောင်သူတစ်ဦးလျှင် နှမ်း ၁၀ ဧကမှ ဧက ၃၀ အထိ စိုက်ပျိုးကြကြောင်း၊ မြေပဲကိုနှစ်ဧက၊ သုံးဧကခန့်သာ စိုက်ပျိုးကြကြောင်း၊ နှမ်းစိုက်ပျိုးခြင်းထက် မြေပဲစိုက်ပျိုးခြင်းက အရင်းအနှီးပိုများကြောင်း ဒေသခံတောင်သူများက ပြောပြသည်။

**ခွဲထက်ရှင်**

## မြန်မာ့ရိုးရာအုန်းလက်တံမြက်စည်းလုပ်သည့် ဝက်ခုတ်ရွာ

**ရေစကြို ဇွန် ၂၆**

ဝက်ခုတ်ကျေးရွာသည် ရေစကြိုမြို့နယ် အစွန်အဖျား လင်းကတောနယ်နှင့် ထိစပ်နေသော ရွာတစ်ရွာဖြစ်သည်။ ထိုရွာတွင် အိမ်ခြေ ၂၅၀ လူဦးရေ ၈၀၀ ခန့်တို့ နေထိုင်ကြပြီး ယာမြေရှိသူ အနည်းစုက ယာသီးနှံများစိုက်၍ ဝက်၊ ဆိတ်၊ နွား၊ ကြက်များ မွေးမြူကာ တစ်ရွာလုံး အုန်းလက်တံမြက်စည်းများလုပ်ကိုင်ကြကြောင်း လေ့လာသိရသည်။

"ကျွန်တော်တို့ရွာက တစ်ရွာလုံးလိုလို အုန်းလက် တံမြက်စည်းလုပ်ကြပါတယ်။ အုန်းလက်ကို ဓားနဲ့ သင်ထားတဲ့ အုန်းတံတစ်ပိဿာကို ၁၀၀၀ ဈေးပေးဝယ်ရပါတယ်။ တစ်ပိဿာဆိုရင် မတ်တပ်လှဲ တံမြက်စည်း နှစ်ချောင်းရပါတယ်။

"ထိုင်လှဲတဲ့ တံမြက်စည်းဆိုရင်တော့ ငါးချောင်း၊ ခြောက်ချောင်းရပါတယ်။ တံမြက်စည်းရိုးဝါးတစ်ချောင်း ကျပ် ၂၀၀ လောက်ကျပါတယ်။ တံမြက်စည်း တစ်ချောင်းလုံးကို အစအဆုံးလုပ်တဲ့လူရှိသလို အကြမ်းထည်ကို ကိုယ်ကလုပ်ပေးပြီး လျှော်ထိုးငှားရင်း တံမြက်စည်းတစ်ချောင်းကျပ် ၂၀၀ ပေးရပါတယ်။

ထိုတံမြတ်စည်းကို အငှားထိုးတဲ့လူကလည်း ကျွမ်းကျင်မှုအလိုက် တစ်နေ့ကို ၁၀ ချောင်း၊ ၁၅ ချောင်းပြီးကြပြီး ၁၀ ချောင်းပြီးပါက ကျပ် ၂၀၀၀၊ ၁၅ ချောင်းပြီးပါက ကျပ် ၃၀၀၀ ဝင်ငွေရ ကြကာအငှားထိုးရင် တံမြက်စည်းတစ်ချောင်းကို အရင်း ကျပ် ၉၀၀ ရရှိကြပြီး ဖောက်သည်သွင်းပါက ကျပ် ၁၂၀၀ ရကြကြောင်း" ယင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

"တံမြက်စည်းသွင်းတဲ့ မြို့တွေကတော့ ရေစကြို၊ ပခုက္ကူ၊ မြိုင်၊ ပေါက်၊ မုံရွာ၊ မြို့တွေ ဖြစ်ပါတယ်။ ဟိုအရင်က ရေစကြိုကို လှည်းကြုံနဲ့လာပို့တယ်။ နောက်တော့ စက်ဘီးနဲ့ပို့တယ်။ အခုတော့ ဆိုင်ကယ်နဲ့ ပို့တယ်။ တစ်ခေါက်ကို ဆိုင်ကယ်တစ်စီး တံမြက်စည်း အချောင်း ၅၀၊ ၆၀ ပါတယ်။ တစ်လသုံးခေါက်လေးခေါက် လာရတယ်။

"ဝင်ငွေအနေနဲ့ မဆိုးပါဘူး။ ကျွမ်းကျင်ရာ လိမ္မာဆိုသလို မိမွေးဖမွေးအလုပ်လည်းဖြစ်တော့ ဆက်လုပ်ဖြစ်နေတာပေါ့။ တစ်ဖက်ကလည်း ဝက်၊ ဆိတ်၊ ကြက်၊ နွားမွေးဆိုတော့ တောအနေအထိုင်နဲ့ ပြောရရင် စားဝတ်နေရေး အဆင်ပြေကြပါတယ်။ လူငယ်၊ ယောကျ်ားလေးတော်တော်များများကတော့ ရွာမှာရတဲ့ ဝင်ငွေထက်သာတဲ့ အခြားအလုပ်တွေ ထွက်လုပ်ကြတော့ ပိုပြီးအဆင်ပြေကြတဲ့ မိသားစုတွေလည်း ရှိကြပါတယ်" ဟု တစ်ရွာလုံး အုန်းလက်တံမြက်စည်း လုပ်သည့် ဝက်ခုတ်ရွာမှ ကိုအောင်ထွန်းက ပြောပြသည်။

အမှန်တော့ အုန်းလက်သည် စွန့်ပစ်ပစ္စည်းဖြစ်ပြီး အဆိုပါ စွန့်ပစ်ပစ္စည်းကို အလကားမထား အမှိုက်သရိုက်များသန့်ရှင်းရာတွင်အသုံးဝင်သော ပစ္စည်းအဖြစ် ဖန်တီးလိုက်သောအခါ စွန့်ပစ်ပစ္စည်းမှ တန်ဖိုးရှိသော ပစ္စည်းတစ်ခုဖြစ်လာသည်မှာ လက်မှုပညာ၏အကျိုးပင်ဖြစ်ပါသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



## ဘိန်းအစားထိုးသီးနှံ(နှစ်ရှည်ပျိုးပင်) နှင့်ဓာတ်မြေဩဇာပေးအပ်

**မောက်မယ် ဇွန် ၂၆**

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းဝေးခန်းမတွင် ဇွန် ၂၄ ရက် နံနက် ၉ နာရီက ၂၀၁၅-၂၀၁၆ ဘိန်းအစားထိုးသီးနှံ(နှစ်ရှည်ပျိုးပင်)နှင့် ဓာတ်မြေဩဇာ ပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်စိုးက ဘိန်းအစားထိုးသီးနှံ (နှစ်ရှည်ပင်)နှင့် ဓာတ်မြေဩဇာ ပံ့ပိုးပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဟောပြောခဲ့သည်။

မြို့နယ်အတွင်းရှိ တောင်သူများအား မောက်မယ်ရာသီဥတုနှင့် မြေဆီလွှာကိုက်ညီသော ရှောက်ချိုပင် ဧက ၂၀ အတွက် အပင် ၄၀၀၀၊ လက်ဖက်ပင် ၁၀ ဧကအတွက် ၅၄၄၅၀၊ ကော်ဖီငါး ဧက အတွက် ၃၄၀၀ နှင့် ပုလဲဓာတ်မြေဩဇာ ဧက ၂၀ အတွက် ၅၀ Kg အိတ် ၂၀၊ ယူရီးယားဓာတ်မြေဩဇာ၅၀ Kg အိတ် ၂၀ အား တောင်သူများသို့ တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဘိန်းစိုက်ပျိုးမှုပပျောက်ရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်မှ နှစ်တိုနှစ်ရှည်စီမံကိန်းများ ချမှတ်ပြီး ဘိန်းစိုက်ပျိုးသော ဒေသများတွင်သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## တွီးထန်ကျေးရွာဆိုလာမီးတပ်ဆင်

**တီးတိန် ဇွန် ၂၆**

၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ် ၈၀ ဒသမ ၀၀ သန်းဖြင့် ချင်းပြည်နယ် တီးတိန်မြို့နယ် တွီးထန်ကျေးရွာ ဆိုလာမီးလင်းရေးလုပ်ငန်းအား သတိုးအောင်ဇေယျကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့သည်။

လက်ရှိတွင် ယင်းလုပ်ငန်းအားလုံးပြီးစီးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇေယျာညိုနှင့်အဖွဲ့က ဇွန် ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇိုဟေဆာ**

# ရေစကြိုမြို့နယ်တွင် ပုလဲသွယ်ဧက ၅၀၀ နှင့် မိုးစပါးဧက ၃၀၇၇၆ စိုက်ပျိုးရန် လျာထား

**ရေစကြို ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၌ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မိုးစပါးဧက ၃၀၇၇၆ ဧက စိုက်ပျိုးထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးထုတ်လုပ်သည့်နေရာသည် အပူပိုင်း မိုးနည်းဒေသဖြစ်ခြင်းကြောင့် ရေရရှိရေးနည်းလမ်းအလိုက် စိုက်ပျိုးရန်လျာထားချက်များမှာ အစိုးရဆည်ရေဖြင့် ၄၆၄ ဧက၊ လျှပ်စစ်မြစ်ရေတင်ရေဖြင့် ၇၅၃၁ ဧက၊ မြေအောက်ရေဖြင့် ၁၂၆၈၅ ဧက၊ ရေစုပ်စက်ရေဖြင့် ၃၇၂၂ ဧက၊ ဆည်ငယ်၊ကန်ငယ်ရေဖြင့် ၅၁၈ ဧက၊ မိုးကောင်းသောက်မှာ ၅၈၅၆ ဧကတို့ဖြစ်သည်။

"စိုက်ပျိုးတဲ့နေရာမှာလည်း စီမံကိန်းစပါးမျိုးအပါအဝင် တောင်သူတွေစိတ်ကြိုက်ရွေးချယ် စိုက်ပျိုးတဲ့စပါးမျိုးတွေ ပါဝင်ပါတယ်။

"နောက် စပါးမျိုးကွဲအနေနဲ့ ပုလဲသွယ် အထူးအထွက်တိုးစပ်မျိုးစပါးက ဧက ၅၀၀၊ မနောသုခစပါးက ၁၂၃၃၉ ဧက၊ ရွှေပြည်ဌေးစပါးက ဧက ၂၅၀၀၊ ရတနာတိုးစပါးက ဧက ၆၀၀၊ ဆင်းသုခစပါးက ဧက ၂၀၀၊ သီးထပ်ရင်က ဧက ၄၉၈၀၊ ပခန်းရွှေဝါစပါးက ၉၄၅၄ ဧက၊ ဗီယက်နမ်စပါးက ဧက ၂၀၀၊ မော်ဘီကောက်ညှင်းမွှေးက တစ်ဧက၊ နမသလေးစပါးက နှစ်ဧက စုစုပေါင်း ၃၀၇၇၆ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။

" အခုလို မြို့နယ်ကလျာထားတဲ့အတိုင်း စိုက်ဧကပြည့်မီကျော်လွန်ဖို့နဲ့ အထွက်တိုးဖို့အတွက် ကျွန်တော်တို့မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဝန်ထမ်းတွေအားလုံး မိမိတို့သက်ဆိုင်ရာကျေးရွာများသို့ သွားရောက်ကြပြီး ဒေသခံတောင်သူများနဲ့တွေ့ဆုံကာ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးရေး (GAP) စနစ်နဲ့အညီစိုက်ပျိုးရေးအတွက် သဘာဝမြေဩဇာနဲ့ ဓာတ်မြေဩဇာကို အချိုးကျမျှတစွာသုံးစွဲရေး၊ စိုက်ပျိုးရေကို ထိရောက်အကျိုးရှိစွာသုံးစွဲရေး၊ မြေဆီလွှာထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရောဂါပိုးမွှားကြိုတင်ကာကွယ်ရေး၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးများနဲ့ ပတ်သက်ပြီး ပညာပေးဟောပြောမှုတွေကိုလည်း ဆက်တိုက်ဆောင်ရွက်နေပါတယ်။ ပြီးတော့ စပါးပျိုးထောင်ချိန်နဲ့ စိုက်ပျိုးချိန်ကာလတွေမှာ လက်တွေ့ကွင်းဆင်းပြသဖို့ကိုလည်း ကွင်းဝန်ထမ်းများနဲ့ စီမံဆောင်ရွက်ထားပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိန်မောင်က ပြောပြသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် မီးသတ်ဦးစီးမှူးရုံးရှေ့တွင် ဇွန် ၂၄ ရက် နံနက် ၉ နာရီမှစ၍ ၁၂ နာရီခွဲအထိ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောဝင်းမင်းကျော် ဦးဆောင်ပြီး ပြည်သူများအပေါ် ဘေးအန္တရာယ်ကျရောက်သည့်အခါ အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ဆောင်ရွက်နိုင်ရန် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုခြင်းများအား ရှင်းလင်းခြင်း၊ စုဖွဲ့လေ့ကျင့်ခြင်းဆောင်ရွက်ခြင်းများ ကျင်းပခဲ့ကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - ဧရာဦးသာ

# ကျောက်ပန်းတောင်းအထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ဖွင့်လှစ်

**ကျောက်ပန်းတောင်း ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အနော်ရထာအခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း (ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဒုတိယမြို့နယ်ပညာရေးမှူးက "အခုလို ကျောင်းများအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခြင်းအားဖြင့် ဒေသခံကျောင်းသား ကျောင်းသူများမှာ အချိန်ကုန်သက်သာစွာဖြင့် မပင်မပန်းပဲ ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာကိုအပြည့်အဝ သင်ယူနိုင်မှာဖြစ်သလို ကျောင်းသားမိဘများအနေဖြင့်လည်း မိမိတို့၏သားသမီးများကို ရင်အုပ်မကွာပညာဆည်းပူးစေနိုင်မှာဖြစ်သဖြင့် ငွေကုန်ကြေးကျသက်သာသည့်အပြင် မိမိတို့သားသမီးများအတွက် နိစ္စဓူဝပူပင်စိုးရိမ်မှုများမှလည်း ကင်းဝေးမှာဖြစ်ပါတယ်"ဟုပြောကြားခဲ့သည်။ အနော်ရထာအခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၌ ၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင် အဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူ ၂၈၆ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ချောင်းဖျားရွာ၊ သံဘိုအလယ်ရွာ၊ သံဘိုအနောက်ရွာနှင့် ညောင်ကန်ရွာများမှ ကျောင်းသား ကျောင်းသူများပါဝင်ပြီး ၎င်းတို့ဒေသကျောင်းများတွင် အခြေခံပညာအထက်တန်းအဆင့်ပြီးဆုံးအောင် သင်ယူနိုင်တော့မည်ဖြစ်သည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ကွမ်းလုံတွင် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချ သရုပ်ပြပွဲ ကျင်းပ

**ဟိုပန် ဇွန် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ကွမ်းလုံမြို့နယ်တွင် ပုလဲသွယ်စပ်မျိုးစပါးဧက ၅၀ စံပြကွက်အတွက် မျိုးစေ့ပျိုးကြဲပွဲအခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက ကွင်းအမှတ်(၁၂) တောင်သူ ဦးလီဟွာချန်း၏ လယ်မြေတွင် ကျင်းပခဲ့သည်။ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဌေးလွင်က သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(GAP) ၁၄ ချက်နှင့်အညီ စိုက်ပျိုးထုတ်လုပ်ရေးနည်းလမ်းအဆင့်ဆင့်ကို ပညာပေးရှင်းလင်းဆွေးနွေးခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်ခြင်းကို လက်တွေ့စိုက်ပျိုးပြသခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကွမ်းလုံမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူလယ်သမားများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**Victoria University College**
ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

၁။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် အောက်ပါ HND ဘာသာရပ်များ အနက်တစ်ခုကို ရွေးချယ် လျှောက်ထားနိုင်သည်။
(က) Engineering (Civil/ Mechanical/ Mechatronics/ Electrical and Electronics)
(ခ) Medical Study (HND to MBBS)
(ဂ) Business (Management/ Marketing/ Accounting/ HR/ Banking/ Hotel Management)
(ဃ) Computing (Software Engineering/ Computing and System Development)
၂။ စိတ်အားထက်သန်သော ဘာသာရပ်ကို ရွေးချယ်ရမည်။ (အောင်မှတ်ပေါ်တွင် မူတည်မရွေးချယ်ပါ။)
၃။ HND အတွက် ၂နှစ်ခွဲ သင်ယူရမည်ဖြစ်သည်။ BE(Hons:), BSc(Hons:), BA(Hons:), BBA(Hons:) အတွက် ဗြိတိန်အစိုးရပိုင် University of Wolverhampton မှ Victoria University College မြန်မာသို့ လာရောက် သင်ကြားသည့် အတန်းတွင် (၁)နှစ် ဆက်လက်သင်ယူရမည်။ MBBS အတွက် (၄)နှစ် ဆက်လက်သင်ယူရမည်။
၄။ QAA(UK)နှင့် UoW အသိအမှတ်ပြု Centre ဖြစ်သဖြင့် နိုင်ငံတကာအသိအမှတ်ပြုဘွဲ့နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိမည်။ (Victoria University College မှ အကြံပြု ဆောင်ရွက်ပေးသည်။)
၅။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောင်လက်မှတ် (သို့မဟုတ်) အမှတ်စာရင်း ၊ ဓါတ်ပုံ ၃ပုံပူးတွဲတင်ပြရမည်။
၆။ ၃၀.၆.၂၀၁၅ နောက်ဆုံးထားပြီး လျှောက်လွှာလက်ခံမည်။ (ကျောင်းသားအရေအတွက် ကန့်သတ်ထားပါသည်။)

လျှောက်လွှာတင်သွင်းရန်နှင့် စုံစမ်းဆွေးနွေးရန် ကျောင်းသားရေးရာဌာန - Victoria University College
အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉၂၅၉၂၇၁၀၉၄၊ ၀၉၂၆၃၀၃၆၀၄၄။

KMD Computer Centre
LCCI Level 1, 2, 3 (စာရင်းကိုင်သင်တန်းများ)
ဆရာသန့်ဇော်ဦးကိုယ်တိုင်သင်ကြားသည်။
2 - July - 2015
(Level -1,2)(Thurs & Fri)
(7:30am-10:30am)
Nov Exam Series 2015
တန်းခွဲသစ်များအပ်နှံနိုင်ပါပြီ။
အမှတ်(၁၅/၁)၊စတုတ္ထထပ်၊ဦးထွန်းလင်းခြံလမ်း၊ကမာရွတ်။ဖုန်း–၅၀၂၂၁၁၊၅၂၄၄၀၀။

**Senorita Fashion Class**
Fashion Design များကို Japan Centimeter နည်းဖြင့် ကိုယ်ပိုင်ဆိုင်ဖွင့်နိုင်ရန် အခြေခံမှစ၍ နောက်ဆုံးပေါ် Design များအထိ တတ်မြောက်အောင် သင်ကြားပေးပါသည်။
**Ph: 09-450042142, 09-972182114**
**No.(110), 27**လမ်း၊ ဒုတိယထပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာ့ဇရိပ်သာလမ်း၊ အမှတ်(၇-A)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃၆-I)၊ မြေကွက်အမှတ် (၁၁၂-A/၆-A/၂A)၊ မြေဧရိယာ(၀. ၁၂၁)ဧကရှိ မြေပိုင်မြေ၊ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သင်းသင်းထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ပြုလုပ်သည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၈၁၉၉/၂၀၁၂ရယူပြီး၊ လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးအေးမောင်ဝင်း[၁၂/အစန(နိုင်)၁၃၅၅၅၆]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ဖြစ်စေ၊ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါ သည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန်အသိပေးအကြောင်းကြားအပ်ပါသည်။

ဖုန်း-၀၉-၇၃၁၆၅၀၈၆၊ ၀၉-၅၀၄၅၈၇၅
လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးအေးရီ(**LL.B**) တရားလွှတ်တော်ရှေ့နေ(၄၃၇၃)
ဒေါ်လှလှခိုင်(**LL.B**) တရားလွှတ်တော်ရှေ့နေ(၅၄၁၀)
**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁-A)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

အတွေးအမြင်

# ပင်စင်စားတစ်ယောက်၏ နောင်တနှင့် သီရိဂေဟာ

à ပေထွက်းဇော်(ရေစကြို)

ဟိုတုန်းက နိုင်ငံဝန်ထမ်းဘဝဆိုတော့ မနက် အိပ်ရာထ အပေ့ါအပါးသွား၊ မျက်နှာသစ်၊ ကိုယ်လက် သန့်စင် ဘုရားကန်တော့ပြီးတော့ စားပွဲပေါ်က အသင့်ပြင်ဆင်ပေးထားတဲ့ ရေနွမ်းကြမ်းကျကျ၊ ထမင်းဆီဆမ်း၊ ပဲပြုတ် ဒါမှမဟုတ် အကြော်နဲ့ ထမင်းစား၊ ဗီရိုထဲက မီးပူတိုက်ပြီးသား စတစ်ကော်လံ အဖြူ ကျောင်းစိမ်းပုဆိုးကို အသင့်ဝတ်ပြီး ကျောင်း ကိုသွားစာသင်၊ နေ့လယ်စာ အိမ်ပြန်စား စာသင် ခန်းပြန်ဝင်၊ ညနေကျောင်းဆင်းတော့ ကိုယ်လိုဆရာ တွေနှင့် လက်ဖက်ရည်ဆိုင်ထိုင်၊ အိမ်ပြန်၊ ရေချိုး ညစာစား၊ မနက်သင်ပြရမည့် ဘာသာရပ်ပြန်ကြည့်၊ သတင်းစာဖတ်၊ ဘုရားကန်တော့၊ အိပ်ရာဝင်နဲ့။ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်လည်း ကျောင်းကိစ္စ၊ ရပ်ရေးရွာရေးကိစ္စ၊ လက်ဖက်ရည်ဆိုင်ကိစ္စတွေနဲ့ သို့ဂလို အချိန်တွေ ကုန်ပြန်ရော။

အခုတော့ အသက် (၆၀) ပြည့်လို့ ပင်စင်ယူ အတူတူ ယောင်ချာချာနဲ့ ဘာလုပ်လို့ ဘာကိုင် ရမှန်းမသိ။တစ်ခုခုလိုနေသလို ဆောက်တည်ရာမရ ဖြစ်နေမိတယ်။ သည်လိုနဲ့ ဧည့်ခန်းမှာ ထိုင်ရင်း စဉ်းစားမိတယ်။ ဟိုတုန်းက ဇနီးရကာစ ဇနီးဖြစ်သူက အိပ်ရာက မနက်ဆို စောစောထ၊ မီးမွှေး၊ ရေနွေးအိုး တည်၊ ထမင်းချက်၊ ဘုရားဆွမ်းတော်ကပ်ဖို့ပြင်၊ ပြီးတော့ ယောကျ်ားစားဖို့ အသင့်ပြင်ထား၊ အမှိုက်လှဲ၊ မျက်နှာသစ်၊ သနပ်ခါးလိမ်း၊ ဆွမ်းတော်ကပ်ဘုရား ကန်တော့၊ ဈေးသွား၊ ဈေးကပြန်ချက်ပြုတ် ဒါက ကလေးမရခင်အလုပ်၊ ကလေးတွေတစ်ယောက်ပြီး တစ်ယောက် ရလာပြန်တော့ ကလေးပြုစုရတဲ့ အလုပ် ကတစ်မျိုး၊အိမ်ဗာဟီရက တစ်ဖုံပေ့ါ။ ကလေးတွေ အရွယ်ရောက်လာကြတော့ အိမ်သန့်ရှင်းရေးလုပ် တဲ့သူကလုပ်၊ ထမင်းချက်တဲ့သူကချက်၊ သောက်ရေ ဖြည့်သူကဖြည့်၊ ပုဂံတွေနဲ့ သောက်ရေအိုးအဖုံး၊ သောက်ရေခွက်ဆေးသူကဆေး သူ့အလုပ်နဲ့သူ။

ဟော အခုတော့ ကလေးတွေလည်း အလုပ်အကိုင် ကိုယ်စီနဲ့ အဝေးရောက်နေသူမှ အပ အိမ်မှာ ရှိနေကြ သူများက ငယ်ငယ်ကပုံစံအတိုင်း အလုပ်မသွားခင် သူတို့တာဝန်သူတို့အလုပ်တွေ လုပ်နေကြဆဲ။

ဟိုတုန်းက အဲဒီလို အိမ်မှာ နေသူတွေရဲ့ အလုပ် နဲ့ဒုက္ခတွေကို ဘာမှမသိခဲ့တဲ့ ကျွန်တော် မသိခဲ့ဆို ၃၅ နှစ်တာကာလ ယခုလို ပင်စင်ယူပြီးတော့မှ အိမ်သူသက်ထားဇနီးမယားနဲ့ သမီးသားတို့ရဲ့ နေ့စဉ် ဘဝ အိမ်မှုကိစ္စဗာဟီရဒုက္ခတွေကို စဉ်းစားတော့မှ ကျွန်တော် နောင်တတွေရနေမိတယ်။

ဒါကြောင့် သြော် နောင်တ ဆိုတာ နောင်မှ ရတာပါ လားဆိုတာ ထပ်ပြီးသိလိုက်တာနဲ့ ဒီနေ့ ကစပြီး အိမ်မှုကိစ္စ မှန်သမျှ ဝိုင်းကူလုပ်တော့မယ်လို့ ဆုံးဖြတ် ပြီး ဇနီးမယားနဲ့သမီးသားတွေကို စတင်ကြေညာ လိုက်တယ်။ ဒီနေ့ကစပြီး အဖေကြီးအဝတ်အစား တွေကို အဖေကြီးကိုယ်တိုင် ရေချိုးရင်းလျှော်တော့ မယ်လို့ တာဝန်တစ်ခုကို ခွဲဝေယူလိုက်တယ်။

ပြီးတော့ မနက်စောစောထ၊ အိမ်ပတ်ဝန်းကျင် တံမြက်လှည်းတဲ့အလုပ်၊ ထင်းခွဲအလုပ်၊ အလှစိုက် ပန်းပင်တွေရေလောင်းတဲ့အလုပ်စတဲ့ အိမ်မှုကိစ္စ ဗာဟီရအလုပ်တွေကို ဝိုင်းကူလုပ်လိုက်တော့ ယောင်ချာချာဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ တစ်ခုခုလိုနေသလိုလို ဆောက်တည်ရာမရ ဖြစ်နေ တာတွေလည်း အခုတော့ နေသားတကျ၊ လှုပ်လှုပ် ရှားရှား လုပ်နေရတော့ ကျန်းမာရေးလည်းကောင်း၊ အရင်က မိသားစုအပေါ် တာဝန်မကျေခဲ့တာတွေ လည်း အခုတော့ တာဝန်တွေကျေ၊ကျွန်တော်တို့ မိသားစုတွေပျော်တပြုံးပြုံးနဲ့ သီရိဂေဟာလေးပါပဲ။

# မန်းရွှေစက်တော်ဘုရား၌ ဗိမာန်တော်ကြီး တည်ဆောက်မည့်နေရာတွင် မြေသန့်မင်္ဂလာကျင်းပ

**မင်းဘူး ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက် တော်ဘုရားကြီး၏သုံးထပ်ဗုဒ္ဓသာသနာ့ ဗိမာန်တော်ကြီးတည်ဆောက်မည့် မြေ နေရာတွင် အန္တရာယ်ကင်းပရိတ်တရား တော်နာ၊ မြေသန့် မင်္ဂလာအခမ်းအနား ကို ဇွန် ၂၄ ရက် နံနက် ၇ နာရီခွဲက အဆောက်အအုံ ဆောက်လုပ်မည့် အထက်စက်တော်ရာ အတက်လမ်းနှင့် နှစ်ကျိပ်ရှစ်ဆူဘုရားလမ်းဆုံတွင် ကျင်း ပခဲ့သည်။



ထို့နောက် ဥပါသကာများက ပရိတ် ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်အိုးများကို ဆရာတော်ကြီးများ ထံ ဆက်ကပ်ပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့် တော်မူကြသည်။

ဆက်လက်၍ ဥပသကာများက သုံး ထပ် ဗုဒ္ဓသာသနာ့ ဗိမာန်တော်ကြီး တည်ဆောက်မည့် ဥပဇာမြေနေရာများ ၌ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ် ချည်၊ ပရိတ်အိုးများကို ယူဆောင်၍ ပက်ဖျန်းကြဲဖြန့် ချည်နှောင်းကြပြီး ဆရာ တော်၊ သံဃာတော်အရှင်သူမြတ်တို့က အထောင့်၊ အရပ်မျက်နှာများ၌ နိမိတ် ကြား၍ မြေသန့် ကမ္မဝါများ ရွတ်ပွား ချီးမြှင့်တော်မူကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သြဝါဒါစရိယဘဒ္ဒန္တ ကေတု(စလင်းဆရာ တော်)၊ မကွေးမြို့ သံဃာရာမကျောင်း တိုက် ပဓာနနာယက၊ နိုင်ငံတော် ဗဟို ဝန်ဆောင် (အဂ္ဂမဟာပဏ္ဍိတ)ဘဒ္ဒန္တ စိန္တာသာရ၊ မကွေးတိုင်းဒေသကြီး သံဃ နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် (အဂ္ဂ မဟာပဏ္ဍိတ)ဘဒ္ဒန္တပဏ္ဍိစ္စသာရ အမှူး ပြုသော သံဃာတော်အရှင်သူမြတ် ၁၈ ပါး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင် များ၊ တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန် ကြားရေးမှူး၊ တိုင်းဒေသကြီး သာသနာ ရေးမှူးနှင့် မန်းရွှေစက်တော်ဘုရားကြီး ဂေါပကအဖွဲ့ဝင်များ တက်ရောက်ခဲ့ သည်။ **တင်ထွန်းဦး(မင်းဘူး)**

# ငါန်းဇွန်၊ နွားထိုးကြီးဒေသဖွံ့ဖြိုးရေးကွင်းဆင်းစစ်ဆေး

**မန္တလေး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးဦးအောင်ဇံ သည် ငါန်းဇွန်၊ နွားထိုးကြီးမြို့နယ် များသို့ ဇွန် ၂၄ ရက်တွင် သွား ရောက်ပြီး သက်ဆိုင်ရာမြို့နယ်အုပ် ချုပ်ရေးမှူးရုံးခန်းမတို့တွင် လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်စီမံကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးရေးနှင့် အထောက်အကူ ပြုကော်မတီများနှင့်တွေ့ဆုံကာ ဒေသ ဖွံ့ဖြိုးရေးအတွက် အမှန်တကယ်လိုအပ် မည့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင် ရွက်ပေးနိုင်မည့် မြို့နယ်/ကျေးလက်ဖွံ့ဖြိုး ရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဝန်ကြီးသည် တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆောင်ရွက်ပေးရန် လိုအပ် မည့် မြင်းခြံမြို့နယ် ကျောင်းဖြကန်ကျေးရွာ အနီးရှိ ကျေးရွာချင်း ဆက်တံတားပြုပြင် ရမည့်အခြေအနေကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။ **မောင်ပြည်သူ(မန္တလေး)**




## ဒေါက်တာမောင်အောင်၏ ကုန်သွယ်မှုဖြင့်ထိရောက်သည့်ဆင်းရဲမှုလျှော့ချရေး စာအုပ်သစ်ထွက်ပြီ

ယနေ့ ပွင့်လင်းလာသည့် မြန်မာနိုင်ငံကို နိုင်ငံတကာ၏ ပေါင်းစည်းမှုအဘက်ဘက်မှ တိုးတက်လာသည့်အချိန်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် မြန်မာ့ပို့ကုန်များ (ကုန်စည်နှင့်ဝန်ဆောင်မှု ပို့ကုန်များ) တိုးတက်ဖွံ့ဖြိုးမှုမှတစ်ဆင့် ထိရောက်သည့် ဆင်းရဲမှုလျှော့ချရေး၊ နည်းလမ်းများ ဖော်ပြထားသည့်အတွက် နိုင်ငံသားတိုင်း မဖြစ်မနေ ဖတ်ရှုလေ့လာလုပ်ဆောင်ခြင်းဖြင့် ဆင်းရဲမှုလျှော့ချနိုင်သလို ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက် အပံ့ဖြစ်စေမည့် အသိပညာပေးစာအုပ်ဖြစ်ပါကြောင်း။

ဆက်လက်၍ ဖွံ့ဖြိုးမှုဆောင်းပါးများ အမှတ်(၂)မကြာမီ ဆက်လက်ထွက်ရှိလာပါမည်။

**ကလေးနာမည်ပေး ဆရာကြီးရာဇာဇော်ဝင်း**
(LL.B.)နှင့်ဆက်သွယ်ပါ။(ပိတ်ရက်မရှိ)
01-394727, 01-399426 09-73009994-
တိုက်(၃၅)၊လမ်း(၈၅)မြေညီထပ်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**အမည်ပြောင်းခြင်း**

NEC မြတ်ပညာ၊ ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော အဖ-ဦးအောင်အောင်ကျော်၏သား မောင်အာသာဟိန်း (ဒုတိယတန်း) တက်ရောက်နေသူအား မောင်အာသာထင်ရှားအောင်ဟု ပြောင်းလဲ၍ ခေါ်ပေးပါရန်။ မောင်အာသာထင်ရှားအောင်

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် မောင်အိန်ဂျဲလ်ကိုကို [၁၂/ပဇတ(နိုင်)၀၃၅၀၈၅]၏ နိုင်ငံကူးလက်မှတ် M 428556၊ ပျောက်ဆုံးသွားပါကြောင်း။ **ဖုန်း-၀၉-၅၀၆၄၈၃၈**





**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးကိုခုပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၅-ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅၉**

၁။ ဦးသန်းထွန်းစိုး နှင့် ၁။ ဦးဘီရှိန်
၂။ ဒေါ်စန်းစန်းအေး ၂။ ဦးလှရှိန်
(တရားလိုများ) (တရားပြိုင်များ)

အမှတ်(၃၅၅)၊ ဂန့်ဂေါ်ရိပ်သာလမ်း၊ (၁၆/၃)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးနေ ၁။ ဦးဘီရှိန်၊ ၂။ ဦးလှရှိန်တို့ သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုများက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ရက် (၁၃၇၇ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာ ရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာ မရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေ-တင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၇)ရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ ဇွန်လ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။ **(ယုအောင်)၊ ဒုတိယခရိုင်တရားသူကြီး(၃)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း**

ကျွန်တော် မောင်အောင်မင်းဦး[၁၂/အစန(နိုင်)၀၅၃၈၄၂]နှင့် ကျွန်မ မလှလှ ဒွေး[၁၂/ကခက(နိုင်)၀၅၁၅၉၄]တို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှု မရှိပါသဖြင့် ၂-၆-၂၀၁၅ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံး၌ နှစ်ဦးသဘောတူတရားဝင် ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**အောင်မင်းဦး**
**[၁၂/အစန(နိုင်)၀၅၃၈၄၂]**

# IKBZ
Insurance Co.,Ltd.

## အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း

ပြည်သူများ၏ အသက်၊ အိုးအိမ်စည်းစိမ်နှင့် အနာဂတ်ဘဝ အာမခံချက်ရှိစေရန်
**IKBZ Insurance** (အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း) ၏

# ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်ရုံး

ကို ၂၇.၆.၂၀၁၅ (စနေနေ့)တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၌
စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်ပါကြောင်း နှင့်
အာမခံလုပ်ငန်းဝန်ဆောင်မှုများကို နေ့စဉ်ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း
မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**IKBZ Insurance** မှ နေ့စဉ်ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများ

- မီးအာမခံနှင့်သဘာဝဘေးအန္တရာယ်များ အာမခံ
- အလုံးစုံမော်တော်ယာဉ်အာမခံ
- အသက်အာမခံများ
- အထူးခရီးသွားအာမခံ
- ငွေသားလုံခြုံမှုအာမခံ
- ငွေပို့၊ ငွေသယ်အာမခံ
- သမာဓိအာမခံ
- ကျန်းမာရေးအာမခံ

## ယုံကြည်အားထား IKBZ အာမခံစွမ်းအား

ဆက်သွယ်ရန်လိပ်စာ

**IKBZ Insurance** - ပြည်ခရိုင်ရုံး
အမှတ် (၁၁၈)၊ လမ်းမတော်လမ်း၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး။
ဖုန်း (၀၅၃) ၂၄၀၃၇ ၊ ၂၅၆၄၃
ဖက်စ် (၀၅၃) ၂၄၅၁၆ ext: ၁၀၆

www.i-kbz.com

# အမြန်အလိုရှိသည်

တည်ဆောက်ဆဲ အထပ်မြင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် Civil Work လုပ်ငန်းများ(အုတ်စီလုပ်ငန်း၊ နံရံချောခြင်းလုပ်ငန်းအပါအဝင်) လုပ်ဆောင်ရန်အတွက် ကျွမ်းကျင်သော သန်လျက်ကိုင် ပန်းရံလုပ်သား(၂၀)အထက်ပါဝင်သော ကန်ထရိုက်တာအဖွဲ့များ အလိုရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ-အထွေထွေမန်နေဂျာ

-အမှတ်(၂၃/စီ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

-ဖုန်း-၀၁-၈၆၀၅၀၀၃၊ ၈၆၀၅၀၀၄၊ ၈၆၀၅၀၄၄၊ ၈၆၀၅၀၄၅

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

ဖုန်း SIM CARD ဝယ်မည်
73 ** - 80000 ks
49 ** - 120000 ks
50 ** - 180000 ks
Ph: 09-5089555

တိုက်ခန်းငှားမည်
မြေညီထပ်-ထပ်ခိုးပါ၊ ဗဟန်း။
Ph:09-30358147,
09-5177569

"တိုက်ခန်း ရောင်းမည်"
ရန်ကုန်-အင်းစိန်လမ်းမပေါ်၊ သုခမှတ်တိုင်အနီး(GEMS Condoရှေ့)
4 လွှာ(တောင့်ခန်း)16'x55', 1MB,
ပြင်ဆင်ပြီး၊စီးပွားရေးလုပ်ရန်ကောင်း
0973033053, 09 799663386

တရုတ်
ENGLISH
Conversation Practice
စကားပြောခုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ပြောလို့ပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

ပျောက်ဆုံး ကြောင်း
ကျွန်တော် မောင်ဟိန်းထွန်းစိုး CDC-62659 ၏ S.I.D လက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၃၁၈၂၅၉

ဖောင်းကြွပျောက်
လျှောက်ထားခြင်း
ယာဉ်အမှတ် 4H/1488 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

ရှမ်းပြည်နယ်တောင်ပိုင်း ကိုချမ်းငြိမ်းအောင်ဦးစီးသော နို့ရွှေလမ်း ဘုရားဖူးပို့ဆောင်ရေး
၁။ မန္တလေး-ပြင်ဦးလွင်၊ စစ်ကိုင်း-မင်းကွန်းလမ်းဘုရားစုံ၊ သောကြာညထွက် တနင်္လာနံနက်ပြန်ရောက် (၃၃၀၀၀)ကျပ်၊ ၁၀-၇-၂၀၁၅၊ ၁၇-၇-၂၀၁၅ ည ဝါဆိုလပြည့် ဘုရားလည်းဖူး ကုသိုလ်လည်းထူး
၂။ ဆံတော်ရှင်ကျိုက်ထီးရိုး၊ ပဲခူးရွှေမော်ဓော၊ နေပြည်တော်(အနံ့) ဗုဒ္ဓဂယာ(၄)ရက် (၄၀၀၀၀)ကျပ် ၃၁-၇-၂၀၁၅ နံနက်
၃။ ပုဂံညောင်ဦး ဘုရားစုံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူမြို့ လမ်းဘုရားစုံ (၃)ရက် (၃၂၀၀၀)ကျပ် ၃၁-၇-၂၀၁၅ နံနက်
(A-C) Express ကားဖြင့်ကြိုတင်လက်မှတ်ရောင်းပြီ။ တောင်ကြီးမြို့၊ ဖုန်း-၀၉-၂၅၄၁၇၂၁၇၅၊ ၀၉-၄၂၈၃၆၀၁၂၅၊ ၀၉-၃၆၀၈၀၇၇၃

UK Degrees

STI MYANMAR UNIVERSITY

School of Business
BA (Hons) Business Management
BA (Hons) Accounting and Finance

www.stiedu.net

School of Engineering
BEng (Hons) Civil & Architectural Engineering
BEng (Hons) Electronic Engineering

- STI MU အနေဖြင့် သင်တန်းသားများကို အရည်အသွေးပြည့်ဝပြီး ဘက်စုံထူးချွန်သူများဖြစ်စေရန်၊ မိမိကိုယ်ကိုယုံကြည်မှုရှိစေရန်၊ ခေါင်းဆောင်မှုစွမ်းရည်မြင့်စေရန်၊ စဉ်းစားချင့်ချိန်နိုင်စွမ်းရှိစေရန်၊ လူ့အဖွဲ့အစည်းအသိုင်းအဝိုင်းအား အကျိုးပြုနိုင်သူများဖြစ်စေရန်နှင့် သက်ဆိုင်ရာဘာသာရပ်နယ်ပယ်အသီးသီးကို စာတွေ့နှင့်လက်တွေ့ချိတ်ဆက်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။
- ဘွဲ့ကြို ဘွဲ့လွန် Degree များကို University of Bedfordshire မှ တိုက်ရိုက်ချီးမြှင့်ပါမည်။
- သင်တန်းကာလတက်ရောက်နေစဉ်အတွင်း ထူးချွန်သူများအား Scholarship (ပညာသင်) ဆုများပေးအပ် ချီးမြှင့်သွားမည်ဖြစ်ပါသည်။
- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ Foundation Program ကို စတင်တက်ရောက်နိုင်ပါသည်။
- စီးပွားရေးစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သောဘွဲ့၊ အဆင့်မြင့်ဒီပလိုမာရရှိပြီးသူများ၊ တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူများ၊ HND, ABE အဆင့်မြင့် ဒီပလိုမာအောင်မြင်ပြီးသူများ BA(Hons) ဘွဲ့နောက်ဆုံးနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်ပါသည်။



Block-10, MICT Park
လှိုင်တက္ကသိုလ်၊ ရန်ကုန်
Ph: 507151, 507152
377988
Email: enquiry@stiedu.net

Congratulation!



ပြည်မြို့ A.E.C Cosmetics Centre
ဦးဖောင်ဖောင်ဇော် + ဒေါ်ချိုချိုဆွေတို့၏သမီး
မချိုသာရှင်း သည်
၂၀၁၄-၂၀၁၅ တက္ကသိုလ်ဝင်တန်း
ပညာသင်နှစ်တွင် (မြန်မာစာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ ရူပဗေဒ)
ရမှတ်ပေါင်း ၅၁၄ မှတ်၊
(၅)ဘာသာ ဂုဏ်ထူးဖြင့်
ထူးချွန်စွာ အောင်မြင်ခဲ့ပါသောကြောင့်
အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

Ta-Fa Trading Co., Ltd.
Noble Beauty Business Group Co., Ltd.

PAW LAR CHAN
15% Discount
ပေါ်ပါးခိုင်ခံ့သည့် ဒီဇိုင်းစုံလက်တွန်းလှည်းအမျိုးမျိုး ရရှိနိုင်ပါသည်။
၂၂-၆-၂၀၁၅ မှ ၅-၇-၂၀၁၅ (၂ ပတ်မျှသာ) အရေအတွက်ကန့်သတ်ထားပါသည်။



27000/-
Kyat Only
Ph:01-251406, 09-791239096

"ပါကေးခင်းမယ်ဆိုရင် သတိရပါ၊ ဆက်သွယ်ပါ။ အိမ်ရှင်တိုင်း စိတ်ချမ်းသာစေရမည်"

ပါကေးဦးထွန်းမိသားစု



Hot Line
09-500 4036

ဦးအောင်အောင်
B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc
LCCI
အမှတ်(၂၃၉)၊ ၃ထပ်(ဘယ်)၊ ဘားလမ်း
ကျောက်တံတားမြို့နယ်။ ဖုန်း - ၀၉ ၅၁၀၃၀၀၂၊ ၀၉ ၉၇ ၅၁၀၃၀၀၂၊ ၀၉ ၇၈ ၅၁၀၃၀၀၂
Level I+II 15%Dis:
ဆယ်တန်းအောင်ပြီးသူတိုင်း တက်ရောက်နိုင်သည်
THU-FRI 9:30 - 11:30 am 25.6.15
SUN 2 - 5:00 pm 5.7.15
THU-FRI 6:00 - 8:00 am 16.7.15
Level III 15%Dis:
III (B) SUN 9 am - 5 pm 28.6.15
III (C) MON to SUN 6 pm - 8 pm 6.7.15

Since 1996
ပုလဲ
(၅တန်းမှ ၁၀တန်း)
ဆရာဝန်များဦးစီးသည့်
စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း
၂၀၁၅ (၁၀)တန်း အောင်ချက် -၈၉% (သိပ္ပံ) ၊ (ဘော်ဒါ+နေ့တက်)- ၇၅% (သိပ္ပံ၊ ဝိပ္ပံ)
အောင်မြင်သူအားလုံး၏ ၄၀%သည် ဂုဏ်ထူးဖြင့် အောင်မြင်သည်။
ဆိတ်ငြိမ်ခြံဝန်းကျယ်၊ အားကစားကွင်း၊ အဲယားကွန်းတပ်စာသင်ခန်း၊ အိပ်ဆောင်များ . . .။
မိမိတို့ဆရာဝန်ဖြစ်ရန် လေ့ကျင့်ခဲ့သည့် ပုံစံအတိုင်း လေ့ကျင့်ပေးသည်။ (သင့်တင့်မျှတသော သင်တန်းကြေး )
(၉)တန်း အထူးအစီအစဉ် စာတော်လျှင် (၈)နှစ်ဝက် (၉)တန်းအပြီး သင်ပေးပြီး (၃)နှစ်ဝက် (၁၀)တန်းစာတစ်ခေါက် ကြိုသင်ပေးသည်။
အမှတ် (၇၇) ၄ဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း - ၀၉ ၅၁၅၈၈၅၁၊ ၀၁ ၆၃၈၀၅၀၊ ၀၉ ၃၁၂၉၉၇၂၆




အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

09-420073607
09-73211079
09-49250637
Car Rental, Sale & Services






# စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရေနံချောင်းမြို့နေ

(ဦးဇော်လွင် - မြို့နယ်ပညာရေးမှူး) + ဒေါ်မြင့်မြင့်သန်း (အထက်တန်းပြ - ငြိမ်း) တို့၏သား

**ဗိုလ်ကြီးငြိမ်းဇော်**

**B.E (Electronics),D.S.T.A**

နှင့်

ရန်ကုန်မြို့နေ

ဗိုလ်မှူးချုပ်ညွှန့်တင် (ငြိမ်း) + ဒေါ်တင်တင်ကြည် (ဥက္ကဋ္ဌ ၊ **ခင်နန္ဒာ** ဗုဒ္ဓဂယာ ဘုရားဖူးကုမ္ပဏီ) တို့၏သမီး

**မခင်ပြည့်ဖြိုး**

**B.A (English) , YUFL**

(မန်နေဂျင်း ဒါရိုက်တာ ၊ ခင်နန္ဒာဗုဒ္ဓဂယာ ဘုရားဖူးကုမ္ပဏီ)

တို့၏ ၂၁-၆-၂၀၁၅ ရက် (တနင်္ဂနွေ)တွင် **Sedona Hotel (Grand Ballroom)** ၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်မင်္ဂလာပွဲ၌ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်ပေးပါသော ဖေဖေ ဗိုလ်မှူးချုပ်ညွှန့်တင် (ငြိမ်း) နှင့် မေမေ ဒေါ်တင်တင်ကြည် ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) မဟာသရေစည်သူ ဦးအောင်ထွေး နှင့်ဇနီး ဒေါ်ခင်နှင်းဝေ ၊ မင်္ဂလာလက်ထပ်လက်စွပ်အား ဝတ်ဆင်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သီရိပျံချီ ဦးခင်မောင်မြင့် နှင့်ဇနီး ဒေါ်ဝင်းဝင်းနု ၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော မဟာသရေစည်သူ ဗိုလ်ချုပ်ကြီးစိုးဝင်း ၏ဇနီး ဒေါ်သန်းသန်းနွဲ့ ၊ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ် မင်္ဂလာသဘင် အဘိသေကမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးရန်ပိုင်စိုး၊ မင်္ဂလာပန်းကြဲပေးပါသော မောင်ချစ်ပိုး (ရုပ်ရှင်နှင့်ဗွီဒီယိုသရုပ်ဆောင်) နှင့် မကြည်လဲ့ရွှန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မောင်စည်သူဝင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ကိုင်ဆောင်ပေးပါသော မစိမ်းလဲ့နှင်း ၊ မင်္ဂလာအခါတော်ပေးတေးသီချင်း သီကျူးပေးပါသော နိုင်ငံကျော်တေးသံရှင် ဒေါ် ရီရီသန့် ၊ မိတ်ကပ် ၊ ဆံပင် ၊ မင်္ဂလာဝတ်စုံ နှင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော မိတ်ကပ် ကိုဘိတ်နှင့် အဖွဲ့ ၊ ပန်းအလှပြင်ဆင်ပေးပါသော **Floral Paradise**၊ **Pre Wedding**၊ ဓါတ်ပုံနှင့် ဗွီဒီယို မှတ်တမ်းတင်ပေးပါသော **7 Picture**၊ မီးအလှပြင်ဆင်ပေးပါသော မီးငယ် **Disco Light** နှင့်အဖွဲ့ ၊ ရေခဲငွေ့ဖန်တီးပေးပါသော **Myanmar Carbonate** ၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော **Dagon** ပုံနှိပ်တိုက် ၊ မင်္ဂလာသတို့သား အရံများအဖြစ် ဆောင်ရွက်ပေးကြပါသော ဗိုလ်ကြီးကျော်မျိုးမင်း၊ ဗိုလ်ကြီးနောင်နောင်လွင်၊ ဗိုလ်ကြီးချမ်းငြိမ်းစိုး ၊ ဗိုလ်ကြီးစိုးလှိုင်ဝင်း ၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးကြပါသော မသီတာနိုင် ၊ မရွှေစင်(အိမ်မက်ဆုံရာ)၊ မယဉ်မူရာစိုး၊ မင့်ဝင့်ဟန်တို့အားလည်းကောင်း ၊ **Gandamar Wholesale Grand Ballroom** ၌ ကျင်းပသော မင်္ဂလာညစာစားပွဲတွင် မိတ်ကပ်နှင့်ဆံပင် လှပစွာဖန်တီးပေးပါသော မိတ်ကပ်ကိုဘိတ်နှင့်အဖွဲ့ ၊ ပန်းအလှဆင်မြန်းပေးပါသော **Floral Paradise**၊ အစီအစဉ်တင်ဆက်သူများအဖြစ် ကူညီဆောင်ရွက်ပေးပါသော ကိုပြည့်အောင်ဇော်(**Melody World**) နှင့် မရွှေစင်(အိမ်မက်ဆုံရာ) ၊ ဓါတ်ပုံနှင့်ဗွီဒီယို မှတ်တမ်းတင်ပေးပါသော **7 Picture**၊ တေးသီချင်းများဖြင့် ဖျော်ဖြေပေးပါသော **Friendship Music Band** နှင့် တေးသံရှင်တို့အားလည်းကောင်း၊ **Sedona Hotel** နှင့် **Gandamar Wholesale Grand Ballroom** မှ မန်နေဂျာနှင့်အဖွဲ့များ အားလည်းကောင်း ၊ တက်ရောက်ချီးမြှင့်ပေးပါသော စစ်ဘက် နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ သူရ(၆၃)မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ ၊ ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးကုမ္ပဏီမှ မန်နေဂျာ နှင့် ဝန်ထမ်းများ ၊ နယ်ရုံးခွဲမှ ကိုယ်စားလှယ်များ ၊ ခရီးသည်ဟောင်းများ၊ မင်္ဂလာလက်ဖွဲ့များကို ပေးပို့ချီးမြှင့်ပေးပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ အားလုံးတို့အား နှစ်ဖက်သောမိဘများနှင့် မင်္ဂလာမောင်နှံတို့မှ အထူးပင်လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိ ပါသည်။ မင်္ဂလာအခမ်းအနား၌ တစ်စုံတစ်ရာ အဆင်မပြေမှုများရှိခဲ့ပါက ခင်နန္ဒာ အား ချစ်ခင်စွာမင်္ဂလာပွဲတက်ရောက်ချီးမြှင့်ပေးကြပါသော ခင်နန္ဒာ၏ ခရီးသည်များ၊ ဆွေမျိုး မိတ်သင်္ဂဟများ၊ သူငယ်ချင်းများအနေဖြင့် နားလည်ခွင့်လွှတ်ပေးပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါသည်။

*နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးငြိမ်းဇော် + မခင်ပြည့်ဖြိုး(ခ)မခင်နန္ဒာ*












**ရွှေပြည်ဟိန်း ကျေးဇူးဆေးခန်း ဇူလိုင်လ၊ ၁၈-၁၉၊ (၄၉)ကြိမ်မြောက် မျက်စိခွဲစိတ်ကုသ အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဇွန်လ (၂၁)ရက် (၄၈)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၆၁၆၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဇူလိုင်လ (၁၈၊ ၁၉)ရက်တွင် ၄၉-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူ ရွှေပြည်ဟိန်း ကျေးဇူးဆေးခန်း၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊** (ILBC၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၅၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အခွင့်အရေးသီးခြားဝင် (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



MYANMAR PROPERTY AWARDS 2015
WINNER
Best Condo Development

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံတွင် ပထမဆုံး နိုင်ငံတကာအဆင့် အိမ် ခြံ မြေ ဆိုင်ရာ ထူးချွန်ဆု

***ASIA PROPERTY AWARDS*** မှချီးမြှင့်သော ***BEST CONDO DEVELOPMENT*** ဆုကို

## *DIAMOND INYA PALACE CONDOMINIUM*

***by Mandalay Golden Wing Construction Ltd.*** မှ

ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

- **U Aik Htun (Chairman)**
  Shwe Taung Development Co., Ltd.
- **U Ni (Managing Director)**
  Shwe Mi Industrial Co., Ltd.
- **U Kyaw Khaing (Chairman (CEO))**
  Myanmar AHla Construction Group
- **U Kyaw Naing Oo (Chairperson)**
  NAING Group of Companies
- **U Aye Thaung (Director)**
  Comet Co., Ltd.
- **U Maung Maung Oo (Managing Director)**
  Shwe Super Light Co., Ltd.
- **U Kyin Tun (Managing Director)**
  Newest Garment Manufacturing Co., Ltd.
- **U Aik Yee (Vice Chairman)**
  Yadanar Theingi Co., Ltd.
- **U Kyaung Yu Wan (Vice Chairman)**
  Great Ayeyarwaddy Co., Ltd.
- **U Yone Mu (Chairman)**
  Green Light Treasure Co., Ltd.
- **U Tin Oo (Managing Director)**
  Y.Y.T Int'l Co., Ltd.
- **U Thaw Zin (Managing Director)**
  YTT Co., Ltd.
- **U Ye Mint (Managing Director)**
  Punyoma International Co., Ltd.
- **U Thein Han (Chairman)**
  Myanmar Pipes & Accessories Co., Ltd. (Tokyo Pipe)
- **U Aung Thein (Managing Director)**
  Aung Thiha Co., Ltd.
- **U Soe Tint (Chairman)**
  Soe Electric & Machinery Co., Ltd.
- **U Aung Shwe (Chairman)**
  Fantasy World Co., Ltd.
- **U Kyaw Aung (Managing Director)**
  BENHUR Trading Co., Ltd.
- **U Kyi Soe (Managing Director)**
  Khit Thit Trading
- **U Maung Sein & Members**
  Six Winner Brothers Co., Ltd.



AIR KBZ

NAY PYI TAW → YANGON
YANGON → NAY PYI TAW

from USD 72$
* One Way
* All inclusive
* Terms & Conditions apply

နိုင်ငံ့ဝန်ထမ်းများအတွက် အထူးဈေးနှုန်း

from USD 33$
* One Way
* All inclusive
* Terms & Conditions apply

" နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လေယာဉ်လက်မှတ်ဝယ်ယူသည့်အခါတွင်
ဝန်ထမ်းကတ်မိတ္တူ (၁)စောင်နှင့်အတူ ဝန်ထမ်းကတ်မူရင်းအားပြသ၍ဖြင့်
AIR KBZ ရန်ကုန်ရုံးချုပ်၊ နေပြည်တော်ရုံးခွဲ အကြားမြို့များရှိ
လက်မှတ်အရောင်းဌာနများတွင် လေယာဉ်လက်မှတ်များအား
အထူးဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည် "



Daily Flight

| FLIGHT NO. | SECTOR | DEPERATURE | ARRIVAL |
|---|---|---|---|
| K7 234 | Yangon - Nay Pyi Taw | 07:00 | 08:00 |
| K7 235 | Nay Pyi Taw - Yangon | 08:15 | 09:15 |
| K7 236 | Yangon - Nay Pyi Taw | 16:45 | 17:45 |
| K7 237 | Nay Pyi Taw - Yangon | 18:00 | 19:00 |

**Hotline: (01) 373766, (09) 5280445, (09) 73177805**
**Tickets Available at**
(1) 33-49, Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon
www.facebook.com/AIRKBZ
(2) Pa -184, Near Tha Pyay Gone Market, Ingine Street, Tha Pyay Gone Quarter
Nay Pyi Taw, Ph: (067) 432170, Mobile: (09) 977880320, (09) 73130196

We accept
VISA MasterCard
www.airkbz.com

ကြော်ငြာ

# WeChatကိုဒေါင်းလုပ်လုပ်ပြီးHuawei P8ကို အခမဲ့ရရှိရန်အခွင့်အလမ်းရှိပါသည်။

WeChat နဲ့ Huawei ပူးတွဲပြီး လက်ဆောင်များပေးနေပါပြီ။ (16.6.2015 မှ 31.7.2015) ထိ တစ်ရက်လျှင် P8 ဖုန်း (၂)လုံး မဲနှိုက်ပေးမှာဖြစ်ပြီး Bluetooth,Headsets,Speaker နှင့် အခြားသော ဆုလက်ဆောင်ပေါင်း ၅၀၀၀၀ ကျော်က သင့်ကိုစောင့်ကြိုနေပါတယ်။




## WeChat ကို ဘာလို့ သုံးရသလဲ

### အမြဲတမ်းအခမဲ့
နှစ်စဉ်ကြေးပေးစရာမလိုပါ။ တစ်သက်စာအခမဲ့ အသုံးပြုနိုင်သည်။

### Voice call နှင် Video call အခမဲ့ ခေါ် ဆိုနိုင်ခြင်း
တစ်ကမ္ဘာလုံးရှိ မည်သည့်နေရာကိုမဆို ကြည်လင်ပြတ်သားသောအသံဖြင့် အခမဲ့ ဖုန်းခေါ် ဆိုနိုင်သည်။

### Group Chat
လူအယောက်တစ်ရာကျော်ဖြင့် Create လုပ်ကာအုပ်စုဖွဲ့၍ စကား ပြောနိုင်သည်။

### Multimedia Messaging
ဗွီဒီယိုဓာတ်ပုံနှင့် အသံ message များကို ပို့နိုင်သည်။

### Sticker Gallery
သင့်ရဲ့စိတ်ခံစားမှုကို ဖော်ပြနိုင်သည့် ပျော်ရွှင်စရာလှုပ်ရှားနေသော Sticker တစ်ထောင်ကျော်ကို အခမဲ့အသုံးပြုနိုင်သည်။ထို Sticker များတွင် သင်နှစ်သက်သော ရုပ်ရှင် နှင့် ကာတွန်းကားတို့မှ ဇာတ်ကောင်များပါဝင်သည်။

### Moments
သင်၏ အကောင်းဆုံးအချိန်လေးတွေကို ကိုယ်ပိုင်ဓာတ်ပုံတင်သည့် နေရာတွင် မျှဝေနိုင်သည်။

### သူငယ်ချင်းအသစ်များနှင့် တွေ့ဆုံနိုင်ခြင်း
"Friend Radar" , "People Nearby" & "Shake" Function တို့ကို အသုံးပြု၍ သူငယ်ချင်းအသစ်များကိုတွေ့ဆုံနိုင်သည်။

### အခြားအချက်များစွာ
WeChat ကိုကွန်ပျူတာဖြင့် အသုံးပြုနိုင်ခြင်း၊နောက်ခံဓာတ်ပုံများ ပြောင်းလဲနိုင်ခြင်း၊အသိပေးချက်ကို ချိန်ညှိနိုင်ခြင်း၊အဖွဲ့လိုက်အသုံးပြုနိုင်သော "Walkie -talkie" Function ထားရှိခြင်း၊တရားဝင်အကောင့်ရှိခြင်းတို့ဖြစ်သည်။

## WeChat [illegible]

1. WeChat ကို download လုပ်လိုက်ပါ။WeChat ကို download လုပ်လိုလျှင် http://www.wechat.com/mm ထဲမှ apk ဖိုင်လေးကိုရှာလိုက်ပါ။(သို့) Mobogenie,1Mobine,Apple's Store ထဲများတွင် ရှာနိုင်ပါသည်။
2. သင့်၏ ဖုန်းနံပါတ်ကို အသုံးပြုပြီး WeChat အကောင့်ကိုဖွင့်လိုက်ပါ။

## WeChat [illegible]

1. WeChat ကို ဖွင့်ပြီး WeChat အသင်း (WeChat ID: WeChat MM)
2. WeChat menu ထဲက "free P8" ကိုနှိပ်ပြီး Lucky Draw စာမျက်နှာထဲသို့ဝင်ပါ။
3. အကယ်၍ ကံစမ်းမဲပေါက်လျှင် မြို့တွင်းရှိ Huawei ဖုန်းဆိုင်များသို့သွားရောက်ပြီး ဝန်ထမ်းများ၏ အကူအညီကို တောင်းပြီး ဆုမဲများကို ထုတ်ယူလိုက်ပါ။

[illegible]



# မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုနှင့် သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်လျက်ရှိ

သတင်း စာမျက်နှာ - ၈

## မြန်မာအမျိုးသမီးများ လေးစားမြတ်နိုးတန်ဖိုးထားကြသည့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် ဖျော်ဖြေပွဲ

ရန်ကုန် ဇွန် ၂၆

၂၀၁၅ခုနှစ် ဇူလိုင် ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူးပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သည့် သုံးရာသီအလှသဘာဝ၊ ခေတ်အလှနှင့် ယနေ့အလှ၊ သံစဉ်ဖလှယ်ကြ ဂီတညီအစ်မ၊ အကယ်ဒမီရွှေပန်းချီအငြိမ့် စသည့် အစီအစဉ်ပေါင်းစုံလင်စွာဖြင့် ကျင်းပသည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် ဖျော်ဖြေပွဲကြီးအား ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ စည်ကားစွာ ကျင်းပခဲ့သည်။ **(ယာပုံ)**

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ❑



## ယနေ့ မာတိကာ

ပွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၂၊ ၆၃၊ ၆၄ စာမျက်နှာ - ၆

နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်များ လက်မှတ်ရေးထိုးပွဲကျင်းပ စာမျက်နှာ - ၇

အိုဘားမားနှင့် ပူတင် ဖုန်းဆက်ဆွေးနွေး စာမျက်နှာ - ၁၂

## တောင်ကုတ်မြို့နယ်၌ မိုးသည်းထန်၍ ရေကြီးမှုဖြစ်ပေါ်

**တောင်ကုတ် ဇွန် ၂၆** ။ ။ ဇွန် ၂၄ ရက်မှစ၍ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် တောင်ကုတ်ချောင်းမှ တောင်ကျချောင်းရေများ မြို့ပေါ်လေးရပ်ကွက်အတွင်း အဆက်မပြတ်စီးဝင်လာမှုကြောင့် ဇွန် ၂၆ ရက် နံနက်ပိုင်းမှစ၍ အိမ်အချို့နှင့် မြို့တွင်းလမ်းမကြီးများ၌ ရေ သုံးပေကျော်ခန့် နစ်မြုပ်လျက်ရှိရာ ဈေး၊ ကျောင်းများနှင့် ရုံးဌာနအချို့ပိတ်ထားရပြီး ပတ်ဝန်းကျင်ကျေးရွာအချို့လည်း ရေကြီးနစ်မြုပ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

## ထားဝယ်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွား

ထားဝယ် ဇွန် ၂၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်း၌ ဇွန် ၂၄ ရက် ညနေ ၅ နာရီမှ ဇွန် ၂၅ ရက် နံနက် ၉ နာရီအထိ မိုးသည်းထန်စွာရွာသွန်း မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ရေကြီးရေလျှံမှုများဖြစ်ပွားရာနေရာများတွင် ခရီးသွားပြည်သူများအား သွားလာမှုအဆင်ပြေနိုင်ရန်အတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တိုင်းတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၈)စစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်မှ တပ်ရင်း၊ တပ်ဖွဲ့စစ်သည်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ တာဝန်ရှိသူများက ရေပြင်ဖြတ်ကူးရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ရေကြီးရေလျှံမှုများဖြစ်ပွားရာနေရာများမှာ ထားဝယ်-မေတ္တာသွားကားလမ်း၊ ကသန်းကျေးရွာနှင့် တောင်ပို့ကျေးရွာအကြား၊ သဗျာကျေးရွာနှင့် မဲချောင်းကျေးရွာအကြား၊ မဲချောင်းကျေးရွာနှင့် ပကာရီကျေးရွာအကြား၊ ပကာရီကျေးရွာနှင့် ပကာရီရဲစခန်းအကြား၊ ထားဝယ်-မေတ္တာသွားကားလမ်း၊ ကျောက်ရပ်ကျေးရွာနှင့် ပကာရီကျေးရွာအလယ်မိုင်တိုင်အမှတ် (၁၀/၁)နှင့် (၁၀/၂)မိုင်၊ ထားဝယ်-မြိတ်သွားကားလမ်း၊ ကျောက်ရပ်ကျေးရွာနှင့် ပေါက်တိုင်းကျေးရွာအကြား၊ ထားဝယ်-ရေးသွားကားလမ်း၊ မောင်မယ်ရှောင်ကျေးရွာနှင့် နည်းပညာတက္ကသိုလ်အကြား၊ ထားဝယ်မြို့-ဘုမွှော်ရပ်၊ အထက(၂) ကျောင်းဝင်းအတွင်းနှင့် မြစပယ်လမ်း၊ ထားဝယ်မြို့-မြောက်ရွာရပ် ထားဝယ်မြို့မရဲစခန်းဝင်းအတွင်းတို့ဖြစ်ကြောင်း သိရသည်။

ထားဝယ်-မေတ္တာလမ်းတစ်လျှောက်တွင်မော်တော်ယာဉ်၊ ဆိုင်ကယ်များ သွားလာ၍မရသော ခရီးသည်များကို **စာမျက်နှာ ၇ ကော်လံ ၅ သို့** ❖






themirror.npt@gmail.com
www.facebook.com/themirrordaily